BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းလွှာ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် * ခရစ်နှစ် ၂၀၀၁ ခုနှစ် | အမှတ် (၂၆)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသည့် (၁၀)နှစ်ပြည့်မြောက်ခြင်းနှင့် နိုဘယ်(လ်)ဆုချီးမြှင့်ခြင်း အနှစ်(၁၀၀)ပြည့် ဂုဏ်ပြုပွဲအခမ်းအနားများ ကမ္ဘာတစ်ဝှမ်းလုံး၌ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့တွင် ခြိမ့်ခြိမ့်သဲသဲကျင်းပ



နိုဘယ်လ်ငြိမ်းချမ်းရေးဆုတံဆိပ်ပုံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုချီးမြှင့်ခံရသည့် (၁၀)နှစ်ပြည့်မြောက်ခြင်းနှင့်နိုဘယ်(လ်)ဆုချီးမြှင့်ခြင်းအနှစ်(၁၀၀)ပြည့်ဂုဏ်ပြုပွဲအခမ်းအနားများကို နော်ဝေနိုင်ငံ အော်စလိုမြို့၌ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ(၈)ရက်နေ့တွင် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ကြကြောင်း Radio Free Asia နှင့် Voice of Burma တို့မှ ဒီဇင်ဘာလ (၉)ရက်နေ့က ထုတ်လွှင့်သွားခဲ့သည်။

အဆိုပါအခမ်းအနားသို့ နေအိမ်၌ အကျယ်ချုပ်အချခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်မှတပါး ယနေ့တိုင်သက်ရှိထင်ရှားရှိနေကြသေးသည့် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုရှင်များဖြစ်ကြသော တောင်အာဖရိကနိုင်ငံမှ ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စမွန်တူးတူး၊ အရှေ့တီမောနိုင်ငံမှ ဟိုဆေးရာမို့(စ်)ဟော်တာ အပါအဝင်နိုဘယ်(လ်)ဆုရှင်(၃၀)ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းများရရှိသည်။

"ကျနော်တို့သိပါတယ် အောင်ဆန်းစုကြည်၊ ခင်ဗျားဟာ အောင်မြင်တဲ့ဘက်ရောက်နေပြီဆိုတာသိပါတယ်။ မြန်မာအစိုးရကို ကျနော်တို့ပြောချင်တာက 'အောင်မြင်နေတဲ့ဘက်ကို ပူးပေါင်းလိုက်စမ်းပါ' ဆိုတာပါဘဲ"ဟု တောင်အာဖရိကနိုင်ငံမှ ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စမွန်တူးတူးက ၂၀၀၁ ခုနှစ်ဒီဇင်ဘာလ (၈)ရက်နေ့တွင်ကျင်းပသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုချီးမြှင့်ခံရသည့် (၁၀)နှစ်ပြည့်မြောက်ခြင်း အခမ်းအနား၌ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနအဆိုအရ သိရှိရသည်။

တိဘက်နိုင်ငံမှ တိဗက်ဗုဒ္ဓဘာသာရေးခေါင်းဆောင် ဒလိုင်းလာမား၊ ပိုလန်သမ္မတဟောင်း လက်(ခ်)ဝါလေးဆာ၊ ဂွာတီမာလာနိုင်ငံမှ လူ့အခွင့်အရေးသမားခေါင်းဆောင် ရိုဂိုဘာတာမန်းချူး စသည့်နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုရှင်များအပါအဝင် အခြားနိုဘယ်(လ်)ဆုရှင် (၃၀)ဦးခန့်ကလည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ စစ်အုပ်စုအကြား စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးတို့အတွက် လက်မှတ်များရေးထိုးပြီး နအဖစစ်အုပ်စုထံသို့စာတစောင် ရေးသားပေးပို့ခဲ့ကြောင်း နော်ဝေနိုင်ငံ အော်စလိုမြို့မှလာသော သတင်းများအရသိရှိရသည်။

"လူသားဆန်မှုဟာတိုးတက်မှုရအောင် လုပ်ပေးနိုင်တယ်လို့ ကျမတို့နှစ်နှစ်ကာကာယုံကြည်ပါတယ်"ဟုအစချီသည့် ဒေါ်အောင်ဆန်းစုကြည်၏ဗီဒီယိုမှတ်တမ်းခွေကို ကြည့်ရှုရင်းနိုဘယ်(လ်)ဆုရှင်များအပါအဝင် တက်ရောက်လာကြသည့် ဧည့်ပရိတ်သတ်များက ကောင်းချီးသြဘာပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနအဆိုအရ သိရှိရသည်။ အုပ်ချုပ်မှုညံ့ဖျင်းသောကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့ရသည့် အရှေ့တောင်အာရှနိုင်ငံတနိုင်ငံ၏ပြဿနာများကိုဖြေရှင်းရန်နှင့် မြန်မာ့ဒီမိုကရေစီတော်လှန်ရေးကြီးတွင် မြန်မာပြည်သူများနှင့် အတူပူးပေါင်းလက်တွဲကြရန် ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာ့ခေါင်းဆောင်ကြီးများသို့ တောင်းဆိုထားကြောင်းလည်း သတင်းများရရှိသည်။

အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေရှိ ဝါရှင်တန်ဒီစီမြို့တော်တွင်လည်း ဒီဇင်ဘာလ(၈)ရက်နေ့ နံနက်(၈)နာရီအချိန်၌ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း မက်ဒလင်းအောဘရိုက်၊ ဆီးနိတ်လွှတ်တော်အမတ်ဂျွန်မက်ကိန်း၊အမေရိကန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ သောမတ်(စ်)ဂျွန်မဟီး၊ AFL-CIO ခေါ် အမေရိကန်အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျွန်ဆွီနီ တို့ဦးဆောင်ကာ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုချီးမြှင့်ခံရသည့် (၁၀)နှစ်ပြည့်မြောက်ခြင်း အခမ်းအနားကျင်းပခဲ့ကြောင်း သတင်းများရရှိသည်။ အဆိုပါအခမ်းအနား၌ မက်ဒလင်းအောဘရိုက်က "နိုင်ငံအထီးကျန်ဖြစ်နေတာ၊ ကံဆိုးမိုးမှောင်ကျနေတာတွေအတွက် ရှင်တို့အပေါ်မှာဘဲတာဝန်ရှိတယ်လို့ မြန်မာနိုင်ငံရဲ့ စစ်ခေါင်းဆောင်တွေကို ကျမပြောချင်ပါတယ်"ဟုအစချီသည့်မိန့်ခွန်းတရပ် ပြောကြားခဲ့ကြောင်း ဝါရှင်တန်ဒီစီမှလာသော သတင်းများအရ သိရှိရသည်။

အမေရိကန်ပြည်ထောင်စုအနောက်ဘက်ကမ်းခြေ ဆန်ဖရန်စစ္စကိုမြို့တွင်လည်း ဒီဇင်ဘာလ(၈)ရက်နေ့ မွန်းတည့် (၁၂)နာရီအချိန်၌ ဆန်ဖရန်စစ္စကိုပင်လယ်ကွေ့ဒေသမြန်မာ

• • • • • • • • •

> "ကျမတို့ ၁၉၈၈ ခုနှစ်၊
> ဒီမိုကရေစီအရေးတော်ပုံကြီး
> စတင်ကတည်းက
> ပြောခဲ့တဲ့ကိစ္စ၊ ကျမတို့မှာ
> စည်းလုံးညီညွတ်မှုရှိရမယ်။
> ဖွဲ့ရှိရမယ်။
> စည်းကမ်းရှိရမယ်။အဲ့ဒီလိုဖွဲ့နဲ့
> သတ္တိနဲ့စည်းလုံးညီညွတ်မှုနဲ့လုပ်
> သွားမယ်ဆိုလို့ရှိရင်
> ကျမတို့လိုချင်တဲ့
> ပန်းတိုင်ကို ကျမတို့ မုချ
> မသွေရောက်မှာ
> ဖြစ်ပါတယ်။"
>
> **ဒေါ်အောင်ဆန်းစုကြည်**
> **၁၉၉၉ ခုနှစ်၊**
> **စက်တင်ဘာလ(၁၆)ရက်။**

• • • • • • • • •



ကျောင်းသားများအသင်း (ABFSF) နှင့် Free Burma Coalition အဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေး လမ်းလျှောက်ပွဲကြီး ကျင်းပပြုလုပ်ခဲ့ကြောင်းသတင်းများရရှိသည်။ အလားတူပင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၊ ဂျပန်နိုင်ငံ၊တိုကျိုမြို့တို့တွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသည့် (၁၀)နှစ် ပြည့်မြောက်ခြင်း အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းများရရှိသည်။

**မင်းဆိုးကို မိုးကြိုး ပစ်ပြီ**

## အယ်ဒီတာ့အာဘော်

# ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ကြ

ကမ္ဘာ့ကုလသမဂ္ဂကို ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်၊ အောက်တိုဘာ(၂၄)ရက်နေ့တွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးအစီအစဉ်များမှတဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှါ၊ နိုင်ငံပေါင်း(၅၁)နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည်။ ယနေ့အချိန်တွင် အဖွဲ့ဝင်(၁၈၉)နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့ပြင် ၁၉၉၀ ကျော်စနှစ်များအစ စစ်အေးကာလကုန်ဆုံးချိန်မှစ၍ နိုင်ငံတကာဖြစ်ပေါ်တိုးပွားမှုများတွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍသည် ပိုမို၍အရေးပါလာသည်ဟု သုတေသီတချို့က ဝိဂြိုလ်ပြုကြသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်သည်(၆)ကြိမ်တိုင်တိုင် မြန်မာပြည်သို့သွားရောက်၍ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့ တွေ့ဆုံဆွေးနွေးမှု အောင်မြင်စွာထမြောက်စေရေးအတွက် အထောက်အကူပြုပံ့ပိုးလျက်ရှိသည်။ ယုံကြည်မှုတည်ဆောက်ဆဲကာလဟု သတ်မှတ်လျက် အမျိုးသားရင်ကြားစေ့ရေးအစီအစဉ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေကြရသည်။ ထူးခြားတိုက်ဆိုင်စွာပင် (၂၀၀၁)ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်နေ့တွင် (၅၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်– ၁၁၉(င)အရ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကိုချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်များအနက် –

**“အပိုဒ်(၄)**

**ဥပဒေပြင်ပမှအမိန့်ချမှတ်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း၊ စီရင်ချက်ချခြင်း၊ အသက်ဆုံးရှုံးသွားစေရန် အားစိုက်ဆောင်ရွက်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာပြုမူဆက်ဆံခြင်း၊ ကလေးသူငယ်များအား အလုပ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ကြမ်းခိုင်းစေခြင်း၊ အတင်းအဓမ္မနေရာပြောင်းရွှေ့ပစ်ခြင်း၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်၊ လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားခွင့်များကို ပိတ်ပင်တားဆီးခြင်း စသည်ဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မြန်မာနိုင်ငံတွင်ဆက်လက်ဖြစ်ပေါ်နေသည့်အပေါ် ပြင်းပြင်းထန်ထန်ရှုံ့ချလိုက်သည်။**

**အပိုဒ်(၅)**

**မြန်မာအစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အကြား အပြန်အလှန်ယုံကြည်မှုရအောင် စတင်ကြိုးစားရခြင်းအပေါ်ကြိုဆိုလိုက်ပြီး သင့်တင့်လျောက်ပတ်သည့် ကာလအတိုင်းအတာတခုသို့ ရောက်သည့်အခါ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးလာနိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားလာစေရန် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆမိသည်။**

**အပိုဒ်(၆)**

**မြန်မာအစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးနေမှုများ နှောင့်နှေးနေမှုအပေါ်များစွာ အားမလိုအားမရဖြစ်မိသည်။ ထို့ကြောင့်ဒီမိုကရေစီစနစ်သို့ ဦးတည်သည့်လုပ်ငန်းစဉ်များ သေချာပေါက်ပေါ်ပေါက်လာစေရန်နှင့် အပြန်အလှန်ယုံကြည်မှု ပိုမိုတိုးတက်လာစေရန်တို့အတွက် ကြိုးစားကြရန် မြန်မာအစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အားတောင်းဆိုလိုက်သည်။”** ဟူ၍ဖော်ပြပါရှိသည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်များသည် လက်ရှိမြန်မာနိုင်ငံရေး အခြေအနေနှင့်ဆီလျော်ညီညွတ်သည့် အတွက်ကြိုဆိုလိုက်ပေသည်။ ထို့အပြင် ထိုဆုံးဖြတ်ချက်များကို ပြည့်ဝစွာအကောင်အထည်ဖော်ရေးအတွက် နိုင်ငံတကာမိသားစုမှ ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ပေသည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံနိုင်ငံရေး အကျဉ်းသားများ ပြန်လည်လွတ်ပေးခြင်း၊ နိုင်ငံရေးပါတီများ၏ တရားသဖြင့်သောလှုပ်ရှားပိုင်ခွင့်များကို ကန့်သတ်ခြင်းများအား ရုတ်သိမ်းပေးခြင်း၊ တနိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲခြင်းတို့ကို အမျိုးသားရင်ကြားစေ့ရေးအစီအစဉ်၏ အကြိုလုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည်ဖော်ပါမှ ရေရှည်တည်တံ့ခိုင်မြဲမည့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူလူထုတရပ်လုံး မျှော်လင့်တောင့်တနေသော စစ်မှန်သည့် ဒီမိုကရေစီအစိုးရတရပ်ပေါ်ထွန်းလာမည့်ပြင် စစ်မှန်သောအမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်းဖော်ပြအပ်ပေသည်။

---

# ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု (၅)

**၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် “လူငယ်ပညာပေးဟောပြောပွဲ”အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် “ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု” (Globalization) ဟောပြောချက် အပိုင်း (၅) ဖြစ်ပါသည်။**



**အတွင်းရေးမှူး ဦးလွင်**

> **Globalization ဟာ ရွေးချယ်ခဲ့တာ မဟုတ်သလို ရွေးချယ်စရာလဲ မဟုတ်ပါဘူး။ အမှန်တကယ်ပါဝင်ရမှာ ဖြစ်ပါတယ်။**

စက်ရုပ်က မိန်းကလေးတွေ ရှေ့ရောက်တာနဲ့ရပ်တယ်။ မိန်းကလေးတွေက လိုချင်တဲ့ စက်ပစ္စည်းကိုယူလိုက်တယ်။ ပြီးတော့အခန်းထဲဝင်သွားတယ်။ တခါ ဗန်းထဲကစက်ပစ္စည်းတွေ ထည့်ပြီးပြန်ထွက်လာတယ်။ ဒါ Conveyor Belt တမျိုးပေါ့၊ စက်ရုံမန်နေဂျာက ပြောတယ်။ ခင်ဗျား သူ့ကိုသေချာကြည့်ပါတဲ့။ ဒါနဲ့ အနားကိုတိုးတော့ စက်ရုပ်နဖူးမှာ စာပေါ်လာတယ်။ သူ့ကိုမထိနဲ့တဲ့ Don't touch me သူ့ကိုသွားထိလိုက်ရင် စီစဉ်ထားတာတွေ Programme တွေပျောက်သွားမယ်။ ဒါဆိုပစ္စည်းဆင်နေတဲ့အပိုင်းမှာ အနှောက်အယှက်ဖြစ်သွားမယ်။ ရုပ်နှစ်ခု သုံးခုလောက်ကို တာဝန်ခံတစ်ယောက်က Control လုပ်တယ်။ စက်ရုပ်တစ်ခုဟာ အလုပ်သမား(၂)ယောက် ထက်လုပ်နိုင်တယ်။ စက်ရုပ်ကခိုင်းတာလုပ်တယ်။ ပြန်မပြောဘူး၊ မကောင်းမဖြစ်ဘူး၊ ခွင့်မယူဘူး၊ သပိတ်မမှောက်ဘူးလို့စက်ရုံမှူးက ပြောတယ်။ သူတို့ စက်ရုပ်တွေသုံးနိုင်ပေမယ့် ပိုမသုံးပါဘူးတဲ့။ လူမှုရေးအရ မသင့်တော်လို့ပါတဲ့။

ထူးခြားတာလေးတခု ပြောပြချင်သေးတယ်။ လူ့အဖွဲ့အစည်းကို တိုးတက်အောင် ခေတ်မီအောင်လုပ်နိုင်တာ အမေရိကန်ကထိပ်ဆုံးကပဲ။ ၁၉၆၀ ခုနှစ်က ကျနော် ပင်ဆယ်ဗေးနီးယားပြည်နယ်ကို မော်တော်ကားနဲ့ ဖြတ်သွားတယ်။ ကားလမ်းဘေး ချောင်းလေးတခုမှာ ထူးဆန်းတဲ့မြင်ကွင်းတခုကို တွေ့ခဲ့ရတယ်။ သေချာကြည့်တော့ အမျိုးသမီးနှစ်ဦးကို တွေ့ရတယ်။ သိကြပါလိမ့်မယ်။ ကွေကာအုတ် ဗူးတံဆိပ်ထဲမှာပါလေ့ရှိတဲ့ ဦးထုတ်ဆောင်းထားတဲ့ အမျိုးသားကြီး တဦးနဲ့ အမျိုးသမီးနှစ်ဦးကို၊ အဲဒီကွေကာအုတ်ဗူးတံဆိပ်ထဲမှာပါလေ့ရှိတဲ့ ကွေကာအုတ် အမျိုးသမီးနှစ်ဦးဖြစ်နေတယ်။ ချောင်းလေးဘေးမှာ အဝတ်လျှော်နေကြတယ်။ အနားမှာကားမရှိဘူး။ မြင်းလှည်းတစီးတွေ့ရတယ်။ အဲဒါနဲ့ကားဆက်မောင်းလာပြီး ကော်ဖီဆိုင်တခုရောက်တော့ ဆိုင်ရှင်ကိုမေးကြည့်တယ် ဆိုင်ရှင်က သူတို့ကွေကာလူမျိုးတွေဟာ တပတ်ကိုတခါနှစ်ခါ ချောင်းထဲမှာအဝတ်လျှော်တယ်တဲ့။ အဝတ်လျှော်စက် (Washing Machine) မသုံးဘူး၊ ကားမစီးဘူး၊ မြင်းလှည်းပဲစီးတယ်တဲ့၊ ဟိုတလောက အမေရိကန်တယောက်နဲ့တွေ့လို့ မေးကြည့်တယ်။ အခုရောကွေကာတွေရှိသေးလားဆိုတော့ ရှိသေးတယ်တဲ့၊ ကမ္ဘာကြီး ဒီလောက်ပြောင်းလဲ တိုးတက်နေတဲ့အချိန်မှာ အဲဒါမျိုးတွေ ရှိပါသေးတယ်။

Transistor Circuit Microchip ကနေ Fibre Opticဆိုတာပေါ်လာပြန်တယ်။ သိပ်ပြီးတော့ ပြောင်းလဲတိုးတက်နေပြီ။ ဒီမိုကရေစီ မလုပ်လို့မဖြစ်တော့ဘူး။ မန်နေဂျာချုပ်ပဲဖြစ်ဖြစ်၊ ဦးဆောင်ညွှန်ကြားရေးမှူးပဲဖြစ်ဖြစ် တယောက်ထဲချုပ်ကိုင်ထားလို့ မရတော့ဘူး။ သက်ဆိုင်ရာလူတွေနဲ့စုပေါင်းပြီးတော့ ဆုံးဖြတ်လုပ်ကိုင်သွားရမယ့်ဆိုတဲ့ခေတ်ရောက်ပြီ။ လုပ်နည်းလုပ်ဟန်တွေ တမဟုတ်ချင်းပြောင်းလဲသွားပြီဆိုတာ သဘောပေါက်ဖို့လိုပါတယ်။ ပြောင်းလဲမှုက သိပ်မြန်နေတယ်။ ဒီကနေ (New York) နယူးယောက် မှာ Stock Share ဈေးနှုန်းတွေ ကျတယ်။ နောက်တနေ့ ဂျပန်မှာကျတယ်။ အခုဥရောပမှာကျတယ်။ နာရီပိုင်းနဲ့ အဆုံးအဖြတ်တွေပေးနေတယ်။ Stock Share ဈေးတွေနဲ့လိုက်ပြီး ငွေကြေးဈေးနှုန်းတွေပါ ကမောက်ကမဖြစ်တယ်။ လွန်ခဲ့တဲ့ငါးရက်လောက်က တဒေါ်လာကိုးထောင်လောက်ရှိတဲ့ အင်ဒိုနီးရှားရူပီးဟာ အခု တသောင်းတထောင်ဖြစ်သွားပြီ၊ အင်မတန်ခိုင်မာလှပါတယ်ဆိုတဲ့ စင်္ကာပူဒေါ်လာတောင် (၁.၃) ကနေ (၁.၆)၊ (၁.၇)ဖြစ်သွားတယ်။ ချက်ချင်းလျင်မြန်စွာ ဆက်နွယ်ပြောင်းလဲနေတယ်။

အဲဒီလိုပဲ Telephone ဆိုတာလည်း အများကြီးပြောင်းလဲတိုးတက်လာတယ်။ ဆက်သွယ်ရလွယ်ကူပြီး ငွေကုန်ကြေးကျသက်သာတယ်။ အရင်က လန်ဒန်ကနေ နယူးယောက် ကို တယ်လီဖုန်းတခါဆက်ရင် ဒေါ်လာ (၃၀၀) လောက်ကျတယ်။ ဒီကနေ့တပြားမှမကျဘူး။ E-mail, Internet, Website နဲ့တွဲပြီး Typeရိုက်လိုက်ရင် ဟိုဘက်ကိုယ်လိုချင်တဲ့နေရာ ချက်ချင်းရောက်တယ်။ ကိုယ့်အိမ်မှာကွန်ပြူတာ တလုံးပဲလိုတယ်။ ချိတ်တွဲထားလိုက်ရင်ပြီးပြီ။ အမေရိကန်မှာ ဒီနေ့ဘာဖြစ်နေလဲဆိုတော့ ကလေးတွေဟာ အိမ်စာတွေမလုပ်တော့ဘဲ E-mail, Internet တို့ Websiteတို့နဲ့အလုပ်ဖြစ်နေတယ်။ တိုးတက်လာတာနဲ့အမျှ အကျိုးကျေးဇူးအပြင် အန္တရာယ်တွေလည်းရှိလာတယ်။ ကျနော်တို့တော့ အဲဒီအခြေအနေ မရောက်သေးဘူး။ သို့သော်လည်း ပြောင်းလဲတဲ့ဖြစ်စဉ်တွေမှာ ဆိုးကျိုး၊ကောင်းကျိုးတွေ ရှိနေတယ်ဆိုတာ သိထားစေချင်လို့ဖြစ်တယ်။

Globalization ဟာ ရွေးချယ်ခဲ့တာ မဟုတ်သလို ရွေးချယ်စရာလဲ မဟုတ်ပါဘူး။ အမှန်တကယ်ပါဝင်ရမှာဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာ ဈေးကွက်ကြီးဟာအများနဲ့အတူ လျင်မြန်စွာကြီးထွားနိုင်တဲ့ ရွှေဈေးကွက်ပဲ ဖြစ်ပါတယ်။ အဲဒီလို ဈေးကွက်မျိုးကို မိမိတို့နိုင်တွေမှာတည်ထောင်ဖို့လိုအပ်ပါတယ်။ ယနေ့ နိုင်ငံတွေမှာ Golden Strait Jacket လို့ တင်စားခေါ်ထားတဲ့ လိုက်နာရန် အဓိကကျတဲ့ အချက် (၁၀) ချက်ရှိတယ်။

၁။ စီးပွားရေးတိုးတက်လာအောင် ပုဂ္ဂလိကကဏ္ဍကို အဓိကကျအောင် ဆောင်ရွက်ရန်။

၂။ ငွေဖောင်းပွမှုနှုန်းနှင့်ကုန်ဈေးနှုန်း နိမ့်ကျစေရန်အတွက် ထိန်းထားရန်။

၃။ ဗျူရိုကရေစီယန္တယားအရွယ်အစား ကျုံ့သွားအောင် ဆောင်ရွက်ရန်။

၄။ ရသုံးမှန်းခြေ ငွေစာရင်းညီမျှနေရန် (ပိုငွေမပြပါက ညီမျှအောင်ထိန်းထားရန်)။

၅။ သွင်းကုန်ခွန် လျှော့ချခြင်းမပြုရန်။

၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ခြင်းမပြုရန်။

၇။ ပို့ကုန်မြှင့်တင်ရန်။

၈။ ပြည်သူပိုင်လုပ်ငန်းများ ပုဂ္ဂလိကသို့လွှဲရန်။

၉။ အစိုးရ၏အရှုံးခံလုပ်ငန်းများ၊ လာဘ်စားမှုများပပျောက်အောင် ဆောင်ရွက်ရန်။

၁၀။ ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းများ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပြုရန်တို့ဖြစ်ပါတယ်။

Golden strait jacket ဟာ ဘာနဲ့တူသလဲဆိုတော့ အဝတ်စလေး(၁၀)စ၊အဝတ်ပိုင်းလေးတွေ(၁၀)ပိုင်းကို စနစ်တကျချုပ်လိုက်တဲ့အခါ အင်္ကျီတထည်ဖြစ်လာတယ်။ အဲဒီအင်္ကျီကိုဝတ်ထားတော့ လုံခြုံတဲ့သဘောဖြစ်ပါတယ်။ Golden SSS Strait jacket ဝတ်ထားမှသာလျှင် Electronic Herds တွေက ကြိုက်ပါတယ်။ ဒီမိုကရေစီအစိုးရတွေဟာ (၂)နှစ်တကြိမ်၊ (၄)နှစ်တကြိမ် မဲပေးကြပေမယ့် Electronic Herds တွေက နေ့စဉ်နေ့တိုင်း၊ နာရီတိုင်း၊ မိနစ်တိုင်း မဲပေးကြတဲ့သဘောရှိတယ်။ ဒါကြောင့် Electronic Herds တွေကရှင်းလင်းတာကိုကြိုက်တယ်။ သူတို့ကို ထိန်းချုပ်ထားလို့၊ ဖွက်ထားလို့မရဘူး။ သူတို့ကိုပိတ်ပင်တားဆီးလို့မရဘူး။ သူတို့ဟာ အားလုံးကို သိမြင်နေတယ်။ သူတို့ကို ချော့လို့ငေါက်လို့မရဘူး။ ဒါကြောင့် အင်မတန်ကြောက်စရာကောင်းတဲ့ နွားအုပ်ကြီးလို့ တင်စားပြောခဲ့တာ။ ဒါကြောင့် Electronic Herds တွေကိုအထင်သေးလို့မရဘူး။ အလွန်ကြောက်စရာကောင်းတယ်။ ဘာနဲ့တူသလဲဆိုရင် ကျွန်တော်တို့ Voltage ဓါတ်အားအင်မတန်မြင့်တဲ့ Wire ဝါယာကြိုးတွေ သွယ်တန်းထားတဲ့ နေရာဌာနတခုနဲ့ တူတယ်။

***ဆက်လက်ဖော်ပြပါမည်***

Burma Independent News Agency

**မြန်မာနိုင်ငံ**
**လွတ်လပ်သည့်သတင်းအေဂျင်စီမှ**
**ထုတ်ဝေဖြန့်ချိသည်။**

**အယ်ဒီတာ**
**ခင်လွန်း၊ မောင်ဖေသက်နိုး**

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

# စစ်အကျဉ်းထောင်အတွင်းနိုင်ငံရေးအကျဉ်းသား(၃၀)ဦး ရောဂါဝေဒနာများ ဆိုးဝါးစွာခံစားနေရ

မြန်မာနိုင်ငံအသီးသီးရှိ စစ်အကျဉ်းထောင်များတွင် အကျဉ်းချခြင်းခံနေရသော နိုင်ငံရေးအကျဉ်းသား (၃၀)ဦးတို့သည် ရောဂါဝေဒနာများ ပြင်းထန်စွာခံစားနေရသဖြင့်ဆေးဝါးကုသမှုကောင်းမွန်စွာခံယူရန် လိုအပ်နေကြောင်း RFA သတင်းဌာနက ဒီဇင်ဘာ(၄)ရက်နေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါသတင်းဌာနက အောက်တိုဘာ (၂၀)ရက်နေ့စွဲနှင့်အင်တာနက်တွင် ပါရှိလာသည့် စာရင်းများကိုကိုးကား၍ ဖော်ပြခဲ့ရာတွင် ထောင်ဒဏ်နှစ်(၂၀)ကျခံခဲ့ရသူ NLD အတွင်းရေးမှူး နာမည်ကျော်သတင်းစာဆရာကြီး ဦးဝင်းတင်သည် အသက် (၇၂)နှစ်တွင် နှလုံးရောဂါ၊ အရိုးကျီးပေါင်းတက်ရောဂါ၊ ဆီးရောဂါတို့အပြင် အူကျရောဂါပါခံစားနေခဲ့ရသည်မှာအချိန်ကြာမြင့်ပြီဖြစ်ကြောင်း၊ ၁၉၇၃ ခုနှစ်



ဦးစိန်လှဦး

မှစ၍ ဖမ်းဆီးခြင်းခံခဲ့ရသူ KNUမှဖဒိုသန်းလှမှာ ထောင်ထဲ၌ ၁၈ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ရာ အဆုတ်ရောဂါခံစားနေရကြောင်း၊၁၉၈၉ ခုနှစ် နိုဝင်ဘာလမှစ၍ ဖမ်းဆီးခြင်းခံခဲ့ရသူ မန္တလေးအကျဉ်းထောင်ရှိ ဒေါက်တာဇော်မင်းနှင့် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ နည်းပြဆရာ ဦးငွေးသိန်းတို့နှစ်ဦးမှာ စိတ်ရောဂါခံစားနေရကြောင်း၊ တချိန်က တကသ ခေါင်းဆောင်များဖြစ်ခဲ့ကြသည့် ဗဟိုတရားရုံးရှေ့နေကြီး ဦးမောင်မောင်ကျော်မှာ နှလုံးရောဂါခံစားနေရပြီး ဗဟိုတရားရှေ့နေကြီးဖြစ်သူ ဦးတင်အေးမှာ အရိုးကျီးပေါင်းတက်ရောဂါကြောင့် ဒုက္ခသည်ဘဝနှင့် အင်းစိန်ထောင်အတွင်းစခန်းသွားနေရကြောင်း၊၎င်းတို့နှစ်ဦးမှာ အသက်(၇၀)နှစ်အရွယ်များဖြစ်ကြောင်းသိရသည်။



ဒေါက်တာဇော်မင်း

၎င်းအပြင် အသက်(၇၀)နှစ် အရွယ် ဒီမိုကရေစီပါတီဉက္ကဋ္ဌ ဦးသုဝေမှာ ဆီးရောဂါနှင့်ထိုပါတီမှခေါင်းဆောင်တဦးဖြစ်သူဦးထွေးမြင့်မှာ နှလုံးရောဂါခံစားနေရကြောင်း၊ ယခင်ဗကသ ခေါင်းဆောင်တဦးဖြစ်သူ ဦးလှရွှေသည်ယခင်ကလည်း သုံးကြိမ်ကြိမ်တိုင်တိုင်နှစ်ရှည်လများ ဖမ်းဆီးခံခဲ့ရသူဖြစ်ကြောင်း၊ မွန်အမျိုးသားဒီမိုကရေစီတပ်ဦးမှလွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ဒေါက်တာမင်းစိုးလင်းသည် မျက်စိကွယ်လုနီးပါးဖြစ်နေပြီး ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူး တိုင်းရင်းသားသုံးပါတီတို့၏ ကိုယ်စားလှယ်



ဦးအေးသာအောင်

ရခိုင်အမျိုးသားခေါင်းဆောင် ဦးအေးသာအောင်မှာ နှလုံးရောဂါနှင့် သွေးတိုးရောဂါတို့ခံစားနေရကြောင်းသိရှိရသည်။

ထို့အတူ ထောင်ဒဏ် (၇) နှစ်ကျခံနေရသည့် NLD လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသန်းငြိမ်းသည် သည်းခြေနှင့်အသည်းရောဂါ၊ သာယာဝတီထောင်အတွင်းရှိ အသက်(၇၃)နှစ်အရွယ် ဦးအုန်းမောင်သည် နှလုံးရောဂါ၊ မြစ်ကြီးနားထောင်အတွင်းရှိ ဗိုလ်တထောင်သတင်းစာအယ်ဒီတာ ဦးစိန်လှဦး အသက်(၆၄)နှစ်သည်အူကျရောဂါနှင့် အဆစ်အမြစ်ကိုက်ရောဂါ၊ အင်းစိန်ထောင်အတွင်းရှိ မင်းဘူးဦးစိုးမြင့်တို့မှာ နှလုံးရောဂါများအသီးသီးခံစားနေရကြောင်းသိရသည်။

ထို့အတူအမျိုးသမီးနိုင်ငံရေးအကျဉ်းသား



ဦးငွေးသိန်း

များထဲတွင် မရမ်းကုန်းမြို့နယ်မှ ဒေါက်တာမေဝင်းမြင့်မှာ အင်းစိန်ထောင်တွင် နှလုံးရောဂါခံစားနေရပြီး မြောင်းမြထောင်တွင် ထောင်ဒဏ် ၂၁ နှစ်ကျခံနေရသူ NLD ရန်ကုန်တိုင်း အမျိုးသမီးခေါင်းဆောင် ဒေါ်အေးမြင့်သန်းသည် နှလုံးရောဂါနှင့် သွက်ချာပါဒလေဖြတ်ရောဂါ စွဲကပ်ခံစားနေရကြောင်း အင်းစိန်ထောင်တွင်ထောင်ဒဏ်(၇)နှစ်ကျခံနေရသည့် ကျောင်းသူမမိုးကလျာဦးမှာ ယယ်ယယ်ရွယ်ရွယ်နှင့်နှလုံးရောဂါခံစားနေရပြီကြောင်း၊ မမိုးကလျာဦး သည် ဝန်ကြီးချုပ်ဟောင်းဦးနု စျပနာတွင် ဒီမိုကရေစီကြွေးကြော်သံတိုင်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရသည့် ကျောင်းသားများထဲမှ တဦးဖြစ်ကြောင်း၊ အဆိုပါအင်တာနက်စာရင်းက ဖော်ပြထားခဲ့သည်ဟု RFA သတင်းများအရသိရှိရပြီး အမည်မဖော်လိုသူ စာရင်းပြုစုသူက ယခုစာရင်းမှာ မပြည့်စုံနိုင်ကြောင်း အောက်ခြေတွင် ဝန်ခံဖော်ပြထားသည်ဟု သိရှိရသည်။ ■

# တက္ကသိုလ်ကောလိပ်များပိတ်ထားသည့် နအဖ ရေရှည်ပညာရေးစီမံကိန်းရေးဆွဲ

မြန်မာနိုင်ငံတွင် အခြေခံပညာရေး တိုးတက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့် နှစ်(၃၀)အခြေခံပညာရေးတိုးတက်မှု ရေရှည်စီမံကိန်းတရပ်ကို နအဖစစ်အုပ်စုက ရေးဆွဲထားခဲ့ကြောင်းဖြင့် Xinhua သတင်းကိုကိုးကား၍ RFAသတင်းဌာနက ဒီဇင်ဘာ (၆)ရက်နေ့တွင် ထုတ်လွှင့်သွားခဲ့သည်။

အသိဉာဏ်ကိုအခြေခံသည့် ယနေ့ခေတ်၏ အကဲစမ်းမှုများကိုအမီလိုက်နိုင်ရေးအတွက် မြန်မာပညာတတ်များ မွေးထုတ်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်နှင့် ၅ နှစ်စီမံကိန်း ၆ ခုကို နအဖ ဝန်ကြီးဌာနကရေးဆွဲအကောင်အထည်ဖော်နေပြီဖြစ်ကြောင်း အဆိုပါသတင်း၌ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏အခြေခံပညာရေးမှာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့ပါဝင်ကြောင်း သတင်း၌ဖော်ပြထားပြီးကျောင်းနေအရွယ်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် အခြေခံပညာရေးကိုသင်ယူနေကြောင်းလည်း ဖော်ပြပါရှိသည်။

ထိုသတင်း၌ ဆက်လက်ဖော်ပြထားရာတွင်မြန်မာနိုင်ငံတွင် နအဖစစ်အုပ်စု၏သက်တမ်းအတွင်း အခြေခံပညာကျောင်း ပေါင်း ၆၀၀၀ ကျော်၊တက္ကသိုလ်ကောလိပ် ၁၀၀ ကျော်ဖွင့်လှစ်နိုင်ခဲ့သည်ဟု ထည့်သွင်းဖော်ပြထားသည်။

သို့ရာတွင် ၁၉၉၅ခုနှစ်က ထုတ်ပြန်သည့် UNICEF အဖွဲ့ကြီး၏ အစီရင်ခံစာထဲတွင် ကျောင်းနေအရွယ်ကလေးသူငယ် စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းသည် မူလတန်းပညာပင် သင်ခွင့်မရကြောင်း၊ ကျောင်းသားမိဘစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းသည်လည်း ၎င်းတို့၏ရင်သွေးများကို ကျောင်းထားရန်မတတ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

နအဖစစ်အုပ်စုအနေဖြင့် ယခုကဲ့သို့ ရေရှည်ပညာရေး စီမံကိန်းများ ရေးဆွဲထားကြောင်း သတင်းထုတ်လွှင့်နေသော်လည်း စစ်တပ်ပိုင်တက္ကသိုလ်များမှလွဲ၍ အခြားတက္ကသိုလ်ကောလိပ်များကို မကြာခဏ ပိတ်ထားခဲ့သည့်အတွက် ကျောင်းသားမိဘများနှင့် ကျောင်းသားလူငယ်များအနေဖြင့် ပညာရေးအခက်အခဲကြုံတွေ့နေရကြောင်း ထုတ်ဖော်ပြောဆိုနေကြသည်ဟု RFA သတင်းဌာန၏ ထုတ်လွှင့်ချက်တွင် ဖော်ပြထားသည်။

မြန်မာစစ်အုပ်စုလက်ထက်၊ ပညာရေးသည် ဗဟိုချုပ်ကိုင်သည့် ပညာရေးစနစ်သာဖြစ်ပြီး သင်ရိုးညွှန်းတမ်းများကလည်း နိုင်ငံရေးဝါဒဖြန့်ချိသည့် သင်ရိုးညွှန်းတမ်းများသာဖြစ်ကြောင်း မကြာမီက အင်္ဂလန်နိုင်ငံတွင် ပညာရေးပါရဂူဘွဲ့ရခဲ့သည့် ဒေါက်တာသိန်းလွင်က ထုတ်ဖော်ပြောဆိုခဲ့ပြီး၊ မြန်မာ့နိုင်ငံရေးလေ့လာသူများကလည်း မြန်မာနိုင်ငံအတွင်း တက္ကသိုလ်၊ ကောလိပ်များကို နေရာအနှံ့ ရွှေ့ပြောင်းဖွင့်လှစ်နေခြင်းသည် ကျောင်းသားများ၏ နိုင်ငံရေးလှုပ်ရှားမှုများ ဖြစ်ပေါ်လာမည်ကို စစ်အုပ်စုအနေဖြင့် စိုးရိမ်နေရသည့်အတွက်ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ထုတ်လွှင့်သွားခဲ့သည်။ ■

# မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှုများ အများအပြားပြုလုပ်ရန် လိုအပ်နေ

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုအများအပြားပြုလုပ်ရန် လိုအပ်ကြောင်းဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ နှစ်ပတ်လည်မှတ်တမ်းတွင် ဖော်ပြထားကြောင်း ဒီဇင်ဘာ (၂)ရက်နေ့တွင် DVB အသံလွှင့်ဌာနကထုတ်လွှင့်သွားခဲ့သည်။

ထိုမှတ်တမ်း၌ ဖော်ပြထားရာတွင်မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ငွေကြေးပိုမိုသုံးစွဲနိုင်ရန်လိုအပ်ကြောင်း ထောက်ပြထားပြီး စစ်အစိုးရကပြောနေသည့် နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၆% ရှိသည်ဆိုသည်မှာ လက်တွေ့မကျဘဲ ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုကိုပါ ထိခိုက်နိုင်ကြောင်း ဖော်ပြထားသည်။ မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း ၃၀% နီးပါးရှိကြောင်းဖြင့်လည်းအဆိုပါမှတ်တမ်း၌ ပါရှိသည်။

မကြာသေးမီနှစ်များအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ အထည်ချုပ်စက်ရုံ လုပ်ငန်းများ တိုးပွားလာခဲ့သော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပေါ်မှာသာ အခြေခံနေဆဲဖြစ်ကြောင်း၊ နိုင်ငံ၏ အခြေခံအဆောက်အအုံလုပ်ငန်းများ တိုးတက်လာစေရန် အကြီးအကျယ် ပြုပြင်ရဦးမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးသုံးစွဲနိုင်သည့်ဦးရေမှာ တနိုင်ငံလုံးတွင် ၁၅ရာခိုင်နှုန်းမျှသာရှိပြီး မြို့နေလူထု(၂၀၀)တွင် ဖုန်းတလုံးသာရှိကြောင်း၊ ကျေးလက်လူထုမှာဆိုလျှင် တရွာလုံး၌ ဖုန်းတလုံးပင်မရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ မှတ်တမ်း ၌ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိစစ်တပ်က ထိန်းချုပ်ထားသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင်လည်း အရှုံးပေါ်နေပြီး အစိုးရအသုံးစရိတ် ၇၅ % ခန့်ကို ထိုကိစ္စများအတွက်အသုံးပြုနေကြောင်း၊ မြန်မာစစ်အစိုးရသည် လူထုကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် မဖြစ်စလောက်သာ ငွေကြေးသုံးစွဲနေသည့်အတွက် ထိုနှုန်းထားသည် ကမ္ဘာ့အနည်းဆုံးစာရင်းတွင် ပါဝင်နေကြောင်းသိရှိရပြီး နောက်ဆုံးရလဒ်အနေဖြင့် နိုင်ငံအတွင်းပညာရေးစနစ်နှစ်မျိုး ထွက်ပေါ်လာခဲ့ကြောင်း၊ ချမ်းသာသည့်လူနည်းစုနှင့် စစ်အစိုးရခေါင်းဆောင်များ၏ သားသမီးများကသာ ခေတ်မီနည်းပညာများသင်ယူနိုင်ပြီး လူထုအများစုမှာ ပညာရေးချို့တဲ့လာကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ မှတ်တမ်းတွင် ဖော်ပြထားကြောင်းသတင်းရရှိသည်။ ■



# စက်ရုံပိုင်ရှင်နှင့်ဆက်ဆံရေးမပြေလည်သည့် မြန်မာအလုပ်သမားများ ထိုင်းရဲတို့၏နှိပ်စက်ခြင်းခံခဲ့ရ

မဲဆောက်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားငါးယောက်သည် သူတို့၏အလုပ်ရှင်နှင့် ဆက်ဆံရေးမပြေလည်သည့်အတွက်ကြောင့် ဒီဇင်ဘာလ(၁၃)ရက်နေ့က ထိုင်းရဲတို့၏ဖမ်းဆီးခြင်းကိုခံရပြီးနှိပ်စက်ခြင်းခံခဲ့ရကြောင်း ကိုယ်တွေ့ကြုံခဲ့ရသူ မြန်မာအလုပ်သမား ကိုမျိုးကပြန်လည်ပြောပြခဲ့သည်။

ဒီဇင်ဘာလ(၁၃)ရက်နေ့ နံနက်(၁၀)နာရီခွဲခန့်တွင် ကိုမျိုးနှင့်သူ့သူငယ်ချင်းလေးယောက်သည် လဘက်ရည်ဆိုင်မှအပြန် ၎င်းတို့အလုပ်လုပ်ကိုင်နေသည့်"နာဆာဝဲ့(တ်)"အထည်ချုပ်စက်ရုံရှေ့နားတွင် ထိုင်းရဲတို့၏ဖမ်းဆီးခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။ ကိုမျိုး၏အဆိုအရ ၎င်းတို့အားလုံး မဲဆောက်ရဲစခန်းထဲတွင် တညအိပ်ခဲ့ရကြောင်းသိရှိရသည်။

"လဘက်ရည်ဆိုင်ကအပြန်မှာ ဖြစ်တာ။ စက်ရုံကစက်တွေကိုဖျက်ဆီးသူတွေလို့ စွပ်စွဲပြီး ကျနော်တို့ကိုစထိုးတာဘဲ။ ကျနော်လဲကျသွားတော့ ခြေထောက်နဲ့ကန်ပြန်ရော။ နောက်ရဲစခန်းကိုခေါ်သွားပြီး တညဖမ်းထားလိုက်တာဘဲ။ နောက်နေ့မနက် မြဝတီကမ်းနားကိုသွန်ချရင်း နောက်တခါထပ်လာရင် ကျနော်တို့ကိုသတ်ပစ်မယ်လို့ပြောတယ်"ဟု ကိုမျိုးကပြန်လည်ပြောပြခဲ့သည်။

သူတို့ငါးယောက်ထဲမှ ကိုမျိုးနှင့် စန်းခက်တို့နှစ်ယောက်သည် ထိုင်းရဲတို့၏ နှိပ်စက်မှုကြောင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရသွားကြောင်းသိရှိရသည်။ ကိုမျိုးသည် နှုတ်ခမ်းကွဲသွားရုံသာမကဘဲ ညာဘက်လက်သည်လည်းကောင်းစွာမလှုပ်ရှားနိုင်ကြောင်း ပြန်လည်ပြောပြခဲ့သည်။ ကိုနိုင်၊ အောင်ဖြိုးနှင့်မင်းအောင်တို့ကိုလည်း မြန်မာဘက်ကမ်းသို့ပြန်ပို့ခဲ့ကြောင်း သိရသည်။ သူတို့ငါးယောက်လုံးသည် ဒီဇင်ဘာလ (၁၄)ရက်နေ့က မဲဆောက်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာအတိုက်အခံတော်လှန်ရေးအဖွဲ့တဖွဲ့ကကြည့်ရှုစောင့်ရှောက်ထားကြောင်း သတင်းများရရှိသည်။

"နာဆာဝဲ့(တ်)"အထည်ချုပ်စက်ရုံ တွင် အလုပ်သမား (၃၀၀)ခန့်ရှိပြီး ယောကျ်ားလေးအလုပ်သမားအရေအတွက်မှာ (၃၀)ကျော်ခန့်သာပါဝင်သည်။ အဆိုပါယောကျ်ားများသည် လုပ်ခလစာတိုးပေးရေးနှင့် လုပ်ငန်းခွင်သာယာရေးတို့အတွက် စက်ရုံမန်နေဂျာများအား တစိုက်မတ်မတ်တောင်းဆိုနေခဲ့သည်။

"အများစုက မိန်းကလေးတွေဘဲ။ သူတို့ရဲ့လစာနည်းတယ်ဆိုတာကို အလုပ်ရှင်တွေကို မပြောရဲကြဘူး။ အချိန်ပိုလုပ်ရပေမယ့် အလုပ်ရှင်တွေကလုပ်ခအပြည့် ပေးချင်ကြတာမဟုတ်ဘူး။ အခုဆိုရင် ကျနော်တို့လုပ်ခ မရတာနှစ်လတောင်ရှိနေပြီ။ လခပေးပါလို့တောင်းတော့ အလုပ်ရှင်က ရဲကိုဖုံးဆက်ပြီး ကျနော်တို့ကို ဖမ်းခိုင်း၊ ရိုက်ခိုင်းတော့တာဘဲ။ နောက်ပြီး ကျနော်တို့ရဲ့ အလုပ်သမားကဒ်တွေကိုလည်း အလုပ်ရှင်ကပဲသိမ်းထားတယ်။ မိတ္တူကိုပဲ ကျနော်တို့ကိုပေးထားတာ။ ရဲတွေ၊ လဝကတွေနဲ့တွေ့ရင် ကျနော်တို့ အဖမ်းခံရမှာဘဲ" ဟု ကိုမျိုးကပြန်လည်ရှင်းပြခဲ့သည်။

နိုင်ငံခြားသားအလုပ်သမားများ မှတ်ပုံတင်ခွင့်ပြုမည်ဟု ယခုနှစ်စက်တင်ဘာလ(၂၄)ရက်နေ့တွင် ထိုင်းအစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ အလုပ်သမားဥပဒေအရ လုံခြုံရေး၊ ကျန်းမာရေး၊ အလုပ်သမားအခွင့်အရေးများ ရရှိရမည်ဖြစ်သည်။ နောက်ဆုံးရရှိသည့် ကိန်းဂဏန်းများအရ အလုပ်သမား (၅)သိန်းကျော်မှတ်ပုံတင်ခဲ့ကြောင်းသိရှိရသည်။ စက်တင်ဘာလ(၁၃)ရက်နေ့က အဖမ်းခံခဲ့ရသော မြန်မာအလုပ်သမား (၅)ယောက်သည် အလုပ်သမားမှတ်ပုံတင်ကဒ်ရရှိပြီးသူများဖြစ်ကြောင်းလည်းသိရှိရသည်။

## ▶ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုဟာလေ မှအဆက်

ညည်းနေပါသည်။ ပဲဆီရနေသော်လည်း မအိပ်ချင်သေး၍ သူ့ဆီကိုသွားလိုက်ပါသည်။ သူက.... "ရော့....ငါတို့ ဒီဇင်ဘာလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး သီချင်း(၂)ပုဒ်စပ်ထားတယ်။ မင်းနားထောင်မလား။'ဟေး'ပေးမင်းစာရွက်။ စိုးကြီးသည် တယောသမားတယောက်ဖြစ်ရန် ပထမနှစ်ကတည်းက ကျိုးစားခဲ့သူပင်။ ဒုတိယနှစ်ကုန်သည်အထိ သူ့တယောသံကို ကျနော်တို့ ကကြွက်အော်သံဟုဝေဖန်ခဲ့ကြပါသည်။ တတိယနှစ်ရောက်တော့ သူ့ကိုတယောသမားတယောက်အဖြစ်လက်ခံလိုက်ရပါသည်။ "မာမီရယ်ရှာပေးကွယ်ရည်းစားလိုချင်တယ်" ဟူသော တက္ကသိုလ်ထွန်းနောင်၏ သီချင်းနှင့် ဂီတာခေတ်စမ်းထချိန်တွင် စိုးကြီး၏တယောသံစဉ်နွဲ့နွဲ့လေးနှင့်အဆိုမပါပဲထိုးတတ်သော...."ငါတို့ဗမာပြည်ဝယ် မိဘတိုင်းကကွယ် ဗိုလ်အောင်ဆန်းလိုသူရဲကောင်းတွေမွေးရမယ်" ကို ကျနော်တို့ ဒဂုံဆောင် သူငယ်ချင်းတွေက နားယဉ်နေကြပါသည်။ ဂီတာခေတ်တွင်ရှားရှားပါးပါးတယောနှင့်အမိလိုက်နေသူပင်။

....ငါခြေဆင်းဆိုမယ်နော်....။ ဒါက "ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှု" .... တဲ့။

နီ....ဝါ....စိမ်း ....တူတံဇင်....
သုံးရောင်ခြယ်တဲ့....သုံးရောင်ခြယ်....
သုံးရောင်ခြယ်.... အလံကြီးကိုလေ....
ကိုင်စွဲလို့....ချီတက်စိုဟေ.... သာသနာ....
အောင်လံ....ခွပ်ဒေါင်းနဲ့တွဲဖက်လို့ ....
နွဲ့ယှက်လို့....ချီတက်စို့ဟေ....နေဝင်း....
စန်းယု.... စစ်အစိုးရကို.... ဒို့မခံပေ....
တွန်းလှန်မလေ....တောနဲ့မြို့ပြ....နှစ်ဖက်ညှပ်ကာ
....အပြတ်တိုက်စို့ဟေ....ဟေ....ဟိုမှာကြည့်စမ်း
....နေဝင်းရဲ့ကြေးစားတပ်တွေ....ဒို့မမှုပေ....
ရင်ကော့လို့ ရှေ့သို့ချီမလေ.... ရင်ကော့လို့
ရှေ့သို့ချီမလေ။

ပြည်သူတွေ....ထောင်သောင်းက....
ဒို့များဘက်မှာရပ်တည်ကာနေ....ပစ်ရဲရင်
ပစ်စမ်းဟေ့....သေနတ်တချက်ဖောက်ရင် ....
မီးဟုန်းဟုန်းတောက်စေရမလေ....ညီစေ....
ချီမလေ....အို အဆွေ.... (တီးလုံး) ........
ဖက်ဆစ်ကောင်သား ငမိုက်ကို....တိုက်ထုတ်
လို့.... သုတ်သင်ပြီးရင်....ဘုံနိုင်ငံကို....
ဘုံနိုင်ငံကို.... ဒို့တတွေ ထူထောင်ရဦးမလေ။

"ဟာ မင်းဟာက ဒီမိုကရေစီမရသေးပဲ ဘုံနိုင်ငံကို ထူထောင်တော့မလား။"

"ဟား....ဟား....ဟား" ဗိုက်ကလေးရာ ဒီမိုကရေစီခေတ်ရောက်မှငါသီချင်းကိုလွတ်လွတ်လပ်လပ်ဆိုရမှာမို့ ကြိုတင်ရေးထားတာ။ ဒီမိုကရေစီခေတ်ကြမှ ပြည်သူတွေကိုယ်တိုင် ဆုံးဖြတ်ကြပါစေပေါ့။

"အေးပါ....အေးပါ။ မင်း ဖီလိုဆိုဖီကို ခဏထားပါဦး။ နောက်တပုဒ်ကရော...."

ရော့ ဒီအပုဒ်က "ဒီဇင်ဘာစိတ်ဓါတ်တဲ့"။

.... ဟေ .... ဟေ .... ဟေ ....
အဖိနှိပ်ခံရဲဘော်တွေ.... အဖိနှိပ်ခံကျောင်းသား
တွေ....ညီညာဖျဖျ သမဂ္ဂစိတ်ဓါတ်နဲ့သာလေ
....မရှိအတူ၊ ရှိအတူ....ဝေမျှစားကြမလေ....
(တိုက်ရဲတဲ့စိတ်ဓါတ်ကိုလေ....ဒို့မွေးမြူရမလေ....
အနိုင်ယူရဲတဲ့စိတ်ဓါတ်ကိုလေ....ဒို့မွေးမြူရမလေ)၂
........ (တီးလုံး)........

ပြည်တခွင်မှာ ငြိမ်းချမ်းညီညွတ်ဖို့ဟာ
လေ....ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုဟာ
လေ....ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုဟာလေ
....ပြည်တခွင်မှာ ငြိမ်းချမ်းညီညွတ်ဖို့ပါပေ
....ပြည်သူတွေထောင်သောင်းက....ဒို့များဘက်
မှာ ရပ်တည်ကာနေ....နီရဲသောသွေးခင်းလမ်း
ကို....ဒို့တတွေ....ဒို့တတွေလျှောက်လှမ်းကြစို့
ငါတို့တတွေ....

*　　*　　*

"အေး.... အမှတ်တရပဲ ကောင်းတယ်ကွာ။ ငါ့လဲသံစဉ်နည်းနည်းချပေးပါဦး....။ ဟောဟိုကောင် ရွှေဘ(ကိုသောင်းအေးတ/စိတ်ပညာ) တောင်နိုးလာပြီ။

ဟေ့ကောင်တွေ ငါလဲဆိုချင် တယ်ကွာ၊ ငါမှိန်းပြီး နားထောင်နေတာ။

ဆိုပါ.... ဆိုပါ.... တိုးတိုးနော်။ (၃)ယောက်သား ဈာန်ဝင်ပြီး အသံကျယ်သွားသည်။

အိပ်ပျော်နေကြသော ထောင်ကျအသစ်စက်စက်လေးတချို့ မျက်စေ့ပွင့်လာကြသည်။ မျက်စောင်းတချက်လည်းထိုးသွားကြသည်။ ပြီးတော့ ပြန်လှည့်မှိန်းသွားပြန်တော့သည်။

ခပ်တိုးတိုးကွာ.... ဟိုမှာဉာဏ်ကျယ် (စ/စိတ်ပညာ)ကြားလို့နိုးသွားရင် ဒို့ အဝေဖန်ခံနေရဦးမယ်။

မောင်မောင်တိတ်(ABSDF)
22 Nov 2001
12:14 AM

(၁၉၇၄ ခုနှစ် ဦးသန့်ဈာပန အရေးအခင်းနှင့်ပတ်သက်ပြီး တက်ကြွစွာလှုပ်ရှားခဲ့ကြသဖြင့် ထောင်အတူကျခံခဲ့ရသော ရဟန်းရှင်လူကျောင်းသားပြည်သူများအားသတိရလေးစားဂုဏ်ပြုလျက်....) ■

# တရုတ်သမ္မတကျန်ဇီမင်း မြန်မာနိုင်ငံသို့ တရားဝင်အလည်အပတ်လာရောက်ခြင်းအပေါ် ကြိုဆိုသည့်အနေဖြင့် မြန်မာစစ်အုပ်စုက ရာချီသည့်တရုတ်အကျဉ်းသားများကို လွှတ်ပေးလိုက်ခြင်း

၂၀၀၁ခုနှစ် ဒီဇင်ဘာလ(၁၂)ရက်နေ့မှ (၁၅)ရက်နေ့အထိ တရုတ်သမ္မတ ကျန်ဇီမင်းသည် မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးအလည်အပတ်သွားရောက်ခဲ့ကြောင်း သိရသည်။ သမ္မတကျန်ဇီမင်း မြန်မာနိုင်ငံသို့ မရောက်ရှိမီ ဒီဇင်ဘာလ(၉)ရက်နေ့က ရာနှင့်ချီသော တရုတ်အကျဉ်းသားများကို မြန်မာနိုင်ငံရှိအကျဉ်းထောင်(၈)ခုတို့မှ မြန်လွှတ်ပေးလိုက်ကြောင်း တရုတ်၊ မြန်မာ နယ်စပ်မှ လာသောသတင်းများအရ သိရှိရ သည်။

မိတ္ထီလာ၊ ကလေး၊ မြစ်ကြီးနား၊ ဗန်းမော်၊ ကသာ၊ လားရှိုး၊ တောင်ကြီးနှင့် ကျိုင်းတုံမြို့များရှိအကျဉ်းထောင်များမှ တရုတ်အကျဉ်းသားများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ၊ ပြစ်ဒဏ်လျှော့ပေါ့ပြီး ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ တရုတ်မြန်မာချစ်ကြည်ရေးတိုးမြှင့်ရန်ရည်ရွယ်ပြီး တရုတ်မြန်မာနယ်စပ်ဂိတ်(၃)ခုမှ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပြန်လွှတ်ပေးလိုက်သည့် တရုတ်အကျဉ်းသားများထဲမှအများစုသည် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာမှုနှင့် တရားစွဲဆိုခံထားရသူများဖြစ်ကြသည်။ အဆိုပါ အကျဉ်းသားများထဲတွင် ရာဇဝတ်ပြစ်မှုနှင့်တရားစွဲခံထားရသူမည်မျှပါဝင်သည်ကို ယနေ့အထိ ရှင်းရှင်းလင်းလင်းမသိရသေးပေ။ လွှတ်ပေးလိုက်သည့် အကျဉ်းသားများထဲတွင်အမျိုးသား (၂၀၂)ဦးနှင့် အမျိုးသမီး(၂၈)ဦးပါဝင်ကြောင်း Network Media Group သတင်းဌာနအဆိုအရ သိရှိရသည်။ တရုတ်သမ္မတကျန်ဇီမင်းတရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သော်လည်း နအဖစစ်အုပ်စုနှင့် မည်သည့်ကိစ္စရပ်များအကြောင်း ဆွေးနွေးခဲ့ကြသည်ကိုမူ အသေးစိတ်မသိရှိရသေးပေ။

# အာဏာလွှဲမပေးလိုသည့် နအဖ အပေါ်ကူညီထောက်ပံ့မှုများပေးရန် အချိန်မတန်သေး

ကမ္ဘာ့အသိုင်းအဝိုင်းအနေနှင့် နအဖစစ်အုပ်စုအပေါ် မည်သည့်ထောက်ပံ့မှုမျိုးမဆို ကူညီထောက်ပံ့ရန် အချိန်မတန်သေးကြောင်း ဗြိတိန်နိုင်ငံသားတဦးဖြစ်သူ ဂျိမ်းမော်စလေက ဟောင်ကောင်တွင် ပြောကြားသွားခဲ့သည်ဟု RFA သတင်းဌာန၏ ဒီဇင်ဘာ(၃)ရက်နေ့ အသံလွှင့်အစီအစဉ်တွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံအပေါ် နိုင်ငံတကာဖိအားပေးမှုများ လျှော့နည်းသွားပါက လူ့အခွင့်အရေးနှင့်နိုင်ငံရေးလွတ်လပ်ခွင့်များ တိုးတက်ကောင်းမွန်လာမည့်အရေးကို ထိခိုက်သွားနိုင်ကြောင်းဖြင့်၊ မြန်မာပြည်ဒီမိုကရေစီရရှိရန် တိုက်ပွဲဝင်နေသူ ဂျိမ်းမော်စလေက ဟောင်ကောင်ရှိနိုင်ငံခြားသတင်းထောက်အသင်းကြီးတွင် ယခုလိုပြောကြားသွားခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

၎င်းကပြောကြားခဲ့ရာတွင် မြန်မာလူမျိုးများသည် ဒီမိုကရေစီကိုလိုလားတောင့်တနေကြကြောင်း သို့သော် ပြည်သူများအနေဖြင့် နိုင်ငံခြားကုမ္ပဏီများ၏ပံ့ပိုးမှုနှင့် အားကောင်းနေသည့်စစ်အုပ်စုကို အင်အားမမျှမတနှင့်သာ တိုက်ပွဲဝင်နေကြရတာဖြစ်ကြောင်း မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ၏ရလဒ်အတိုင်း အနိုင်ရခဲ့သည့် NLD ပါတီကိုအာဏာလွှဲပြောင်းပေးမည်မဟုတ်ကြောင်း၊ ထို့ကြောင့်နိုင်ငံတကာ အသိုင်းအဝိုင်းကထိန်းချုပ်ပေးသွားရန် တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။

ဂျိမ်းမော်စလေကဆက်ပြောကြား ရာတွင် ယခုအခါ သြစတြေးလျနှင့် ဂျပန်နိုင်ငံတို့ကဲ့သို့၊ နအဖ စစ်အုပ်စုအပေါ် အချိန်မတန်သေးဘဲ လူမှုရေးအကူအညီများအပါအဝင် အခြားမည်သည့်ထောက်ပံ့မှုမျိုးမဆို ပေးကြလိမ့်မည်မဟုတ်ဟု မိမိမျှော်လင့်ပါကြောင်း အချိန်မတန်သေးဘဲပေးခဲ့ပါက နိုင်ငံခြားကုမ္ပဏီများက ပေါ်ထွက်လာသည့်ငွေများသည် အဂတိလိုက်စားမှုကြီးမားလှသည့် နအဖ စစ်ဗိုလ်ချုပ်ကြီးများ၏ အိတ်ထဲသို့သာရောက်သွားမည်ဖြစ်ကြောင်း ၎င်းကသတင်းထောက်များအား ပြောကြားသွားခဲ့သည်။

ဗြိတိန်နိုင်ငံသားတဦးဖြစ်သူ ဂျိမ်းမော်စလေသည် ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စစ်အုပ်စု၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ထောင်ဒဏ်(၁၇)နှစ်ချမှတ်ခံခဲ့ရကာ ယမန်နှစ် အောက်တိုဘာလကမှ ကျိုင်းတုံအကျဉ်းထောင်က ပြန်လည်လွှတ်မြောက်လာသူတဦးဖြစ်သည်။ ■



"ရဲဘော်တယောက်ရဲ့ ပြဿနာအခက်အခဲကို ကိုယ်တတ်နိုင်တဲ့ဘက်က ထိထိရောက်ရောက်တာဝန်ယူဖြေရှင်းတတ်သူ ဖြစ်ပါစေ။ ရဲဘော်အချင်းချင်း ချစ်ခင်ပါ၊ နွေးထွေးပါ။ ရဲဘော် ရဲဘက်စိတ်ဓါတ်... အမြဲတန်း ရှင်သန်တက်ကြွ နေပါစေ....။"

လေထီးဦးအုန်းမောင်
၁၅-၃-၂၀၀၀
(ကွယ်လွန်သူဒေါ်ကြည်ကြည်၏ အိမ်အပေါ်ထပ်တွင် မျိုးဆက်သစ်လူငယ်များကို မှာကြားခဲ့သောစကားမှ....)

# နှင်းဆီနီ မှတ်တမ်း

ထိန်လင်း

* ပွင့်ရန်အားခဲ
 ငုံဆဲခိုက်။

* ယုတ်မာသိမ်ဖျင်း
 လေပြင်းတိုက်။

* တပွင့်ဇာနည်
 ကြွေပြီတဲ့။

* ကျန်သည့်ပန်းတွေ
 ငုံနေရဲ့။ ။

မှတ်တမ်းစာအုပ်တွင် ကဗျာတိုကလေးတပုဒ်ချရေးပြီး "ပန်းမျိုးဆက်များ"ဟုအမည်ပေးလိုက်သည်။ သူ့အတွက် ဝမ်းနည်းမှတ်တမ်းရေးချိန်မှာသူမရှိတော့ပါ။ သူကားသူချစ်မြတ်နိုးသောလောကကြီးအားကျောခိုင်းစွန့်ခွာခဲ့လေပြီ။

* * * * ** * * * ** * * * *

တယောက်နှင့်တယောက် မိတ်ဆွေဖြစ်ကြသည်ဆိုခြင်း၌ နှစ်ဦးနှစ်ဖက် ရင်းနှီးမှုအပြန်အလှန်ရရှိပြီးဖြစ်ဖို့က အဓိကကျသည်။ သို့သော် သူနှင့်ကျနော်ကား ထိုသို့မဟုတ်၊ သူကကျနော့်ကိုမသိဘဲ ကျနော်ကသာ သူ့ကိုသိရှိသူဖြစ်နေသည်။ သူ့ကိုကျနော်သာမက ကျနော့်အပေါင်းအသင်းများကပါ မိတ်ဆွေ၊ ထို့ထက်ပို၍ နိုင်ငံရေးမိတ်ဆွေအဖြစ် နက်ရှိုင်းခိုင်မာစွာသတ်မှတ်ချိန်တွင် သူကကျနော်တို့နှင့် ဝေးကွာသော အရပ်တခုဆီသို့ ရောက်ရှိနေခဲ့သည်။ ကျနော်တို့သည် သူ့အားကြားဖူးနားဝဖြင့်ပုံဖော်ခဲ့ကြသည်။ အချို့က သူ၏ကျောင်းသားဘဝပုံရိပ်များအား စကားဖြင့်ပြသကြသည်၊ အချို့က သူ၏စိတ်ဓာတ်နှင့်ပတ်သက်သည့်အဖြစ်အပျက်များအား ဇာတ်အိမ်ဖွဲ့ခင်းကျင်းကြသည်။ တဖြည်းဖြည်းနှင့် သူ၏ပုံရိပ်များက ကျနော်တို့အတွေးအာရုံထဲဝယ် ရှင်သန်လာခဲ့သည်။ မမြင်တွေ့ဘူးသူတယောက်၏ စကားသံများကို မြင်ယောင်ကြားယောင်ရင်း သူနှင့်တွေ့ဆုံရမည့်အချိန်အခါတခုကို စောင့်ဆိုင်းခဲ့ကြသည်။

သူ့တွင် ကျနော်တို့လေးစားလောက်စရာအချက်များစွာရှိပေသည်။ ထိုအချက်ပေါင်းများစွာထဲမှ အဓိကအချက်မှာ စိတ်ဓာတ်ခိုင်မာမှုပင်ဖြစ်သည်။

"အမှန်နဲ့အမှားဆိုတာ အမြဲတမ်း ဒွန်တွဲနေတာပဲ။ အဲဒီမှာ အမှန်ဘက်ကလူနဲ့ အမှားဘက်ကလူဆိုပြီး ကွဲနိုင်တာပဲ။ ဘယ်လိုပဲကွဲကွဲ ဘယ်ဘက်မှာပဲနေနေ အမှန်ကိုတော့ သိရမှာပေါ့။ ပြီးတော့ တခါတလေမှာအမှန်တရားနှစ်ခုရဲ့အားပြိုင်မှုဆိုတာလည်းရှိတာပဲ။ လူတယောက်အနေနဲ့ ကိုယ်ဘယ်ဘက်မှာရပ်မလဲ။ တခုခုမှာရပ်ပြီဆိုရင်လည်း ခိုင်ခိုင်မာမာရပ်ဖို့လိုတယ်။ ဟိုလိုလိုဒီလိုလိုတော့ လုပ်တာမကြိုက်ဘူး" သူငယ်ချင်းတဦး၏စကားကို ကျနော်ပြန်စဉ်းစားမိသည်။ လူတယောက်အနေဖြင့် အမှားအမှန်ကိုဝေခွဲသုံးသပ်နိုင်ရမည်၊ ထို့နောက်ယုံကြည်ချက်နှင့် ရပ်တည်ချက်ရှိရမည်၊ ထိုရပ်တည်ချက်များကို ခိုင်မာစေရန်လည်း ကြိုးပမ်းရမည်။ ကျနော်ညွှန်းဆိုခဲ့သောသူ၌ ယင်းအရည်အသွေးများ ရှိလေသည်။ သူသည် ယုံကြည်ချက်များအတွက် ဒုက္ခဆင်းရဲအမျိုးမျိုးကို ခံစားခဲ့ရသည်။ သို့သော်လည်း သူကားနောက်မတွန့်ချေ။ သူသည် သူ၏နိုင်ငံရေးခံယူချက်ကို အသက်ပေးခဲ့ရသည်အထိ ဆုပ်ကိုင်သွားခဲ့သူလည်း ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရန်ကုန်တိုင်း စည်းလုံးရေး ကော်မတီဝင်အဖြစ် တာဝန်ယူလုပ်ဆောင်ရင်း ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခဲ့သည့်အခါ မဲဆန္ဒနယ်တခုတည်း၌ပင် အကိုအရင်းဖြစ်သူနှင့် ပြိုင်ဆိုင်အရွေးခံခဲ့သည်။ သူ့အကိုကား ထိုစဉ်က **NLD**၏ ဆန့်ကျင်ဘက်ဟု လူအများကသိရှိထားသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)ဘက်မှ ဝင်ရောက် အရွေးခံခဲ့ခြင်းဖြစ်သည်။ ဤအဖြစ်အပျက်များကပင် သူ၏ခံယူချက်ပြတ်သားမှုကို ထင်ထင်ရှားရှား ပြသလိုက်ခြင်းဖြစ်လေသည်။



ဦးတင်မောင်ဝင်း
(ခရမ်း)

**ထိုအသံ ထိုသတင်းသည် ကျနော်တို့ မကြားလိုသော သတင်းစကား ဖြစ်သော်လည်း ကျနော်တို့ ကြားလိုက်ရလေပြီ။ သို့သော် မယုံချင်သေး။ သူ့အားဖမ်းဆီးလိုက်သည်မှာ လပိုင်းမျှသာ ရှိသေးသည် မဟုတ်လား။**

* * * * ** * * * ** * * * *

"ဦးတင်မောင်ဝင်းဆုံးပြီတဲ့၊ ဒီနေ့သူ့အလောင်းကိုထုတ်ပေးမယ်လို့ပြောတယ်"

ထိုအသံ၊ ထိုသတင်းသည် ကျနော်တို့ မကြားလိုသော သတင်းစကားဖြစ်သော်လည်း ကျနော်တို့ကြားလိုက်ရလေပြီ။ သို့သော် မယုံချင်သေး။ သူ့အားဖမ်းဆီးလိုက်သည်မှာ လပိုင်းမျှသာရှိသေးသည် မဟုတ်လား။ ဤသည်မှာ ကျနော်မတွေ့ဖူးသူ တယောက်အား မျက်ဝါးထင်ထင်တွေ့မြင်ခွင့်ရတော့မည့် သဘောပေလော။ ဤအနေအထားဖြင့် တွေ့ခွင့်ကြုံရခြင်းကို ကျနော်မမျှော်လင့်လိုပါ။ သို့သော် ကျနော်တို့အနေဖြင့် ဘယ်အရာကိုများကာကွယ် တားဆီးနိုင်ပါသနည်း။ အရာရာလုံခြုံမှုကင်းမဲ့လှသည် မဟုတ်ပါလား။ မည်သို့ဖြစ်စေ မယုံဝံ့ဝံ့ ယုံဝံ့ဝံ့ ဖြစ်နေသော ကျနော်တို့စုံစမ်းဖို့ ကြိုးစားရပေတော့မည်။ ထို့နောက် ကျနော်တို့မသွားလိုသော နေရာတခုဆီသို့သွားခဲ့ကြသည်။ ထိုနေရာကားလူမစည်ကားအပ်သော အရပ်တခုဖြစ်သည့် ကြံတောသုသာန်ပါတကား။

ပူပြင်းသောနေရောင်အောက်တွင် ကုက္ကိုပင်ကြီးတပင်၏ အရိပ်ကိုခိုကာ ကျနော်တို့ထိုင်နေကြသည်။ ကျနော်တို့ထိုင်နေကြသည့် ထိုင်ခုံများကား ဟောင်းနွမ်းပြိုပျက်နေသော အုတ်ဂူဟောင်းများဖြစ်သည်။ ကျနော်တို့က ခပ်လှမ်းလှမ်း မျက်စောင်းထိုးရှိ အအေးတိုက်ဆီသို့ မျက်နှာမူထားကြသည်။ ထိုအအေးတိုက်၏ မျက်နှာချင်းဆိုင်မှာတော့ အသိဉာဏ်ကင်းမဲ့ကာ မိမိခံတွင်းသို့ ထိုးထည့်ပေးလိုက်သောအရာတိုင်းအား လောက်မြိုက်ဝါးမြိုပြစ်သော မီးသင်္ဂြိုဟ်စက်အိုကြီးရှိလေသည်။ ထိုမီးသင်္ဂြိုဟ်စက်ကြီးအတွင်း အသက်မသေသေးသည့် ကျောင်းသားပြည်သူတို့ တချိန်ကရောက်ရှိသွားခဲ့သည်ဆိုခြင်းကို သူကအမှားအမှန်ခွဲခြားလျက်အတည်ပြုမပေးနိုင်ပါ။ ထိုအဆောက်အအုံတွင်းမှမီးလျှံများသည် ကျနော်တို့ရင်တွင်းမှ အပူမီးကိုကျော်လွန်နိုင်မည်မဟုတ်ဟု ကျနော်ကတွေးမိလိုက်သည်။ ကုက္ကိုပင်အောက်မှကျနော်တို့က အရိပ်ထဲမှာထိုင်ရင်း ကိုယ်စီလောင်မြိုက်မှုများ ဖုံးလွှမ်းနေကြသည်။

လူ့ဘဝကား ဆန်းကြယ်စွ။ ထို့ထက်လောကကား ပို၍ဆန်းကြယ်စွ။

သင်္ချိုင်းဟူသည် ကွယ်လွန်သူတို့အား အမှတ်ရစရာ တည်ဆောက်ထားသည့် ဗိမာန်တခုသာ ဖြစ်သည်ဟု သတ်မှတ်ထားချင်သော ကျနော်တို့အား ထိုမျှဖြင့် မပြည့်စုံကြောင်း ငြင်းဆိုလိုက်ချေပြီ။ ဤသုသာန်၌ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဖျောက်ဖျက် မရနိုင်သော ဖြစ်ရပ်များ တည်ရှိခဲ့သည်။ ဗိုလ်အောင်ကျော်၊ ဇန်းမော်တင်အောင်၊ သခင်မြသန်း စသည့် ပုဂ္ဂိုလ်ကြီးများ၏ ဂူဗိမာန်များလည်းလျှောင်းစက်နေသည်။ ထိုမျှသာမက မရေမတွက်နိုင်သော အာဇာနည်များ၏ ဝိညာဉ်များလည်း ကိန်းဝပ်နေပေလိမ့်မည်။

ခုနှစ်ယောက်ခန့်မျှသာရှိသော ကျနော်တို့သည် ကားလမ်းနံဘေး အုတ်ဂူများပေါ်တွင် ထိုင်လိုက်၊ အအေးတိုက်သို့ အလောင်းရောက်မရောက် သွားမေးလိုက်၊ တစုံတရာ မသိရသည်နှင့် သင်္ချိုင်းအတွင်း ပြတိုက်သို့ ရောက်ရှိလာသော ကလေးများကဲ့သို့ လှည့်ပတ်ကြည့်ရှုလိုက်ဖြင့် အနိစ္စကမ္မဋ္ဌာန်းစီးဖြန်းနေကြရပေသည်။ ထိုမျှသာမက အသုဘလာရောက် ပို့ဆောင်သူများ၏ ကားသံ၊ အော်ဟစ်ငိုယိုသံများကို အလှည့်ကျ ကြားနေကြရသည်။ ညနေလေးနာရီ ထိုးချေပြီ။ ထိုအချိန်တွင် သင်္ချိုင်းတွင်း၌ သိသိသာသာ လူရှင်းသွားသည်။ ထိုအခါကျမှ ကျနော်တို့ လူအုပ်စုလေးသာ သီးခြားအုပ်စုကလေးအဖြစ် ကျန်ရစ်နေကြောင်းသိလိုက်ရသည်။ စစ်ထောက်လှမ်းရေးအချို့က ကျနော်တို့အား စောင့်ကြည့်နေသည်ဟုလည်း သိရသည်။

မတတ်နိုင်ပါ။ ဤအတိုင်း ရင်ဆိုင်ကြယုံမှလွဲ၍ အခြားနည်းလမ်း မရှိပြီတကား။

* * * * * * * * * ** * * *

ကမ္ဘာမကြေဘူး × × ငါတို့သွေးနဲ့ ရေးခဲ့ရတဲ့ မော်ကွန်းတေး × × တော်လှန်ရေး ×× ဒီမိုကရေစီတိုက်ပွဲအတွင်းမှာ ကျဆုံးသော × × သူရဲကောင်းတို့ရေ × × အာဇာနည်တွေနေတဲ့တိုင်းပြည် × × ရဲရဲတောက်တို့မြန်မာပြည် × ×

အံကြိတ်မာန်တင်းထားသည့် ရင်တွင်းမှ ထွက်ပေါ်လာသော တေးသံသည် မမြင်နိုင်သည့် ကြေကွဲမှုများကို သယ်ဆောင်ရင်း ကြံတောသုသာန် ပရဝုဏ်ကို ခရီးဆန့်လေပြီ။

ဤသည်မှာ အာဇာနည်တဦး၏ ဈာပနတခုမျှသာမဟုတ်ဘဲ အာဏာရှင်စနစ်ဆိုးအောက်ရှိ ရင်နင့်ဖွယ်ပြယုဂ်လည်း ဖြစ်ပေသည်။ ထိုအဖြစ်ကို ကျနော်တို့အားလုံး မယုံချင်ယုံချင်ဖြင့် လက်ခံလိုက်ကြရသည်။

နယ်ချဲ့လက်အောက်၌ ကျရောက်ခဲ့စဉ်က မည်သူသည်နယ်ချဲ့၊ မည်သူသည် အလိုတော်ရိစသဖြင့် ခွဲခြားကာ သိနိုင်သော်လည်း ယခုမူ ကိုယ့်လူမျိုးမှကိုယ့်ကို နှိပ်စက်ကလူပြုခြင်းအား ခါးသီးစွာခံစားနေကြရပေပြီ။ သို့သော်လည်း တော်လှန်ရေးအင်အားစုများ၏ လေးစားစရာကောင်းလှသည့် စိတ်ဓာတ် ခိုင်မာမှုများက လုံးဝချိုးနှိမ်၍ရနိုင်မည်မဟုတ်ပေ။ ကြည့်လိုက်ပါ။ စစ်ထောက်လှမ်းရေးများ၏ အတားအဆီးထူထပ်စွာ စောင့် ကြည့်နေကြသည့်အချိန်မှာပင် သူ့ရုပ်ကလာပ်ထည့်ထားသောခေါင်းကို အလုအယက်ဝိုင်း ထမ်းရင်း ရင်တွင်းမှဒေါသများကို သီချင်းသံအဖြစ် ဖွင့်ထုတ်နေကြသည် မဟုတ်ပါလား။

အအေးတိုက်၏ အလောင်းပြင်ရာ ခန်းမမှ မီးသင်္ဂြိုဟ်စက်ဆီသို့ လှည်းဖြင့်မတင်ဆောင်ဘဲ တယောက်တလှည့် ပုခုံးဖြင့်ထမ်းကာ သယ်ဆောင်လာစဉ် ရှေ့မှလည်း လွမ်းသူ့ပန်းခြင်းများ၊ ပန်းခွေများကို လူငယ်များက စီတန်းသယ်ဆောင်လာခဲ့ကြသည်။ မကြာမီ သူရဲကောင်းတဦး၏ ရုပ်ကလာပ်သည် မီးလျှံများ၏ ဝါးမျိုပစ်ခြင်းကို ခံရပေတော့မည်။ သူ့ဘဝ၏ နောက်ဆုံးခရီးကား ဤမှာပင် ရပ်တန့်ပါမည်လော။ ကျနော်ထင်ပါသည်။ သူ့ဝိညာဉ်၊ သူ့စိတ်ဓာတ်တို့က ခေါင်းတိုင်မှ ထွက်ပေါ်လာမည့် မီးခိုးများနှင့်အတူ မျောပါရင်း လောကကို အပေါ်စီးမှကြည့်ရှုပါလိမ့်မည်။

"အမရယ်မငိုပါနဲ့၊ အဖေကငိုတာ မကြိုက်ဘူး။ ဒါကြောင့် ညီမတို့လည်းမငိုဘူး၊ အမလည်း အဖေ့အတွက် မငိုပါနဲ့နော်"

ဤစကားသံကြောင့် ကျနော် ရင်နင့်သွားရသည်။ ကွယ်လွန်သူ၏ သမီးက ဖခင်အတွက် ငိုယိုနေသူအား ပြောပြနေခြင်းဖြစ်သည်။ ဟုတ်သည်။ ကျနော်တို့ သူ့အတွက် ငိုကြွေးစရာမလို၊ သူက သူ့ဘဝကို အကောင်းဆုံးမြှုပ်နှံခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသော ကျနော်တို့ကသူတို့မျှော်မှန်းခဲ့ကြသည့် ပန်းတိုင်သို့ ရောက်အောင် ဆက်၍လှမ်းကြရမည်။ သို့အတွက် ငိုယိုခြင်းအစား အားမာန်များကိုသာ မွေးမြူကြရမည်ဖြစ်သည်။

သူသည် အကျဉ်းကျခဲ့ရသည့် အချိန်တိုအတွင်း ကွယ်လွန်ခဲ့ရသည်။ အာဏာပိုင်များကမူ သူ'သွေးကင်ဆာ'ရောဂါဖြင့်သေဆုံးသည်ဟု မိသားစုအား ပြောဆိုခဲ့သည်။ ထို့ကြောင့်ပင် လွမ်းသူ့ပန်းခွေတခု၌ ဤသို့စာတမ်းကလေးရေးထိုးထားသည်။

"ကြယ်ခြွေတာ – –
 ကင်ဆာတဲ့လား – –
 ကင်ဆာ ကျဆုံးပါစေ – –"

ကျနော်တို့၏ ကြယ်တပွင့်သည် ကျနော်တို့ မျက်မှောက်ကာလမှ ဝေးကွာသော အရပ်ဆီသို့ ကြွေလွင့်ခဲ့ပါသည်။ သို့သော်လည်း သူ့အလင်းရောင်များက ကျန်ရစ်ဆဲပါ။

* * * * ** * * * ** * * *

ပန်းတို့သည် လောကအား ရနံ့သင်းဖြင့် ထုံမွှမ်းရန်၊ အရောင်အသွေးဖြင့် အလှဆင်ရန် ထာဝရအားယူကြရသည်မှာ ဓမ္မတာဖြစ်သည်။ ထိုပန်းတို့မှ အချို့သည် အကြောင်းတစုံတရာကြောင့် ကြွေလွင့်ပျက်စီးကောင်း ပျက်စီးပေလိမ့်မည်။ သို့သော်လည်း ပန်းအားလုံးကို မတားဆီးနိုင်ပါ။ ဤသည်မှာ သေချာသော နိယာမတရားပင်ဖြစ်ချေသည်။

* တပွင့်ဇာနည်
 ကြွေပြီတဲ့။

* ကျန်သည့်ပန်းတွေ
 ငုံနေရဲ့။ ။

၂၃၊ ၇၊ ၂၀၀၁
(၁၈၊ ၁၊ ၁၉၉၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ဦးတင်မောင်ဝင်း(ခရမ်း) သို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။) ■

မိုးကြိုးသတင်းစဉ်
စာမူများ
ဝေဖန်အကြံပြုစာများ
ဆက်သွယ်ပေးပို့နိုင်ပါသည်။
P.O.Box 91
Mae Sod, 63110
Tak, Thailand
binamojo@cscoms.com

# လက်ရှိဖြစ်ပေါ်နေသည့်နိုင်ငံရေးအခြေအနေများအရ မြန်မာနိုင်ငံသို့ လူသားချင်းစာနာသည့် အကူအညီများပေးခြင်းကြောင့် ရရှိလာမည့်ဆိုးကျိုးများ

၂၀၀၁ ခုနှစ် ဩဂုတ်လအတွင်းထဲ၌ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်လာရောက်ပြီး လူသားရင်းမြစ် အခက်အခဲများကို မီးမောင်းထိုးအကူအညီပေးနေသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ထိပ်တန်းအေဂျင်စီများက မြန်မာနိုင်ငံကိုပေးနေသည့် လူသားချင်းစာနာသည့် အကူအညီအထောက်အပံ့များ ပိုမိုတိုးမြှင့်ကြပါရန်နှင့် မြန်မာနိုင်ငံအတွင်းတရားဝင်ပူးပေါင်းလုပ်ကိုင်နိုင်စေရေးအတွက် စီမံကိန်းများရေးဆွဲကြပါရန် နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုထားခဲ့ပေသည်။

ထို့ကြောင့်နိုင်ငံတကာအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်အကူအညီများပေးရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်များ မချရသေးမီ အောက်ပါအချက်များကိုဦးစွာ ပထမ စဉ်းစားဆင်ခြင်သင့်ပေသည်။

**၁။ မြန်မာနိုင်ငံ၌ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဘဏ္ဍာငွေအနည်းငယ်ကိုသာ သုံးစွဲနေခြင်းသည် ရန်ပုံငွေချို့တဲ့ခြင်းကြောင့် မဟုတ်ပေ။ စစ်အစိုးရက နိုင်ငံ၏ဘဏ္ဍာငွေအများအပြားကိုကာကွယ်ရေးအသုံးစားရိတ်အတွက် စနစ်တကျအသုံးပြုနေခြင်းကြောင့်သာ ဖြစ်ပေသည်။**

နအဖစစ်အုပ်စုသည် နိုင်ငံ၏အမျိုးသားဝင်ငွေ (Gross Domestic Product)၏ ၂.၅၃ ရာခိုင်နှုန်းကိုသာ ကျန်းမာရေး အတွက်အသုံးပြု၊ ၆.၉၈ ရာခိုင်နှုန်းကိုသာ ပညာရေးအတွက် အသုံးပြုနေခိုက်တွင် ၄၉.၉၃ ရာခိုင်နှုန်းကိုတော့ ကာကွယ်ရေးအသုံးစားရိတ်တခုတည်းအတွက် အသုံးပြုနေသည်ကို နှိုင်းယှဉ်ကြည့်လျှင်သိနိုင်ပေသည်။ (၁၂)နှစ်တာကာလအတွင်း စစ်အင်အားကို နှစ်ဆတိုးချဲ့လာခဲ့သည်မှာ စစ်သားအင်အား(၄)သိန်းကျော်သွားခဲ့လေပြီ။ ယခုဆိုလျှင် အမေရိကန်ဒေါ်လာသန်း (၁၃၀)ဖိုးခန့်ရှိ MiG ၂၉ တိုက်လေယာဉ်(၁၀)စီးကို ဝယ်ယူရန် စတင်နေလေပြီ။

ထို့ကြောင့် စစ်အစိုးရတွင် ကျန်းမာရေးနှင့်ပညာရေးကိစ္စရပ်များအတွက် အသုံးပြုရန် ရန်ပုံငွေချို့တဲ့ခြင်းမဟုတ်သည်မှာ ထင်ရှားနေပေသည်။ ထို့အတူပြင်ပရန်သူမရှိပါဘဲနှင့် ကာကွယ်ရေးအသုံးစားရိတ်အတွက်စနစ်တကျအသုံးပြုနေသည်မှာထင်ရှားနေပေသည်၊ နိုင်ငံခြားတိုင်းပြည်များမှကူညီပံ့ပိုးလာသည့်ကျန်းမာရေးနှင့် ပညာရေးအထောက်အပံ့များကို စစ်အစိုးရက စစ်တပ်အင်အားတိုးချဲ့ရေးနှင့် သူတို့အာဏာတည်မြဲရေးအတွက် ရည်မှန်းချက်ထားရှိခဲ့ပေသည်။

**၂။မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးစနစ်ရှိနေခြင်းသည်သာ လူသားရင်းမြစ်ဆိုင်ရာ ပဋိပက္ခများ၏ ဇာစ်မြစ်ဖြစ်သည်။**

“ကျနော်တို့ရဲ့လူတွေကို သတ်ပစ်တာဟာ ငှက်ဖျားရောဂါပိုးမဟုတ်ပါဘူး။ တကယ်သတ်ပစ်လိုက်တာက အပါသိုက်လို့ခေါ်တဲ့ အသားအရောင်ခွဲခြားတဲ့စနစ်ပါဘဲ”ဟုတောင်အာဖရိကနိုင်ငံအား လူသားချင်းစာနာသည့် အကူအညီအထောက်အပံ့များပေးသည့်အပေါ်ဘုန်းတော်ကြီးဒက်စမွန်တူးတူးက တုံ့ပြန်ခဲ့ဖူးသည်။ မြန်မာနိုင်ငံတွင်လည်း ထိုနည်းလည်းကောင်းပင်။ အကြောက်တရားအပေါ်မကျိုင်ပြုပြီးလာဘ်ပေးလာဘ်ယူယဉ်ကျေးမှုထွန်းကား အမြစ်တွယ်နေသည့်အစုအဖွဲ့၊ လူ့အသိုက်အမြုံတခုအပေါ် အဿပြာငွေကြေးတည်းဟူသည့် ဆေးထိုးပေးခြင်းဖြင့် အိတ်(ဇ်) AIDS ရောဂါပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ပေ။ အမှန်စင်စစ် လိုအပ်သည့်အရာမှာ သတင်းအချက်အလက်လွတ်လပ်ခွင့်၊ မလျော်ကန်မသင့်မြတ်သည့်ရောဂါဝေဒနာကုထုံးကို လွတ်လွတ်လပ်လပ် ဝေဖန်သုံးသပ်ပိုင်ခွင့်၊ ဖမ်းဆီး မည်ကိုကြောက်ရွံ့ စိတ်စိုးစဉ်းမျှမရှိစေဘဲ သက်ဆိုင်ရာလူ့အဖွဲ့အစည်းလူ့အသိုက်အမြုံကို လွတ်လွတ်လပ်လပ်စည်းရုံးပိုင်ခွင့်စသည့် အခြေခံတရားဥပဒေ ပြန်လည်ပြင်ဆင်ရေးသည်သာ အဓိကလိုအပ်နေပေသည်။

**၃။ စစ်အစိုးရအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်အုပ်ချုပ်ခွင့်ရနေစေရန် နိုင်ငံရပ်ခြား အထောက်အပံ့အကူအညီပေးနေသည့်အဖွဲ့အစည်းများကိုအသုံးချနေပေသည်။**

စစ်အစိုးရသည် ICRC ခေါ်ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများကို သက်သေပြု ကြော်ငြာထိုးသည့်သဘောမျိုးဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့် အခြေအနေများ တိုးတက်လာနေပါပြီဟုပြောဆိုနေခဲ့သည်။ ထိုသို့လိမ်လည် ပြောဆိုခဲ့ခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ကူညီထောက်ပံ့ပေးနေခဲ့သည်။ အကူအညီအထောက်အပံ့ပေးနေသည့်အေဂျင်စီများ၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂအဖွဲ့တို့သည် မြန်မာစစ်အစိုးရနှင့် တိုက်ရိုက်ပူးပေါင်းလုပ်ကိုင်နေလေသည်။ အဆိုပါ အကူအညီအထောက်အပံ့ပေးနေသည့် အေဂျင်စီများသည် စစ်အစိုးရအုပ်စု၏ အာဏာရှိသူများ၊ ဌာနဆိုင်ရာများကို တိုက်ရိုက်ကူညီပံ့ပိုးနေခြင်းသာမည်၏။

**၄။ မြန်မာနိုင်ငံသို့လာရောက်ပြီး အကူအညီအထောက်အပံ့များပေးနေသည့် နိုင်ငံရပ်ခြားအေဂျင်စီများသည် မြန်မာစစ်အုပ်စု လွတ်လွတ်လပ်လပ် ရပ်တည်နေနိုင်အောင် လုပ်နေသည်ဟူသည့် ဒဏ္ဍာရီတခု ပေါ်ထွက်နေသည်။**

မြန်မာနိုင်ငံသည် စစ်ထောက်လှမ်းရေးများအားသတင်းပို့နေသည့် သတင်းပေးအမျိုးမျိုးတို့ဖြင့်ပြည့်နှက်နေသည့် လူ့အဖွဲ့အစည်းတခုပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားသားများ၏ အပြုအမူလှုပ်ရှားမှုများကိုဖြစ်စေ၊ သို့တည်းမဟုတ် နိုင်ငံခြားသားများနှင့် ပွင့်ပွင့်လင်းလင်းဆက်ဆံလုပ်ကိုင်နေသည့် မြန်မာလူမျိုးများကိုဖြစ်စေ စစ်အစိုးရကမျက်လုံးဒေါက်ထောက်ကြည့်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

အမှန်တကယ်၌လည်း စစ်အစိုးရသည် မြန်မာနိုင်ငံသို့လာရောက်ပြီး အကူအညီအထောက်အပံ့များပေးနေသည့် နိုင်ငံရပ်ခြားအေဂျင်စီများ၏လှုပ်ရှားမှုများကို ဂရုတစိုက်စောင့်ကြည့်နေရုံသာမကပဲ မည်သည့်နေရာတွင်လုပ်ရမည်၊ သူတို့အာဏာကိုမထိခိုက်စေနိုင်သည့်မည်သည့်ပုဂ္ဂိုလ်များကိုလုပ်ရမည် စသည်ဖြင့်ကန့်သတ်မှုများဖြင့်သာ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**၅။မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်နေကြသည့် နိုင်ငံရပ်ခြား အကူအညီအထောက်အပံ့များပေးနေသည့်အဖွဲ့အစည်းများသည် မြန်မာစစ်အစိုးရပြဌာန်းထားသည့် တရားမမျှတမှုများကို တိတိကျကျ မထုတ်ပြန်နိုင်သေးပေ။**

၁၉၉၉ ခုနှစ် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆု လက်ခံသည့်အခမ်းအနား မိန့်ခွန်းထဲ၌ Medecins Sans Frontieres (MSF) ခေါ် နယ်ခြားမဲ့ဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌက လူသားချင်းစာနာထောက်ထားမှု အပြုအမူထဲတွင် တရားမမျှတမှုများကိုတိတိကျကျ ထုတ်ပြန်အသိပေးရန်လိုအပ်သကဲ့သို့ နိုင်ငံရေးအရ တာဝန်ယူမှုကိုလည်း တောင်းဆိုရန်လိုအပ်သည်ဟုထည့်သွင်းပြောကြားသွားခဲ့သည်။ “ဒီဝေါဟာရတွေ၊ စကားလုံးတွေသက်သက်နဲ့တော့ လူတွေရဲ့အသက်တွေကို ကယ်တင်နိုင်လိမ့်မယ်လို့တော့ကျနော်မထင်ပါဘူး။ ဒါပေမယ့် ဆိတ်ဆိတ်နေခြင်းအပြုအမူဟာ အသက်သေဆုံးသွားအောင်သတ်နိုင်တယ်လို့ ကျနော်တို့သိနားလည်ထားပါတယ်။ ကျနော်တို့ အခြေအနေက တိကျခိုင်မာတဲ့တရားဥပဒေနဲ့ လုံခြုံရေးကိစ္စတွေကို လူသားချင်း စာနာထောက်ထားတဲ့နည်းနဲ့ ချဉ်းကပ်ဖို့အခွင့်အရေးမရဘူးဖြစ်နေတယ်။ ကျနော်တို့ဟာ နိုင်ငံတခုနဲ့ယှဉ်လိုက်ရင် ကံကြမ္မာရဲ့အလှည့်စားကိုခံလိုက်ရတဲ့ လူမျိုးတော့ မဖြစ်ဖို့လိုပါတယ်” ဟု သူကဆက်ပြောသွားခဲ့သည်။

စိတ်မကောင်းဖြစ်စရာအချက် တချက်မှာ မြန်မာနိုင်ငံသို့ တရားဝင်လာရောက်ပြီး အကူအညီပေးနေသည့် နိုင်ငံရပ်ခြားအကူအညီအထောက်အပံ့ပေးနေသည့် အေဂျင်စီများသည် ကံကြမ္မာ၏ ဖြားယောင်းလှည့်စားခြင်းခံနေရခြင်းပင်၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် လူမှုစီးပွားပြဿနာများ၏ မူလဇာစ်မြစ်ကို ဝေဖန်ဆန်းစစ်ရန်တုံ့နှေးနေခြင်းသည်အလှည့်စားခံနေရခြင်းပင်ဖြစ်သည်။ အခြေခံဇာစ်မြစ်ပြဿနာများကို အဖြေမရှာဘဲနှင့် သက်ဆိုင်ပတ်သက်ရာပြဿနာများကို အဖြေရှာနိုင်လိမ့်မည်မဟုတ်ပေ။

အဆိုပါအဖွဲ့အစည်းများ မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ခွင့်ပြုခြင်းတခုမှလွဲ၍ အခြားထိရောက်သည့် နိုင်ငံရေးအရတာဝန်ရှိမှုမျိုး၊ တာဝန်ယူမှုမျိုးကို နိုင်ငံရပ်ခြားအကူအညီအထောက်အပံ့ပေးနေသည့် အေဂျင်စီများရမည်မဟုတ်ပေ။ မြန်မာနိုင်ငံအတွင်း နေထိုင်ခွင့်ရနေသော်လည်း သူတို့လက်တွေ့ ရင်ဆိုင်နေရသည့် တကယ့်နိုင်ငံရေးနှင့်ပတ်သက်ပြီး မြန်မာစစ်အစိုးရအပေါ် ဝေဖန်ပိုင်းခြားသုံးသပ်ခွင့်ကို သူတို့ရလိမ့်မည်မဟုတ်ပေ။ ရခဲ့လျှင်သော်မှ အလွန်နည်းပေလိမ့်မည်။

**၆။ပြည်တွင်းတွင် အပြောင်းအလဲ တစုံတရာ မရှိပါဘဲနှင့် နိုင်ငံခြားအကူအညီ အထောက်အပံ့များပိုမို တိုးမြှင့်ပေးခြင်းကြောင့် အတိုက်အခံများအာဏာရရှိရန် ပိုမိုအားလျော့သွားပေလိမ့်မည်။**

နိုင်ငံတကာဖိအားပေးမှုများသည် မြန်မာစစ်အစိုးရနှင့် ဒီမိုကရက်တစ်အတိုက်အခံအုပ်စုအကြားတွေ့ဆုံဆွေးနွေးပွဲစတင်ပေါ်ပေါက်လာစေရန် အဓိကအရေးကြီးသည့်အချက်တချက်ပင်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာစစ်အစိုးရက မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနည်းကျသည့် ပြုပြင်ပြောင်းလဲမှုတစုံတရာ မပြုလုပ်မချင်း နိုင်ငံရပ်ခြားအေဂျင်စီများ အနေဖြင့် မြန်မာနိုင်ငံအားအကူအညီအထောက်အပံ့များ မပေးသင့်သေးပေ။ အကူအညီများပေးခြင်းကြောင့် အတိုက်အခံအင်အားစုအာဏာရရှိရန် အားလျော့သွားနိုင်ပေသည်။

**၇။ မြန်မာစစ်အုပ်စုအကျိုးအမြတ်တစုံတရာ မရရှိစေဘဲနှင့် မြန်မာနိုင်ငံတွင်ခံစားနေရသည့် လူမှုဒုက္ခများကိုဖြေရှင်းနိုင်သည့် အခြားနည်းလမ်းများရှိနေပေသည်။**

တရားဝင်အရဖြစ်စေ၊ မြန်မာစစ်အစိုးရ၏ တရားမဝင်ခွင့်ပြုချက်အရဖြစ်စေ မြန်မာနိုင်ငံသို့သွားရောက်လုပ်ကိုင်ရန် ရွေးချယ်လိုက်ခြင်းသည် ဒီမိုကရက်တစ်အတိုက်အခံအုပ်စုတို့၏ လိုလားတောင့်တချက်များကို မျက်နှာလွှဲခဲပစ်လျစ်လျူရှုလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာနယ်စပ်တလျှောက်တွင် အခြေစိုက်သည့်အတိုက်အခံအဖွဲ့အစည်းများ၏ စီစဉ်ပေးမှုဖြင့် မြန်မာနယ်စပ်ကိုဖြတ်ကျော်ကာ မြန်မာနိုင်ငံအတွင်းပိုင်းအထိ အကူအညီများပေးနိုင်ပေသည်။ ထိုကဲ့သို့ အကူအညီအထောက်အပံ့ပေးခြင်းသည်သာလျှင် စစ်အစိုးရအဖို့အမြတ်အစွန်းတစုံတရာမရရှိစေဘဲ လူသားချင်းစာနာသည့်အကူအညီများ လူထုလက်ထဲသို့တိုက်ရိုက်ရောက်ရှိနိုင်ပေသည်။ ■

## မနီလိုင်ကျောင်းသားစခန်း ပိတ်ပစ်မည့်ကိစ္စ ဒီဇင်ဘာလ(၂၇)ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်

### မြန်မာကျောင်းသားများကဆက်လက်အစာငတ်ခံ ဆန္ဒပြဆဲ

မြန်မာကျောင်းသားများနှင့် နေရာပြောင်းရွှေ့ခံရသည့် မြန်မာကျောင်းသားများကို နေထိုင်ခွင့်ပေးထားခဲ့သည့် ရတ်ချာဘူရီခရိုင်ရှိ မနီလိုင်စခန်းပိတ်ပင်မည့်ကိစ္စကို ဒီဇင်ဘာလ(၂၇)ရက်နေအထိ ရွှေ့ဆိုင်းပစ်လိုက်ကြောင်း ဒီဇင်ဘာလ(၁၄)ရက်နေ့က ထိုင်းပြည်ထဲရေးဝန်ကြီးဌာနမှ ကြေငြာခဲ့သည်။

မနီလိုင်စခန်းအတွင်းရှိ မြန်မာကျောင်းသားများသည် ဒီဇင်ဘာလ(၁၁)ရက်နေ့မှစ၍ အစာငတ်ခံဆန္ဒပြနေခဲ့ကြသည်။ စခန်းအတွင်းနေထိုင်ကြသည့် မြန်မာကျောင်းသားများကို UNHCR ခေါ်ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုထားခဲ့သည်။ ထိုင်းအစိုးရအာဏာပိုင်များကမူ မနီလိုင်စခန်းရှိ မြန်မာကျောင်းသားများ အစာငတ်ခံဆန္ဒပြနေကြလင့်ကစား အဆိုပါစခန်းကို ယခုနှစ်ကုန်ပိုင်း ပိတ်ပစ်မည်ဟု ပြောဆိုနေခဲ့ကြသည်။

ဘန်ကောက်မြို့တော်နှင့် မနီးမဝေး ရတ်ချာဘူရီခရိုင်ရှိ မနီလိုင်စခန်းကို ၁၉၉၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ခုနှစ် အောက်တိုဘာလမှစ၍ မနီလိုင်စခန်းရှိ မြန်မာဒုက္ခသည် (၂၁၀၀)ဦးကို တတိယနိုင်ငံများသို့ ထွက်ခွာခွင့်ပေးထားခဲ့ပြီးသည်။ ယခုအချိန်အထိ ကျန်ရှိနေသေးသည့် ဒုက္ခသည်(၄၉၇)ဦးထဲမှ (၁၇၀)ဦးကိုသာ UNHCR က ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခဲ့သော်လည်း တတိယနိုင်ငံများသို့ မထွက်ခွာနိုင်သေးဘဲရှိနေသည်။ ကျန်ရှိနေသေးသည့် ဒုက္ခသည်စုစုပေါင်းထဲတွင် မြန်မာကျောင်းသားအတိုက်အခံ(၁၉၇)ဦးသာပါရှိသည်။ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမခံရသူ (၁၃၀)ဦးကိုမူ တရားမဝင်လာရောက်သူများဟု သတ်မှတ်ကာ မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်မည်ဟု ထိုင်းအာဏာပိုင်များက ပြောဆိုနေခဲ့သည်။

ထိုင်းပြည်ထဲရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ပိုင်ရော့(ဂ်)ပရွန်ဆတ်အဆိုအရ မနီလိုင်စခန်းပြောင်းရွှေ့ရန်အတွက် ကုလသမဂ္ဂဆိုင်ရာဒုက္ခသည်မဟာမင်းကြီးရုံးမှထောက်ပံ့ငွေ ရရှိပြီးကြောင်းနှင့်စခန်းကိုထိုင်းနိုင်ငံအနောက်ဖက်ပိုင်းသို့ ပြောင်းရွှေ့ရန်အတွက် (၁၀)ရက်ခန့် ပြင်ဆင်ချိန်လိုအပ်ကြောင်းသိရှိရသည်။ မနီလိုင်စခန်းရှိ မြန်မာအတိုက်အခံအုပ်စုများသည် စခန်းမပိတ်ရေးအတွက်ဆက်လက်ပြီး အစာငတ်ခံဆန္ဒပြသဖြင့်အနည်းဆုံး မြန်မာကျောင်းသား (၇)ဦးဆေးရုံတင်ထားလိုက်ရသည်။ ဒီဇင်ဘာလ (၁၇)ရက်နေ့ရောက်သောအခါ မြန်မာကျောင်းသား (၁၀)ဦးတို့သည် ဆက်လက်အစာငတ်ခံဆန္ဒပြနေကြကြောင်းကြောင်း သိရှိရသည်။

■

# ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုဟာလေ

**မောင်မောင်တိတ် (ABSDF)**

"မင်းတို့ထောင်ကျတွေဖြစ်သွားပြီနော် ကောင်းကောင်းနေကြ"အဘမျှင် မျက်နှာတမျိုး ပြောင်းသွားကြောင်း ကျနော်တို့ သတိထားမိလိုက်ကြပါသည်။ ကိုဇော်ငြိမ်းလတ်ကတော့ ထုံးစံအတိုင်းပင် သူ့မျက်နှာပိုးက မသေသေး။ ပြုံးစိစိလိုလို၊ စပ်ဖြဲဖြဲလိုလို။

အခန်းတံခါးမကြီး ဂျိုင်းခနဲပိတ်သွားပြီးနောက် ထွက်ပေါ်လာသော သော့ခတ်သံခပ်ကြမ်းကြမ်းကို ကျနော်တို့ကျောခိုင်းလိုက်သည်။

* * *

ရင်ထဲမှာတော့ ပေါ့သွားသလိုခံစားလိုက်ရသည်။ အချုပ်ပုံစံနှင့်နေရသည့် ထောင်ထဲကဘဝသည် လွတ်ရက်မရှိ။ လွတ်မည့်ရက်မသိရ။ ဘယ်သူ ဘယ်လောက်ထောင်ကျမည်ကိုလည်း မသိရပေ။ မိမိတို့လှုပ်ရှားခဲ့သော ဦးသန့်ဈာပနအရေးအခင်းအတွက်တော့ပေးဆပ်ရမည်ကိုသိထားကြသည်။ ရင်ဆိုင်ဖို့လည်း အသင့်ပြင်ထားကြသည်။

အဖမ်းခံရသည့် (၁၀)ရက်နေ့ည၊ ဒီဇင်ဘာ(၁၁)ရက် နံနက်(၂း၀၀)လောက်မှာကတည်းက မိမိတို့ချစ်မြတ်နိုးသောတက္ကသိုလ်ဝင်းနှင့် သမဂ္ဂနေရာအနီးတွင် ကိစ္စပြတ်ပြီဟု ထင်မှတ်ခဲ့ကြသည်။ ပထမဆုံးရိုက်နှက်ခံရပြီး အဖမ်းခံရသည့်အသုတ်တွင် ကျနော်တို့ပါသည်။ ကျနော်တို့ကို ဖမ်းပြီးနောက် ပစ်ခတ်သံတွေ ကြားရသည်။ နှင်းငွေ့မှုန်မှုန်မှာ ယမ်းငွေ့နှင့် ရောနေပြီး သေနတ်သံများကြားနေရသော်လည်း အိပ်ရေးပျက်၊ အသံဝင်နေကြသည့် ကျနော်တို့မှာ ခေတ္တနားချင်သော်လည်း မနားဖြစ်ခဲ့ကြ။ တက္ကသိုလ်ဓမ္မာရုံဝင်းထဲတွင် မဆလ ပါတီဝင်များ၊ လက်နက်ကိုင်လုံ့စွပ်တပ်ထားသည့် စစ်သားများနှင့် ဘရင်းကယ်ရီယာ(၃)စီးခန့်က ကျနော်တို့ မန္တလေးဆောင်ကို ချေမှုန်းရန်စောင့်နေကြသည်ကို အဆောင်အပေါ်ထပ်မှ ခပ်ဝါးဝါးမြင်နေခဲ့ရသည်။

သေလျှင်လည်း တက္ကသိုလ်ဝင်းထဲတွင် သေကြမည်ဟုခံယူထားကြသည်။ သမဂ္ဂဟောင်းနေရာနှင့် ဦးသန့်ဈာပနရုပ်အလောင်း အုတ်ဂူသည် ကျနော်တို့အားလုံးအတွက် ဂုဏ်သိက္ခာ၊ အသိတရား၊ စိတ်ဓာတ်နှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို စောင့်ထိန်းဆယ်ယူခြင်းဟု နားလည်ထားကြပါသည်။

သေလျှင်အရင်း။ မသေသေးလျှင်အမြတ်။ မသေခဲ့လျှင်လည်း သေဆုံးခဲ့သူများအတွက် ဆက်လက်လှုပ်ရှားဆောင်ရွက်ရမည့် အသိကိုလည်း တွေးထားကြသည်။ ၁၉၂၀ သမိုင်းစဉ်နှင့် ၁၉၇၄ ဂျွန်လ(၆)ရက်နေ့အထိ ဖြစ်ပွားခဲ့သော လူထုလှုပ်ရှားမှု၊ အလုပ်သမားလှုပ်ရှားမှုများတွင် မိမိတို့ကျောင်းသားများ၏ ပေးဆပ်မှုသမိုင်းကား အထင်အရှားဟုလည်း သိနားလည်ထားကြသည်။

မိမိတို့ကိုယ်ကိုမိမိတို့ ဤအသိတရားနှင့် တာဝန်များပေးထားပြီးလှုပ်ရှားကြသည်မို့ ၇၄ ဦးသန့်ဈာပနအရေးအခင်းသည် မကြုံစဘူးအောင် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားများ ညီညွတ်စွာလှုပ်ရှားနိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

"ဦးသန့်ဟာမသေခင်ကတည်းက ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာများကို အတတ်နိုင်ဆုံးဆောင်ရွက်သွားနိုင်ရုံမကဘူး၊ သူသေသွားပြီး သူ့ဈာပနနဲ့တောင်ကျောင်းသားတွေကိုညီညွတ်ရေးစိတ်ဓာတ်ရှိအောင် ဆောင်ရွက်နိုင်သေးပါလား"လို့ နောင်တော်တက္ကသိုလ်ကျောင်းသားကြီးတဦး၏ လှုပ်ရှားနေရင်း မှတ်ချက်ချခဲ့သည့်အသံကို ယခုထိနားထဲစွဲနေမိပါသည်။ ကျနော်တို့နှစ်လိုစွာ ပြုံးပြီးနားထောင်မိခဲ့ကြသေးသည်ကို ယခုတိုင်ကြားယောင်နေဆဲ။

ဒီဇင်ဘာ(၁၁)ရက် နံနက်ပိုင်း (၃)နာရီခန့်တွင် ကျနော်တို့ အင်းစိန်ထောင်ထဲရောက်ခဲ့ကြသည်။ တိုက် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့တွင် လူတွေအပြည့်။

အင်းစိန်ထောင် တိုက်(၄) အခန်း(၁၄)တွင် ကျနော်တို့ (၈)ယောက်နှင့်အခြားတိုက်ခန်းများတွင်ရှိကြသော တက္ကသိုလ်ကျောင်းသား (၂၀)ကျော်တို့မှာ အပေါ်အင်္ကျီဗလာကျင်း၍ အောက်ခံလုံချည်သာကိုယ်စီပါကြသည်။ နှစ်ပတ်နီးပါးခန့် တမံတလင်းအင်္ဂတေအခင်းပေါ်တွင် ကျနော်တို့အားလုံး လုံချည်ခြုံ၍အိပ်ခဲ့ရသည်။ လူကျပ်သဖြင့် နည်းနည်းနွေးသလိုလိုရှိသည်။ အလှည့်ကျ အတွင်းအပြင်လှည့်အိပ်ရသည်။ ထောင်အနံ့က ညှင်းသိုးသိုး၊ ဆောင်းလေက အေးအေး။ အခင်းကလည်းမာကြောအေးစက်လွန်းလှသည်။

နှစ်ပတ်ပြည့်ခါနီးတွင် ဂုံနီအိတ်များနှင့်ထုတ်ထားသော ကျနော်တို့၏အပေါ်အင်္ကျီများကိုပြန်လာပေးသည်။ အဖမ်းခံရစဉ်က နာရီ၊ ဆွဲကြိုးများကိုပါ အားလုံးချွတ်ယူသွားကြရာ ထည့်ယူသွားသောအိတ်ကို ထိုနေ့တာဝန်ကျဝါဒါများထဲကပြန်လာပေးခြင်းဖြစ်သည်။ မိမိတို့အင်္ကျီ မိမိတို့ပြန်ရွေးရသည်။ မှား၍လဲယူရသည်ဟုလည်း မရှိကြပေ။ နာရီ၊ လက်စွပ်၊ ဆွဲကြိုးများတော့ မရှိကြတော့။

ကျနော်တို့ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ကျောင်းသားတိုင်းတွင် နာရီတလုံး၊ ဆွဲကြိုးတကုံးတော့ရှိတတ်ကြသည်။ ထိုခေတ်က မော်ဒန်စတိုင်ပင်။ ထောင်ထဲမှာသည်ပစ္စည်းတွေ ပြန်၍မရတော့မှန်းသိလိုက်ကြသည်။ ယခုလို အင်္ကျီများပြန်ပေးသည်ကိုပင် ကျေးဇူးတင်ရတော့မလိုလို ဖြစ်နေသည်မဟုတ်လား။

သို့နှင့် တိုက်ထဲမှာ(၃)ပတ်လောက်ထားပြီး ထုတ်စစ်လိုက်ရိုက်လိုက်နှင့် ပြီးမှအဆောင်(၃)ကိုပို့သည်။ ထိုစဉ်က အဆောင်(၃)မှာ အထူးဆောင် အဖြစ်ရှိနေသေးသည်။ အဆောင်(၃)အပေါ်ထပ် အောက်ထပ်များကိုစစ်ဆေးရေးလုပ်ပြီးတိုင်း ကျနော်တို့မှာအခန်းပြောင်းကြရသည်။ အဆောင်(၃)အောက်ထပ်မှ အခန်း(၃)ကိုတော့မရောက်ဖြစ်ခဲ့ပါ။ ထိုအခန်းတွင်ထိုင်ဝမ်နှင့်ထိုင်းမှငါးခိုးသင်္ဘောသားများရှိသောကြောင့် ဖြစ်ပါသည်။

* * *

မတ်လပထမပတ်တွင် ကျနော်တို့ကို စစ်ခုံရုံး (၁)၊ (၂)၊ (၃)၊ (၄) တို့ဖြင့် စီရင်ချက်ချပါတော့သည်။ ထိုနေ့တွင် အဆောင်တွင်းမှ စောင်ခေါင်းမြီးခြုံပြီး ကျနော်တို့ထွက်လာရသည်။ ခေါင်းမြီးခြုံတွင်းမှ ခိုးကြည့်သောအခါ ရိုးရိုးအကျဉ်းသားများကို ပုံစံနှင့်ရပ်လျက်မျက်နှာအောက်ငုံ့ထားသည်ကို တွေ့ရသည်။ တချို့မော့ကြည့်မိသူတွေကိုတော့ ထောင်ဝါဒါက ဆဲရင်းဆိုရင်း ရိုက်သွားသည်။

စွဲချက်ပေါင်းက (၈၅)ခု၊ ပုဒ်မတွေက- ၁၂၄(က)အပြင်၊ အခြားရာဇဝတ်မှုပုဒ်မများ ပါရှိသည်။ ထိုစစ်ခုံရုံး(၄)ခုသည် ထောင်နှင့်ကပ်လျက်ရှိနေသော အင်းစိန်ထောင်အပြင်ဝင်းရှိ ထောင်ဗူးဝနားတွင်ရှိသည်။ ထိုရုံးများကို အထူးခုံရုံးများအဖြစ် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ကြည်းတပ်မှ ဗိုလ်မှူးကြီးတဦး၊ ရေတပ်မှတဦး၊ လေတပ်မှတဦးတို့က တရားသူကြီးများနေရာတွင်ထိုင်ပြီး စီရင်ချက်ချသည်။ လက်နှိပ်စက်ဖြင့် အသင့်ရိုက်ထားပြီး တဦးစီအတွက် စီရင်ချက်များဖတ်ပြရုံသာဖြစ်သည်။

သက်သေလာထွက်သည့် ခပ်နွမ်းနွမ်းအမျိုးသမီးတယောက်ကိုတွေ့ရသည်။ ကျနော်တို့ဘက်ကိုကြည့်ပြီး သက်သေထွက်ဆိုရာတွင် "ကျမ ကဗျာဆရာမောင်ပန်းမွှေးကို တက္ကသိုလ်ဝင်းထဲမှာ တွေ့လိုက်ပါတယ်တဲ့" နောက်ဘာမှမပြောဘဲ ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေပါသည်။ သည်မိန်းမစိတ်မမှန်ဟု တွေးလိုက်မိပါသည်။ ကျနော်တို့စစ်ခုံရုံး(၃)တွင် မောင်ပန်းမွှေး မပါပေ။

ဘယ်သူ ထောင်ဘယ်လောက်ကျသွားသည်ကို အမည်၊ ပုဒ်မနှင့်ထောင်ကျနှစ်များ ဖတ်ပြသွားသည်။ တယောက်က ထောင်ကျရက်ကိုထပ်မေးမိ၍ တရားသူကြီးကပြန်ရှာ ဖတ်ပြရသည်ကို တွေ့မိလိုက်သေးသည်။

"မင်းတို့ထောင်ကျသွားပြီး ဘာပြောချင်သေးသလဲ" ဟု တရားသူကြီးဗိုလ်မှူးတဦးက မေးရာ ကျနော်ကမနေနိုင်တော့ဘဲ "အမှားအမှန်ကိုတော့ ဘာမှမပြောလိုပါ။ သမိုင်းနဲ့ ပြည်သူတွေက အဆုံးအဖြတ်ပေးပါလိမ့်မယ်" လို့လွှတ်ခနဲထွက်လိုက်တော့ သူမျက်နှာမည်းသွားသည်။ ကျနော့်ကိုသူကစိုက်ကြည့်နေစဉ်ဘေးနားမှ အထက်တန်းရှေ့နေကြီး ဦးကျော်လင်း (အင်းစိန်)ကထပ်ပြောလေကွာလို့ တိုးတိုးလေး ထပ်ပြောတာ သိလိုက်ရပါသည်။

အဆောင်ပြန်လာတော့ ဦးကျော်လင်း မပါလာတော့ပြီ။ သူ့ကိုတိုက်ထဲပြန်ပို့လိုက်သည်ဟုသိရပါသည်။ ကျနော်သည်လိုပြောအောင် ဦးကျော်လင်းက မြှောက်ပေးတာလားလို့ တိုက်ထဲမှာစစ်ဆေးမေးမြန်းကြောင်း နောက်မှ သိရပါသည်။

* * *

ကျနော်တို့ စုစုပေါင်း(၅၂)ယောက်မှာ နောက်ဆုံးထောင်ကျခြင်းဖြစ်ပါသည်။ ခေါင်းဆောင်များဟုယူဆသူ၊ တက်ကြွစွာ စည်းရုံးပါဝင်လှုပ်ရှားခဲ့သူများဟုဆိုကြပါသည်။ ဈာပနနှင့် ပတ်သက်ပြီး ထောင်ထဲရှိ အဖမ်းခံရသူ ပေါင်း(၅၀၀၀)ကျော်ရှိပါသည်။ စစ်ဆေးထောင်ချ၊ တသုတ်ပြီးတသုတ်လွှတ်ခဲ့ပါသည်။ ဈာပနသို့ လာရောက်ကြည့်ရှုဂါရဝပြုကြသော ပြည်သူများတွင် လူပေါင်းစုံပါသည်။ စစ်တပ်က ဗိုလ်ကြီး၊ ရှေ့တန်းပြန် ကွန်မင်ဒိုများအပြင် မူလတန်းကျောင်းသားလေးများအထိပါသည်။ ထောင်ကျကြမ်းခင်းဈေးမှာ အနိမ့်ဆုံး(၁)နှစ်မှ (၃)နှစ်ထိ၊ တခါ(၄)နှစ်မှ(၁၀)နှစ်အထိဖြစ်ကြပါသည်။ (၁)နှစ်မှ(၃)နှစ်ကိုတော့ (၃)လ(၄)လ အကြာတွင် ပြန်လွှတ်ပေးလိုက်ကြပါသည်။ ကျနော်တို့အသုတ်ကိုတော့ပြန်မလွှတ်ပါ။ ကျနော်တို့အသုတ်တွင် သရက်တောကျောင်းတိုက် မှ ဆရာတော်ဦးသီလစာရအပါအဝင်ဘုန်းတော်ကြီး (၅)ပါး၊ အလယ်တန်းကျောင်းသူ မငွေးငွေးဝင်း (ကိုတင်မောင်ဦး နှမ) လေတပ်မှ တပ်ကြပ်ကြီးတဦး၊ ဆရာဝန်၊ရှေ့နေ၊ အင်ဂျင်နီယာ၊ ဦးရဲထွန်း(ဒေါက်တာဘမော်သားမက်ရှေ့နေကြီး)၊ နိုင်ငံရေးအတွေ့အကြုံရှိသူများ။ လက်ရှိတက္ကသိုလ်ကျောင်းတက်နေသောသူများ၊ ဦးသန့်ဂူဆောက်ရာတွင် စေတနာနှင့် ပါဝင်ကူညီသောသူများ၊ ပန်းချီဆရာများ၊ ဈာပနကိုတက်ကြွစွာဖြင့်လှုပ်ရှားခဲ့သောမန္တလေးဆောင်မှ CEC များ၊ ဘွဲ့နှင်းသဘင်ခန်းမမှ ဈာပနကော်မီတီဝင်များ.... စသည်ဖြင့်ပါကြပါသည်။

အဆောင်(၃)အပေါ်ထပ်၊ အခန်း(၃)သည် ကျနော်တို့(၅၂)ဦးအတွက် သုံးပုံနှစ်ပုံပင် မပြည့်တတ်ပါ။

* * *

အခန်းထဲရောက်တော့ ကိုယ့်နေရာလေးမှာ ကိုယ်ပြန်ပြီးလှဲနေကြရင်း ရှေ့ဆက်ရမယ့် အခြေအနေများကိုလည်း တွေးနေမိကြပါသည်။ အထက်တန်းရှေ့နေကြီး(၂)ဦးဖြစ်သည့် ဦးကျော်လင်း(အင်းစိန်)နှင့်တွံတေးသိန်းဝင်း (အထက်တန်းရှေ့နေ)တို့ကို ထောင်အကြောင်းနှင့် ပတ်သက်ပြီးမေးမြန်းကြည့်ပါသည်။ သူတို့က ဒီနေရာမှာထားချင်ထားမည် လူချင်းခွဲထားချင်ထားမည်၊ ရောက်တဲ့နေရာတွင်အဆက်အသွယ်မပြတ်ဖို့တော့ပြောကြပါသည်။

"ခုနက အခန်းပိတ်သွားတဲ့ 'အဘမျှင်' မျက်နှာကိုကြည့်ရတာတမျိုးဖြစ်ကြောင်း ကျနော်ကပြောပြတော့" သူတို့လည်းသတိထားမိကြောင်းပြောပြပါသည်။

ကျနော်တို့ကို အထူးစောင့်ကြပ်ပြီး တာဝန်ယူတံခါးဖွင့်ပိတ်ပေးနေသော အဘမျှင် (ထောင်ဝါဒါကြီး)မှာ အသက်(၅၀)ခန့်ရှိပြီ ဖြစ်ပါသည်။ ပုပုပြတ်ပြတ်တောင့်တောင့် အသက်နှင့်မမျှအောင်သန်မာပြီး အတွေ့အကြုံလည်းများဟန်တူပါသည်။ ကျနော်တို့ထဲမှ ကိုဇော်ငြိမ်းလတ်၊ ကိုကြည်ဝင်းတို့နှင့်အထူးရင်းနှီးကြသူများဖြစ်ပါသည်။ သူတို့နှစ်ဦးနှင့်အဘမျှင်တို့စကားလက်ဆုံကြလေ့ရှိပါသည်။

သူတို့သည် အဘမျှင်ကို မိဘများကဲ့သို့ ခင်မင်ကြသူများဖြစ်ပါသည်။ ထောင်ဝင်စာလာလျှင် အဘမျှင်ကိုပေးကြသည်၊ အဘမျှင်ကားမယူ၊ စီးကရက်တလိပ်နှစ်လိပ်နှင့် ဆေးပေါ့လိပ် တလိပ်နှစ်လိပ်လောက်သာ ဖွာတတ်သည်။ အဘမျှင်ကို သူတို့စကြသည်။ အဘမျှင်ဝတ်စားထားပုံက ရုပ်ရှင်ဇာတ်ကားထဲက"ကောင်းဘွိုင်" နှင့်တူသလိုလိုရှိတတ်သည်။ သူတို့က"ကောင်းဘွိုင်ကြီး"ဟု ချစ်စနိုးခေါ်သည်။ "ဘာလဲကွ ကောင်းဘွိုင်ဆိုတာ နွားကျောင်းသားလို့ပြောတာလား။ မင်းတို့ကိုငါကထိန်းနေရလို့ပြောတာလား"ဟုဆိုပြီးခပ်တည်တည်နှင့်နေတတ်ပါသည်။

အဘမျှင်သည် ငယ်ရွယ်စဉ်ကထောင်ဝါဒါ အဖြစ်အမှုထမ်းခဲ့သူဖြစ်ပါသည်။ သခင်ဖေငွေး အကြောင်းမေးကြည့်ရာ သခင်ဖေငွေးမဟုတ်ဘူး 'သခင်ပေတေး'ဟု ပြောရင်းရယ်ပါသည်။ စိတ်ဓာတ် အလွန်မာပြီး အလွန်ပေပေတေတေနှင့် နိုင်ငံရေးအတွက်အလွန်ခေါင်းမာသူဖြစ်ကြောင်း ပြောပြပါသည်။

ကျနော်တို့အုပ်စုမှာ အသက်(၃၀)ကျော်သူ(၂)ဦးသာရှိပါသည်။ အဘမျှင်ကပြောလေ့ရှိသည်မှာ"မင်းတို့ကို ငါသံယောဇဉ်မတွယ်ချင်ဘူးကွာ"တဲ့။ အဘမျှင်သည် လောကရဲခန်းထဲတွင် သူ့ဘဝကိုမြှုပ်နှံထားသော်လည်း "လူသားဆန်သည့် နှလုံးသားစကားကိုတော့ ကျနော်တို့ကို ဤသို့ပြောပြပါသေးသည်။

* * *

အဆောင်(၃)အပေါ် အခန်း(၃)ပေါ်ကို စစ်ဖိနပ်သံတဒေါက်ဒေါက်နှင့်တက်လာသည်။ ခေတ္တမှိန်းပြီး အနားယူနေကြသော ကျနော်တို့အားလုံးက ခေါင်းထောင်ကြည့်ကြသည်။ အသံကိုလည်း မှတ်မိနေကြသည်။ အဘမျှင်၏ဖိနပ်သံပေတည်း။

နောက်မှတဒုန်းဒုန်းနှင့် ခပ်မြန်မြန်လျှောက်လာသောအသံကိုလည်း ကြားမိသည်။ ကျိန်းသေပါပြီ....ဒါ နံနက်စာထမင်းကိုထောင်ကျနှစ်ကြီးသမားအပြာ(၂)ယောက်က ထမ်းလာတာ။ နောက်(၂)ယောက်က ပဲဟင်းပုံးထမ်းလာကြတာဖြစ်ပါသည်။

အခန်းသော့ခလောက်ကို ခပ်ကြမ်းကြမ်းဆွဲပြီးဖွင့်သည့်အသံက ကျနော်တို့ကိုပိုပြီးဝမ်းဟာသွားစေပါသည်။ ခေါင်းရင်းမှာရှိတဲ့ကိုယ့်ပန်းကန်ပြားကိုယ်ယူ၊ ဟင်းခွက်ယူပြီးတော့ တန်းစီစောင့်ကြသည်၊ အပြာ(၄)ယောက်နှင့်လည်းရင်းနှီးနေကြပြီဖြစ်ပါသည်။

ကိုဇော်ငြိမ်းလတ်က ထမင်းနဲ့ဟင်းယူပြီး သူတို့ကိုပြုံးပြတော့ အပြာတယောက်က"မင်းတို့ကျောင်းသားတွေ ထောင်ကျနေတာကိုပဲဂုဏ်ယူနေကြလားမသိဘူး" လို့ ပြောသံကြားလိုက်ရပါသည်။ ကျနော်တို့အားလုံးပြုံးမိကြသည်။ အချုပ်ရက်၊ စစ်ဆေးခံရတဲ့ရက်တွေနဲ့စာရင် ထောင်မြန်မြန်ကျ။ လွတ်ရက်ကိုသိရ။ အိမ်နဲ့ဆက်သွယ်ခွင့်ရတော့မှာမို့ ဝမ်းသာနေကြခြင်းဖြစ်ပါသည်။ ထိုနေ့က ထောင်ကျစနေ့မို့ ဘာမှထူးထူးခြားခြားတော့ မခံစားရသေးပါ။

"စားကြဟေ့....စားကြ။ နောက်ပုံစံဟင်း ပဲရတော့မယ်။" သူတို့ဘာကိုဆိုလိုမှန်းမသိပေမယ့် ထိုနေ့ထမင်းကတော့ ဟင်းရော၊ ထမင်းရော ငါးပိရော သွားရည်ယိုစရာပင်။

အဘမျှင်ကား....ဟင်းကို ပုံမှန်ခပ်ပေးနေသော်လည်း စကားမပြောတော့ပေ။ "အဘနေမကောင်းဘူးလား" ကိုဇော်ငြိမ်းလတ်က မေးဖြစ်အောင်မေးလိုက်သေးသည်။ အဘမျှင်ကားဘာမှမပြော။ သူ့မျက်လုံးထဲတွင် ကြေကွဲမှုအစလေးများကိုတွေ့လိုက်ရသည်။

* * *

ဟေ့ကောင်"ဗိုက်ကလေး"မင်းမအိပ်သေးဘူးလား။ သူများတွေမှိန်းနေပြီ၊ မင်းရော ဘာလုပ်နေတာလဲ'စိုးကြီး'ကိုတင်စိုး (တတိယနှစ်စိတ်ပညာ-ရခိုင်-ဂုတိုင်းကတို့ရွာသား) က ခေါင်းရင်းတွင် သီချင်းတပုဒ်ကို စည်းခေါက်ပြီး

စာမျက်နှာ(၄) ကော်လံ(၁)သို့ ▶

# ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသားခိုးကိုးရာမဲ့ ကလေးသူငယ်များ တနေ့တခြားပိုမိုတိုးပွားလာခြင်း

ရာပေါင်းများစွာသော မြန်မာနိုင်ငံသား ဆယ်ကျော်သက်ကလေးငယ်များသည် မြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် စီးပွားရေးအကြပ်အတည်းကို ရှောင်ရှားရန် ထိုင်းနိုင်ငံသို့ တနေ့တခြားတိုးပွား ရောက်ရှိလာနေကြောင်း၊ အဆိုပါ ကလေးငယ်များသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး မြန်မာနိုင်ငံတွင် ကျန်ရှိနေသည့် သူတို့၏မိသားစုများကို ပြန်လည်ထောက်ပံ့နေကြကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ၏ လူ့အခွင့်အရေးရာမှတ်တမ်းတင်အဖွဲ့၌ အလုပ်လုပ်ကိုင်နေသူ ခရစ်ကပြောပြခဲ့သည်။

မကြာသေးမီ လပိုင်းအတွင်းက ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသားအလုပ်သမားများဆိုင်ရာထိုင်းပေါ်လစီအသစ်ကြောင့် များစွာသော ကလေးငယ်များသည် အလုပ်အကိုင်ရှာဖွေရန် ခက်ခဲလာနေပြီး လမ်းမများပေါ်ထွက်ကာ တောင်းရမ်းစားသောက်နေရကြောင်း သတင်းရရှိသည်။ "အဲဒီ့ကလေးအများစုဟာ စာမတတ်ပေမတတ်တွေဘဲ၊ သူ့တို့ထဲက တချို့ကပဲ စာသင်ဖို့အခွင့်အရေးရရှိခဲ့တယ်" ဟု ထိုင်းနိုင်ငံမဲဆောက်မြို့အခြေစိုက် မိဘမဲ့စာသင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခိုင်ဦးမောင်ကပြောကြားခဲ့သည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် လူ့အခွင့်အရေးမှတ်တမ်းစာရင်းကလည်း ဘန်ကောက်မြို့တမြို့ထဲမှာပင် အသက် ၁၃ နှစ်အောက်မြန်မာကလေးငယ် ၃ သိန်းခန့်ရှိကြောင်း ရေးသားထားသည်။ "ကျမ အထင်ပြောရရင် မဲဆောက်တမြို့ထဲမှာတောင် ကလေး(၁၀၀)ကျော်လောက်ဟာ အိုးမဲ့အိမ်မဲ့ဖြစ်နေကြတယ်" ဟု Safe House တာဝန်ခံဒေါ်သန်းသန်းအေးသည် မဲဆောက်မြို့တွင် အခြေစိုက်ကာ မိဘမဲ့ကလေး ၅ ယောက်ကိုကြည့်ရှု စောင့်ရှောက်နေခဲ့သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားမိဘအများစုသည် သူတို့၏သမီးငယ်များအသက် ၁၆ နှစ် ခန့်ရောက်လာသည်နှင့် အိမ်ထောင်ချပေးလိုက်ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ သားသမီးများကို တာဝန်ယူကျွေးမွေးစောင့်ရှောက်ရန် မတတ်နိုင်တော့သဖြင့် ဖြစ်ကြောင်းသိရှိရပါသည်။ "ဒီအိုးမဲ့အိမ်မဲ့ ကလေးငယ်တွေဟာ လမ်းတွေပေါ်မှာ ပုလင်းခွံတွေကိုလိုက်ကောက်ပြီး ပြန်ရောင်းရင်းနဲ့ ပိုက်ဆံရှာကြတာပေါ့" ဟု မဲဆောက်မြို့ရှိ မိဘမဲ့ဂေဟာတခုမှ တာဝန်ခံဦးမြင့်အောင်က ပြောပြခဲ့သည်။

"သူတို့တတွေဟာ ထိုင်းကျောင်းတွေကို မတက်နိုင်ကြဘူး။ နောက်ပြီး သူတို့ကိုယ်တိုင်က စာသင်ဖို့ထက် ပိုက်ဆံရှာဖို့ပဲ စိတ်ဝင်စားကြတယ်"ဟုကျောင်းအုပ်ဆရာကြီးဦးခိုင်ဦးမောင်ကပြောပြခဲ့သည်။ သူ့အဆိုအရ နအဖ စစ်အုပ်စုသည် မြန်မာကလေးငယ်များ ထိုင်းနိုင်ငံသို့လာရောက် အလုပ်လုပ်ကိုင်နေကြရခြင်း အပေါ်လုံးဝအာရုံစူးစိုက်မှုမရှိကြောင်းသိရသည်။ ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့က မြန်မာနိုင်ငံရှိကလေး ၁၀၀ တိုင်း၌ ၇၅ ယောက်သည် မူလတန်းပညာသင်ကြားခွင့်ရခဲ့သော်လည်း ၄ ယောက်လျှင် တယောက်နှုန်းသာ အလယ်တန်းအဆင့်ပညာကိုဆက်လက်သင်ယူကြကြောင်းဆိုသည်။ ၂၀၀၀ ပြည့်နှစ်တနှစ်ထဲမှာပင် နအဖစစ်အုပ်စုသည် အမေရိကန်ဒေါ်လာသန်း ၆ ထောင်ကို စစ်ရေးအတွက် အသုံးပြုခဲ့သော်လည်း ပညာရေးအတွက်ကိုမူ (၁)ရာခိုင်နှုန်းပင် မသုံးခဲ့ပေ။

ထိုင်းနိုင်ငံသို့ရောက်ရှိလာသော မြန်မာနိုင်ငံမှ အိုးမဲ့အိမ်မဲ့ကလေးငယ်များထဲတွင် အမျိုးသမီးများမှာပို၍ ဆိုးဆိုးဝါးဝါး ခံစားကြရသည်။ ထိုင်းပေါ်လစီအသစ်ကြောင့် အလုပ်အကိုင်ရှာဖွေရန်ခက်ခဲလာပြီး များစွာသော မိန်းကလေးများမှာ ပြည့်တန်ဆာဘဝသို့ရောက်ရှိလာခဲ့ရတော့သည်။ အချို့မှာမူ မလုပ်ချင်ပါပဲနှင့် ပြည့်တန်ဆာဘဝသို့ ရောင်းစားခံခဲ့ရသည်။

နအဖ စစ်အုပ်မှ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အာဏာလွှဲပြောင်းမပေးမခြင်း နိုင်ငံရေးမတည်မငြိမ်ဖြစ်ကာ စီးပွားရေးကပ်ဆိုးထဲနစ်မြုပ်နေဦးမည်ဖြစ်သလို မြန်မာနိုင်ငံမှ ကလေးငယ်များသည်လည်း ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ် နေကြရပေဦးမည်။ "မြန်မာအိုးမဲ့အိမ်မဲ့ ကလေးတွေရဲ့ ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက နအဖစစ်အုပ်စုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လက်သို့ အာဏာလွှဲပြောင်းပေးဖို့ ပြင်းပြင်းထန်ထန်ဖိအားပေးရမှာပေါ့" ဟုကျောင်းအုပ်ဆရာကြီး ဦးခိုင်ဦးမောင်က ပြောပြခဲ့သည်။ ■

# မြန်မာနိုင်ငံတွင်ပါလီမန်တရပ် အမြန်ဆုံးကျင်းပရန် အိန္ဒိယပါလီမန်လွှတ်တော်က တောင်းဆို

အိန္ဒိယနိုင်ငံတွင် နိုဝင်ဘာ(၂၈)ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပါလီမန်လွှတ်တော်အစည်းအဝေးတွင် မြန်မာစစ်အုပ်စုအနေဖြင့် ရွေးချယ်ခံထားရသည့်လွှတ်တော်ကိုယ်စားလှယ်များအားအသိအမှတ်ပြု၍ ပါလီမန်တရပ်ကျင်းပပေးရန် နအဖစစ်အုပ်စုကို တောင်းဆိုလိုက်ကြောင်း မဇ္ဈိမသတင်းဌာနက(၃၀-၁၁-၂၀၀၁)နေ့တွင် ဖော်ပြခဲ့သည်။

ထိုအစည်းအဝေးမှ မြန်မာစစ်အုပ်စုက ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများကိုအမြန်ဆုံးလွှတ်ပေးရန်နှင့်တရားဝင်ရွေးချယ်တင်မြှောက်ထားခြင်းခံထားရသည့်လွှတ်တော်ကိုယ်စားလှယ်များအား အသိအမှတ်ပြု၍ ပါလီမန်တရပ်ကျင်းပပေးရန်၊ ဒီမိုကရေစီစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် စသည့်အချက်များပါဝင်သော ကြေညာချက်တစောင်ကိုလက်ရှိအစိုးရပါတီမှအမတ်များနှင့် အတိုက်အခံအမတ် စုစုပေါင်း(၅၂)ဦးတို့က လက်မှတ်ရေးထိုးပြီး နအဖစစ်အုပ်စုအား တောင်းဆိုလိုက်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြထားသည်။ ■

# ဂျပန်ပြည်မှာကွယ်

**ခင်ကံ့ကော်နွေတန်ခူး**

> **ဗိုလ်မှူးချစ်ကောင်းရေးတဲ့ "အနှစ်နှစ်ဆယ်" စာအုပ်ထဲက ဗိုလ်မှူးချစ်ကောင်း ပြောခဲ့တဲ့ "အနှစ်နှစ်ဆယ်"စကားကိုသွားသတိရမိတယ်။ *တိုင်းပြည်လွတ်လပ်ရေးအတွက် နှစ်(၂၀)လုပ်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုပြန်ကြည့်တော့ ကြိုးမိန့်နဲ့ထောင်ထဲရောက် နေတယ် ... ... ...တဲ့။***

ရက်က(၁၂)ရက်။ လကစက်တင်ဘာလ။ နှစ်ကတော့၂၀၀၁ခုနှစ်(ဂျပန်နှစ်၁၃)။ ဒီနေ့ပြက္ခဒိန်မှာအနီဝိုင်းထားတယ်။ မေ့နေမှာစိုးလို့။ မနက်(၁၀)နာရီမှာ နှိုးစက်ပေးလို့ အိပ်ရာကထလိုက်တယ်။ အမြန်ဆုံးပြင်မှ JuJo က Immigration ရုံးကို (၁၁)နာရီခွဲရောက်မယ်။ အပြင်မှာရာသီဥတုကကောင်းနေတယ်။ မုန်တိုင်းကငြိမ်သွားပြီး နေခြည်လေးကဖြာနေတယ်။ အနွေးထည်အပါးလေးနဲ့ ကျောပိုးအိတ်ကို လွယ်လိုက်တယ်။ Simosa Nakayama ဘူတာကို (၁၀)မိနစ်လျှောက်၊ နောက်လက်မှတ်စက်ဖြတ်(နံနက် ၁၀နာရီခွဲ) Sobu ကရထားနဲ့ Ochanomizu ဘူတာကိုစီးနင်း လိုက်ပါခဲ့တယ်။ (နံနက် ၁၁နာရီ)မှာ Ochanomizu ကနေ Chuo Line နဲ့ Shinjuku ကို ပြောင်းစီးခဲ့တယ်။ နောက် ၁၅မိနစ်ကျတော့ Shinjuku ကနေ Jujo ကို Keio Line နဲ့ ပြောင်းစီးပြန်တယ်(နံနက်၁၁နာရီခွဲ)ပြီ။ တက္ကစီနဲ့ Jujo ကို Keio Line နဲ့ ပြောင်းစီးပြန်တယ်။ Jujo ဘူတာရောက်တော့ နံနက်(၁၁)နာရီခွဲတော့ တက္ကစီနဲ့ Jujo ကို အမြန်သွားရတယ်။ (၁၁နာရီ၄၀မိနစ်)မှာရောက်တယ်။ Serial Number Card က (၈၈)မို့ပြုံးလိုက်မိတယ်။ ရှစ်လေးလုံးကိုလည်း သတိရတယ်။ ၈၆၊ ၈၇ ပြီးတော့ကိုယ့်အလှည့်၊ မြန်မာ(၈၈)လို့ တာဝန်ကျ (IFM) က အမျိုးသမီးကပြောတော့ယူနီဖောင်းနဲ့အမျိုးသမီးတယောက်က (4F)အဆောင်ကိုခေါ်သွားတယ်။ အဲဒီနောက် အမျိုးသားအရာရှိကြီးက စစ်၊ ပုံစံတွေဖြည့်နောက်စတိုးခန်းထဲမှာကျောပိုးအိတ်ကိုထားခဲ့ရပြီး သံတိုင်နောက်ကအခန်းထဲကိုရောက်သွားတော့တယ်။ ကိုယ်အိပ်ရမယ့်စောင်၊ ခေါင်းအုံးနဲ့သောက်ရမယ့်ခွက်ကို ယူသွားရတယ်။ အထဲက အမျိုးသမီး(၁၂)ဦးကို ပုံစံအမျိုးမျိုးနဲ့တွေ့ရတယ်။ (၁)ပျော်တတ်တဲ့တရုတ်မလေး၊ (၂)ဖော်ရွေတဲ့(ထိုင်ဝမ်)မလေး၊ (၃)ရီမောနေတဲ့မွန်ဂိုမလေး၊ (၄)မော်ဒယ်Girl ပုံစံနဲ့ဖိလစ်ပိုင်မလေး၊ (၅)(Our Father)လို့အမြဲ(Bible)ရွတ်ဖတ်နေတဲ့ နိုက်ဂျီးရီးယားမလေး၊ (၆) အိပ်ရာနှစ်ခုကိုဆက်ပြီး စောင်နှစ်ထည်ကို နှစ်ယောက်အတူတူခြုံနေတဲ့ နောက်မှ ရောက်လာတဲ့တရုတ်မလေး(၂)ဦး၊(၇)(၈)ကိုယ်နဲ့ ရေမြေခြင်းဆက်နေပြီး ယဉ်ကျေးမှုခြင်း၊ ဓလေ့ခြင်း၊ ရုပ်ရည်ခြင်းတူတဲ့ ထိုင်းအမျိုးသမီး(၃)ဦး၊ (၉)(၁၀)(၁၁) အသန့်ကြိုက်တဲ့ ကိုလံဘီယာအမျိုးသမီးများ၊ (၁၂)လှပချောမွေ့တဲ့ဖိလစ်ပိုင်အမျိုးသမီးတဦး။ ဒါပေမယ့် သူတို့ဟာပေ့ါပါးပျော်ရွှင်စွာ ရှိနေကြတယ်။ အားလုံးဟာဗီဇာမဲ့တွေဖြစ်တယ်။ ဖိလစ်ပိုင်မိန်းကလေးများကတော့ဂျပန်အမျိုးသားများကလက်မထပ်လို့ဗီဇာမဲ့နဲ့ အဖမ်းခံရပါတယ်။ စိတ်သောကရောက်လို့ ကမ်းနားသွားထိုင်ပါတယ်။ အမိုက်ထုတ်ကြီး မျောလာတာတွေ့ရသလို၊ သူတို့ဥပဒေနဲ့အရေးယူခံရလို့ ထောင်ထဲရောက်သွားပါတယ်။ ဘဝစုံအကျင့်ဓလေ့စုံတဲ့ မိန်းကလေးတွေနဲ့တွေ့နေရတော့တယ်။ ဒါပေမယ့် ကျမကို အကူညီဆုံးကတော့ ထိုင်းအမျိုးသမီးတွေပါ။ သူတို့ဆေးလိပ်သောက်၊ ဖဲရိုက်ကြတယ်။ ဒါပေမယ့် သူတို့စားတဲ့အစာကို ကျမကို ပေးတယ်။ နေရောင်ပဲမြင်ရတယ်။ နေမမြင်ရ၊ မြေမမြင်ရ။ ညအခါ လရောင်၊ ကြယ်ရောင်မတွေ့ရ။ နံနက်(၇)နာရီထ၊ (၉)နာရီ သန့်ရှင်းရေးလုပ်၊ (၁၀)နာရီ နာမည်ခေါ်၊ နံနက်စာပေါင်မုန့်၊နို့နဲ့ကြက်ဥ၊ ဘယ်နှစ်နာရီမှန်းမသိအခန်းထဲမခေါ်ခင် စည်းမျဉ်းဖတ်ခဲ့ရလို့သာ အချိန်ကိုပြောနိုင်တာပါ။ (Ibarki-ken)ကို ပြောင်တဲ့လူပြောင်း၊ ထပ်ခေါ်လာလို့ ဝင်လာသူဝင်နဲ့ ဘဝသံသရာသီချင်းထဲကလို တယောက်ထွက်၊ တယောက်ဝင်ပေါ့။ ပြန်တဲ့သူပြန်၊ ရီတဲ့သူရီ၊ ငိုတဲ့သူငို၊ ပျော်တဲ့သူပျော်၊ မှဲ့တဲ့သူမှဲ့၊ ငေးတဲ့သူငေး၊ တွေးတဲ့သူတွေး၊ စိတ်ထွေထွေနဲ့ အိပ်ရာထဲလဲနေသူကလဲနေတယ်၊ လမ်းလျှောက်သူကလျှောက်၊ တီဗွီကတော့ ထိလိုက်၊ ပစ်လိုက်၊ သေလိုက်၊ ပေါက်ကွဲလိုက်၊ ချစ်လိုက်၊ တခန်းပြီးတခန်းသာပြ၊ မကြည့်လည်းကြားနေရ၊ မကြားချင်လည်း ကြားနေရပေ့။ ဒီစာရေးနေတဲ့အချိန်မှာ နှစ်ရက်လွန်ခဲ့ပြီး သုံးရက်မြောက်ပြီပေါ့။ ဘယ်လောက်ကြာဦးမလဲမသိ။ ရန်ကုန်ထောင်ထဲကသားလေးရောကျန်းမာရဲ့လား၊ ထောင်ထဲမှာ(၁၁)နှစ်နေလာခဲ့တဲ့ ခင်ပွန်းကောနေကောင်းရဲ့လား။ ဖခင်ကိုတလှည့်အစ်ကို ကိုတလှည့် ထောင်ဝင်စာပို့နေတဲ့ သမီးလေးကောနေကောင်းရဲ့လား၊ ကျမသတင်းကိုကြားတော့ ဘယ်လိုနေကြမလဲ၊ အိုး...လောကဓံနဲ့ ကံကြမ္မာက ဖိစီးလာမှတော့ တောင့်ခံယုံပဲ။ ဒီအချိန်မှာ ဗိုလ်မှူးချစ်ကောင်းရေးတဲ့ "အနှစ်နှစ်ဆယ်" စာအုပ်ထဲက ဗိုလ်မှူးချစ်ကောင်း ပြောခဲ့တဲ့ "အနှစ်နှစ်ဆယ်" စကားကိုသွား သတိရမိတယ်။ "တိုင်းပြည်လွတ်လပ်ရေးအတွက် နှစ်(၂၀)လုပ်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့ ကြိုးမိန့်နဲ့ထောင်ထဲရောက်နေတယ်တဲ့" ဒီစကားက နိုင်ငံရေးကို ကိုယ်ကျိုးစွန့်လုပ်ခဲ့တဲ့ နိုင်ငံရေးသမားစစ်စစ်တဦးရဲ့ အနှစ်သာရစကားပါပဲ။

ခုလည်းဒီမိုကရေစီအတွက်ခင်ပွန်းက (၁၁)နှစ်၊ သားက(၇)နှစ်၊ ထောင်အကျခံပြီး လုပ်ခဲ့ကြတယ်။ လုပ်နေကြတယ်၊ ကျွန်မလဲ ကိုယ့်ကိုကိုယ် ပြန်ကြည့်တော့ (Jujo) က လူဝင်မှုကြီးကြပ်ရေးရုံး အကျဉ်းခန်းထဲရောက်နေတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ နိုင်ငံတနိုင်ငံမှာ....၊ နိုင်ငံကြီးလူမျိုးကြီးတို့ရဲ့ သတ်မှတ်ထားတဲ့ ဥပဒေဘောင်ထဲမှာ.... ကျမတို့ရောက်နေခဲ့ပါတယ်။ ဂျပန်မှာကေရာဇ်ဘုရင်(၂)ဆက်ကို ကျမသက်တမ်းမှာမှီခဲ့ပါတယ်။ ပထမကေရာဇ်ဟီရိုဟီတို ကတော့ ငြိမ်းချမ်းရေးကိုကြွေးကြော်ခဲ့ပါတယ်။ ယခုလက်ရှိကေရာဇ်ကတော့ ကိုယ်ချင်းစာတရား ထားရှိရေးကို ကြွေးကြော်ထားပါတယ်။ အာဏာရှင်လက်အောက်မှာနေနေရတဲ့ မြန်မာပြည်သူထဲကတဦးဖြစ်တဲ့ ကျမ.... ဒီမိုကရေစီကိုလိုလားနေတဲ့ ပြည်သူထဲကတဦးဖြစ်တဲ့ ကျမ.... အာဏာရှင်ကို ထောင်ကျခံပြီး တိုက်ပွဲဝင်ခဲ့သူတဦးရဲ့ဇနီးဖြစ်တဲ့ ကျမ.... ထောင်ကျခံနေရဆဲ သားတယောက်ရဲ့ မိခင်ဖြစ်တဲ့ ကျမဟာ ဘယ်လိုဒုက္ခတွေ ခံစားနေရမယ်ဆိုတာ ဂျပန်ပြည်သူဂျပန်အစိုးရအနေနဲ့ ကိုယ်ချင်းစာကြည့်စေလိုပါတယ်။

မကြာခင် ဂျပန်မှာဆောင်းဝင်တော့မယ်။ မိုးစက်လေးတွေဟာ အေးခဲပြီး နှင်းပွင့်အနေနဲ့ကျတော့မယ်၊ နွေဦးနွေလယ်မှာ ဖူးပွင့်နေတဲ့ပန်းလေးတွေဟာ ငုတ်လျှိုပြီးတော့ တဆောင်းတွင်းလုံး အိပ်စက်ကြတော့မယ်။ ပတ်ဝန်းကျင်တခုလုံး နှင်းမြူတွေဖုံးလာတော့မယ်။ ကျမတို့ရဲ့နောင်ရေးကကော ဆောင်းတွင်းလိုမှုန်မှိုင်းညိုရောင်သန်းနေတော့မလား။ အနာဂတ်ရဲ့ရလဒ်ဟာ လက်ရှိအခြေအနေပေါ်မှာပဲ မူတည်နေပါတယ်။

ခုစာကိုရေးနေစဉ်မှာတော့ အေးစိမ့်စိမ့် ခံစားနေရတယ်။ သံတိုင်ကြားကိုဖြတ်ပြီး အခန်းထဲကို ဆောင်းလေဝင်နေပါရော့လား.... ဂျပန်မှာဆောင်းလေ။ ကျမပြုံးလိုက်မိပါတယ်။ "လေသည်အရောင်မရှိ၊ အနံ့မရှိ၊ အရသာမရှိ" ဟု ဓာတုဗေဒဘာသာမှာ သင်ခဲ့ရပေမယ့် လေဟာ ကျမတို့နဲ့အတူရှိနေတယ်။ နေရာတိုင်းမှာ'သူ'ရှိနေတယ်။ ဟောဒီကမ္ဘာကြီးမှာ ရှိနေတယ်။ မတွေ့မမြင်ရပေမယ့်'သူ'ရှိနေတယ်။

ဒီလိုပဲကျမတို့နဲ့အတူတူ ကျမတို့ရဲ့ခေါင်းဆောင်ရှိနေတယ်၊ ကျမတို့ ခေါင်းဆောင်လည်း ကျမတို့မြေပေါ်မှာ ကျမတို့နိုင်ငံမှာ အဖမ်းခံနေရတယ်။ နေအိမ်မှာ အကျဉ်းစံနေရတယ်။ သူမဟာ ကျမတို့အနားမှာ လေနဲ့အတူရှိနေတယ်။ 'သူမ'ပြောတဲ့စကားတွေ၊ 'သူမ'ရဲ့စေတနာ၊ 'သူမ'ရဲ့ အနစ်နာခံမှုသတင်းတွေဟာ လေဆိုတဲ့ကြားခံနယ်ကိုဖြတ်ပြီး ဂျပန်ပြည်က ကျမတို့အနားဆီရောက်လာတယ်။

ခုလိုဒီမိုကရေစီနိုင်ငံတခုက ငြိမ်းချမ်းရေးကိုလိုလားတဲ့ အစိုးရလက်ထက်မှာ.... ကိုယ်ချင်းစာတရားကို လက်ကိုင်ထားတဲ့ လူမျိုးတွေရှိရာ ဂျပန်ပြည်မှာ.... ဒီမိုကရေစီစနစ်ကို ကြိုးပမ်းနေတဲ့ ကျမတို့တတွေ....၊ မြန်မာနိုင်ငံကို နှစ်ရှည်အာဏာရှင်စနစ်နဲ့ အုပ်စိုးနေတဲ့အစိုးရလက်အောက်ကရုန်းမထွက်နိုင်တဲ့ ပြည်သူတွေရဲ့လွတ်မြောက်ရေးကို ကြိုးပမ်းနေတဲ့ ကျမတို့တတွေကို....၊ ခုလိုအကျဉ်းချထားခံရတာကတော့ ရှားနားကမြွက်ကို ရှာနွားမစား ဆိုသလို ဒီမိုကရေစီစနစ်ကိုချမှတ်ခဲ့ပေမယ့် ချမှတ်တဲ့ အစိုးရကိုယ်တိုင်က မလိုက်နာဘူးဆိုတာ တွေ့နေရပါတယ်။

ငြိမ်းချမ်းရေးကိုလိုလားပြီး ကိုယ်ချင်းစာတရားကို လက်ကိုင်ထားမယ်ဆိုရင်တော့ ကျမတို့တတွေဟာ ဒီအခန်းကျဉ်းလေးထဲက လွတ်မြောက်ပြီး ဂျပန်မြေပေါ်ပြန်လည်ခြေချနိုင်မှာဖြစ်မှာပါပဲ။ အင်အားကြီးသူဟာ အင်အားငယ်သူကို ဖေးမကူညီရမှာ လောကဓမ္မတာမဟုတ်ပါလားရှင်။ ■

# ကလေးသူငယ်များ၏ကိုယ်ခန္ဓာအားရောင်းဝယ်ဖောက်ကားနေမှုသည် အကြမ်းဖက်မှုတခုဖြစ်သည်ဟု ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ကျင်းပပြုလုပ်နေသည့် “ကလေးသူငယ်များအားအသပြာငွေကြေးဖြင့်ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုဆန့်ကျင်ရေးဒုတိယအကြိမ်မြောက်တကမ္ဘာလုံးဆိုင်ရာကွန်ဂရက်” မှ ဝေဖန်ပြောဆို

၂၀၀၁ ခုနှစ် ဒီဇင်ဘာလ (၁၇)ရက်နေ့မှစ၍ ဂျပန်နိုင်ငံ တိုကျိုမြို့တော်အနီးရှိ ယိုကိုဟားမားမြို့၌ “ကလေးသူငယ်များအားအသပြာငွေကြေးဖြင့်ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုများဆန့်ကျင်ရေး ဒုတိယအကြိမ်မြောက်တကမ္ဘာလုံးဆိုင်ရာကွန်ဂရက်” ကိုစတင်ကျင်းပခဲ့ပြီး နိုင်ငံပေါင်း (၁၃၇)နိုင်ငံမှ ကိုယ်စားလှယ် (၃)ထောင်ကျော် တက်ရောက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာန အဆိုအရ သိရှိရသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့မှ အစိုးရများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ စုပေါင်းပြီးပထမအကြိမ်ကွန်ဂရက်ကို လွန်ခဲ့သော (၅)နှစ်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့ဖူးသည်။ ပထမအကြိမ် ကွန်ဂရက်ကျင်းပပြီးနောက်ပိုင်း ကလေးသူငယ်များအားအသပြာငွေကြေးဖြင့် ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုကို အတန်အသင့် ထိန်းချုပ်တားဆီးနိုင်ခဲ့သော်လည်းပိုမိုလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်နေသေးသည်ဟု ဦးစီးကျင်းပခဲ့သူများက ပြောဆိုကြသည်။

“ကလေးသူငယ်တွေရဲ့ ခန္ဓာကိုယ်အသွေးအသားကိုအလွဲသုံးစားလုပ်ပြီးကုပ်သွေးစုပ်ရောင်း ဝယ်ဖောက်ကားနေတာတွေဟာ အကြမ်းဖက်မှုမျိုးနဲ့သူမသာကိုယ်မသာပါဘဲ။ နိုင်ငံတခုရဲ့ သက်ဆိုင်ရာနယ်နမိတ်အတွင်းမှာ ပြည့်တန်ဆာအဖြစ်ရောင်းစားခံရတာတွေ၊ နိုင်ငံတခုရဲ့ သက်ဆိုင်ရာနယ်နိမိတ်တွေကို ကျော်ဖြတ်ပြီး ပြည့်တန်ဆာအဖြစ်ရောင်းစားခံရတာတွေ၊ အဖော်အချွတ်မဂ္ဂဇင်းတွေ၊အဖော်အချွတ်ရုပ်ရှင်တွေထဲ အဓမ္မသရုပ်ဆောင်ခိုင်းခံရတာတွေ၊ အရွယ်မရောက်မီ အလုပ်စေခိုင်းခံရတာတွေကို ကျမတို့အတော်များများတွေ့မြင်နေကြရပါတယ်။ ဒုက္ခသည်ကလေးသူငယ်တွေ၊ မိဘမဲ့ကလေးသူငယ်တွေ၊ အစွန့်ပစ်ခံ၊ အပယ်ခံကလေးသူငယ်တွေ၊ အိမ်ဖော်အဖြစ်လုပ်ကိုင်နေကြရတဲ့ကလေးသူငယ်တွေ၊ လက်နက်ကိုင်ပဋိပက္ခတွေကြားက ကလေးသူငယ်တွေကအစပေါ့။ ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်ပတ်ဝန်းကျင်ပြင်ပမှာ အရွယ်မရောက်သေးတဲ့မိန်းကလေးတွေ ကိုယ်ထိလက်ရောက်ကျူးလွန်စော်ကားခံရတာတွေဟာ မဖြစ်သင့်တဲ့အဖြစ်အပျက်တွေဘဲပေါ့”ဟု UNICEF ခေါ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကလေးများရံပုံငွေအဖွဲ့၏ ညွှန်ကြားရေးမှူး Ms. Carol Bellamy က ဂျပန်နိုင်ငံ တိုကျိုမြို့တော်အနီးရှိ ယိုကိုဟားမားမြို့၌ကျင်းပပြုလုပ်နေသော “ကလေးသူငယ်များအားအသပြာငွေကြေးဖြင့် ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုဆန့်ကျင်ရေး ဒုတိယအကြိမ်မြောက် တကမ္ဘာလုံးဆိုင်ရာကွန်ဂရက်” ၏ ပထမနေ့အဖွင့်မိန့်ခွန်းထဲ၌ထည့်သွင်းပြောကြားသွားခဲ့သည်။

ဆက်လက်၍ Ms. Carol Bellamy က မရေမတွက်နိုင်သည့် ကလေးသူငယ်များအခွင့်အရေးချိုးဖောက်ခံနေရမှုများအမြန်ဆုံး အဆုံးသတ်သွားစေရန် ကမ္ဘာတဝှမ်းရှိအစိုးရများ၊ ဥပဒေရေးရာကျွမ်းကျင်သည့်အေဂျင်စီများ၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့များ အနေဖြင့် အားသွန်ခွန်စိုက်လုပ်ကိုင်ကြိုးစားသင့်ကြောင်း အလေးအနက်တောင်းဆိုသွားခဲ့ကြောင်း သိရှိရသည်။

(၄)ရက်ကြာကျင်းပမည့်အဆိုပါ“ကလေးသူငယ်များအား အသပြာငွေကြေးဖြင့် ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုဆန့်ကျင်ရေး ဒုတိယအကြိမ်မြောက်တကမ္ဘာလုံးဆိုင်ရာကွန်ဂရက်”ကိုဂျပန်နိုင်ငံ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် ကလေးများရံပုံငွေအဖွဲ့နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများစုပေါင်းပြီး ဦးစီးကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မာကီကိုတာနာကာ ကလည်း ကလေးသူငယ်များအားအသပြာငွေကြေးဖြင့် ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုများ အဆုံးသတ်သွားစေရန် တကမ္ဘာလုံးအတိုင်းအတာဖြင့် အမြန်ဆုံးကြိုးစားသင့်ကြောင်း တိုက်တွန်းပြောကြားသွားခဲ့သည်။ “ငွေကြေးအမြတ်အစွန်းကိုကြည့်ပြီး ကလေးသူငယ်တွေရဲ့ကိုယ်ခန္ဓာကို ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေတာဟာ အင်မတန်ဆိုးဝါးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုပါဘဲ”ဟု မာကီကိုတာနာကာ ကပြောကြားသွားခဲ့သည်။

ယခု အသက် (၃၀)နှစ် ရှိပြီဖြစ်သော ကနေဒါနိုင်ငံသူ Cherry Kingsley ကလည်း သူမ၏ငယ်စဉ်ကလေးဘဝပြည့်တန်ဆာ ဖြစ်ခဲ့ရပုံ၊ ပြည့်တန်ဆာဘဝ၌ကျင်လည်ကျက်စားခဲ့ကြသည့်သူမ၏သူငယ်ချင်းအချို့ မူးယစ်ဆေးစွဲခဲ့ရပုံ၊ အိတ်(ဇ)ရောဂါခံစားကြရပုံ၊ ကိုယ့်ကိုယ်ကိုသတ်သေသွားကြပုံများကို ရှင်းလင်းပြောကြားသွားခဲ့ကြောင်း သတင်းရရှိသည်။

“ဘန်ကောက်မြို့ပြည့်တန်ဆာခန်းများမှသည် မနီလာမြို့ လူသွားလမ်းများအထိ၊ မော်စကိုမြို့တော် ရထားဘူတာရုံများမှသည် တန်ဇေးနီးယားနိုင်ငံရှိ မော်တော်ကားလမ်းများပေါ်အထိ၊ နယူးယောက်မြို့တော်ဆင်ခြေဖုံးရပ်ကွက်များမှသည် မက္ကဆီကိုနိုင်ငံ ပင်လယ်ကမ်းခြေများအထိ ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်းများ မမြင်ချင်အဆုံးဖြစ်နေပေသည်” ဟု ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်ထဲ၌ ထုတ်ပြန်ခဲ့သည့်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကလေးများရံပုံငွေအဖွဲ့အစီရင်ခံစာထဲ၌ ရေးသားထားပေသည်။

“ကလေးသူငယ်များအား အသပြာငွေကြေးဖြင့် ကုပ်သွေးစုပ်ရောင်းဝယ်ဖောက်ကားနေမှုဆန့်ကျင်ရေး ဒုတိယအကြိမ်မြောက် တကမ္ဘာလုံးဆိုင်ရာကွန်ဂရက်”၏ လေ့လာဆန်းစစ်ချက်အရ ကမ္ဘာတဝှမ်းလုံး၌အရွယ်မရောက်သေးသည့် ကလေးသူငယ်ပြည့်တန်ဆာ စုစုပေါင်း(၁)သန်းခန့်ရှိမည်ဟုသိရသော်လည်း အချို့လေ့လာသုံးသပ်သူများက (၅)သန်း ခန့်ရှိနိုင်သည်ဟု ခန့်မှန်းနေကြကြောင်း သတင်းများရရှိသည်။ ■

# သံဗုနောင့်အောက်က တတိယကမ္ဘာ

လူမောင်

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ တကမ္ဘာလုံး ဆိုင်ရာ အရင်းရှင်စံနစ်သစ်၏ ဆိုးမွေကို တတိယနိုင်ငံများမှာ စီးပွားရေးအရပင် ခါးစည်းခံကြရသည် မဟုတ်ပေ။ သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတအရင်းအမြစ် အမြောက်အမြားပျက်စီးဆုံးရှုံးမှုတို့၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် ရာသီဥတုဆိုးရွားစွာဖောက်ပြန်ခြင်း၊ သဘာဝဘေးအန္တရာယ်မျိုးစုံကျရောက်ခြင်းတို့ကိုပါ ရင်ဆိုင်ရသည့်အတွက် အထပ်ထပ်အခါခါ နစ်နာဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံတကာကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့၏ ( ICRC International Committee of Red Cross and Red Crescent) ၂၀၀၁ ခုနှစ်တွင် တင်သွင်းသော ကမ္ဘာ့ဘေးဒုက္ခဆိုးများ အစီရင်ခံစာတွင် ကမ္ဘာ့ရာသီဥတုအပြောင်းအလဲနှင့် ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာ့လွှမ်းခြုံဆက်စပ်မှုကြောင့် ရေလွှမ်းမိုးမှု၊ မိုးခေါင်မှု၊ အခြားသဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ပြီး ဆင်းရဲသားများ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း၊ ဝတ်မွတ်ခေါင်းပါးမှုဒဏ်ကိုခံစားနေရခြင်းများရှိခဲ့သည်ဟု ဖော်ပြပါရှိသည်။ အာရှတိုက်တွင် ရေလွှမ်းမိုးမှုဘေး၊ အာဖရိကဦးချိုဒေသ (အီသီယိုးပီးယား၊ အီရီးထရီးယား၊ ဆိုမာလီယာ၊ ကင်ညာ၊ ဂျီဘူတီ) တွင်မိုးခေါင်ရေရှားမှုဘေး၊ လက်တင်အမေရိကတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဘေးတို့ ရင်ဆိုင်ရမှုကြောင့် ကြီးပွားတိုးတက်မှု၊ တည်ဆောက်မှုများ ပျက်စီးကုန်ကြရသည်ဟု ဖော်ပြခဲ့သည်။

ဤသို့ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ချိန်ခွင်လျှာ တဖက်စောင်းနင်းဖြစ်နေချိန်တွင် ချမ်းသာကြွယ်ဝသော နိုင်ငံကြီးများက ဂလိုဘယ်လိုက်ဇေးရှင်း ကြွေးကြော်သံဖြင့် ဟစ်ကြွေးခြိမ်းခြောက်လာသည်။ ၎င်းတို့ကဂလိုဗယ်လိုက်ဇေးရှင်းသည် ဆင်းရဲမွဲတေနေသော တတိယကမ္ဘာနိုင်ငံများကို ချမ်းသာသောနိုင်ငံများက ကူညီစေပြီး ဆင်းရဲမှုလျော့နည်းလာကာ ချမ်းသာလာစေနိုင်သောနည်းလမ်းဟုဆိုသည်။ ချမ်းသာသော နိုင်ငံများက လွှမ်းမိုးထားသော ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်၊ ဒဗလျူတီအိုတို့က ဂလိုဘယ်လိုက်ဇေးရှင်းကို အကောင်အထည်ဖော်နိုင်ရန် ကြိုးစားလာသည်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြင့် ဆင်းရဲသောနိုင်ငံများကို ငွေကြေး ထောက်ပံ့ချေးငှားခြင်း၊ စက်မှုနည်းပညာများဖြန့်ဖြူးခြင်း စက်မှုကုမ္ပဏီများကအခြေစိုက်ပြီး စက်ကရိယာများ ထုတ်လုပ်ခြင်းတို့ဖြင့် ထိုနိုင်ငံများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်သည်ဟုဆိုလာသည်။ အမှန်မှာတတိယကမ္ဘာရှိမြေပေါ်မြေအောက်သယံဇာတ အရင်းအမြစ်များ၊ ကျယ်ပြောသော ဈေးကွက်သစ်များ၊ ဈေးချိုသော ကုန်ကြမ်းပစ္စည်းများနှင့်လုပ်သားအင်အားများမှာ ၎င်းတို့အတွက် ဆွဲဆောင်မှုအရှိဆုံးသော ဝေါဟာရများဖြစ်နေသောကြောင့် ဖြစ်သည်။

တတိကကမ္ဘာ၏အမြင်မှာမူ ဂလိုဘယ်လိုက်ဇေးရှင်းသည် တကမ္ဘာလုံးဆိုင်ရာအရင်းရှင်စံနစ်သစ် ဖြစ်သည်။ စီးပွားရေးအရ ကျွန်ပြု၍ သွေးစုပ်ချယ်လှယ်သောနည်းသစ်တခုဖြစ်သည်၊ ကြွေးထူသည်ထက်ထူလာပြီး ကြွေးလည်ပင်းခိုက်စေသော နည်းသစ်သာ ဖြစ်သည်ဟုဆိုကာ ဂလိုဘယ်လိုက်ဇေးရှင်းကို အပြင်းအထန်ဆန့်ကျင်ကန့်ကွက်လာကြသည်။ ထို့အပြင်တိုးတက်လာသော သတင်းဆက်သွယ်ရေးနည်းပညာ (Information Communication Technology) သည် ဆင်းရဲသောနိုင်ငံများအတွက် လွတ်လပ်စေသည့်နည်းပညာ(Technologies of Freedom)မဟုတ်၊ ကိုလိုနီကျွန်ပြုရေးနည်းပညာ (Information Colonization) သာဖြစ်သည်၊ ဆင်းရဲသောနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ကြဉ်းမပေးနိုင်ဟု ယူဆကြသည်။ စက်မှုထိပ်သီးနိုင်ငံများနှင့် နိုင်ငံလွန်ကော်ပိုရေးရှင်းကြီးများ လွှမ်းမိုးချယ်လှယ်သည့် ဂလိုဗယ်လိုက်ဇေးရှင်းကို ဆန့်ကျင်လာသူများမှာ တတိယကမ္ဘာတင်မက ၎င်းတို့နိုင်ငံမှ အသိပညာရှင်၊ အတတ်ပညာရှင်၊ အလွှာပေါင်းစုံမှ လူများလည်းပါဝင်နေပေသည်။ အလုပ်သမားသမဂ္ဂများ၊ လယ်သမားသမဂ္ဂများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ၊ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များ၊ လက်ဝဲဝါဒီများ၊ အမျိုးသားရေးအစွန်းရောက်ဝါဒီများ၊ မင်းမဲ့ဝါဒီများ၊ ဘာသာရေးအဖွဲ့များပါဝင်နေသည်ကိုတွေ့ရပေသည်။

**တတိယကမ္ဘာသည် ယခင် နယ်ချဲ့ကိုလိုနီစံနစ်ဆိုး၏ ဒဏ်ကို သေကောင်ပေါင်းလဲခံခဲ့ရပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများ နလံထူနိုင်သည့်အနေအထားသို့ မရောက်မီမှာပင်…**

၁၉၉၈ ခုနှစ်၊ဗြိတိန်နိုင်ငံ၊ဘာမင်ဟမ်မြို့တွင်ကျင်းပခဲ့သည့်စက်မှုထိပ်သီး(၈)နိုင်ငံ(G-8) အစည်းအဝေးကချမှတ်ခဲ့သော ကြွေးတောင်းရေးအစီအစဉ်ကိုကန့်ကွက်သည့်အနေဖြင့် လူပေါင်း (၅၀၀၀၀)ကငင်း၊ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ အမေရိကန်နိုင်ငံ စီယက်တယ်လ်မြို့တွင် ကျင်းပခဲ့သော အဖွဲ့ဝင်နိုင်ငံပေါင်း(၁၃၅)နိုင်ငံပါဝင်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး(WTO) ၏ အစည်းအဝေးပွဲတွင် လူပေါင်း(၄၀၀၀၀)ခန့်ကငင်း၊ ၂၀၀၀ ခုနှစ် စက်တင်ဘာလ ချက်ကိုစလိုဗက်နိုင်ငံ ပရာဘာမြို့တွင်ကျင်းပခဲ့သော ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ ပူးတွဲအစည်းအဝေးတွင် လူပေါင်း(၁၂၀၀၀)ကငင်း၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ၊ အီတလီနိုင်ငံ၊ ဂျီနိုအာမြို့တွင် ကျင်းပခဲ့သည့် စက်မှုထိပ်သီး(၈)နိုင်ငံ(G-8)အစည်းအဝေးတွင် လူပေါင်း (၁၅၀၀၀၀)ကငင်း၊ ဆန့်ကျင်ဆန္ဒပြခဲ့ပြီး ၂၀၀၁ ခုနှစ်ထဲတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ကျင်းပရန်စီစဉ်ထားသည့် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့(IMF) တို့၏ (WTO)အစည်းအဝေးတွင် လူပေါင်း(၁၀၀၀၀၀)က ဆန့်ကျင်ဆန္ဒပြရန်လည်း စီစဉ်ထားကြသည်။ စီယက်တယ်လ်မှသည် ဂျီနိုအာအထိ (၂)နှစ်မပြည့်မီအတောအတွင်း ပြုလုပ်ကျင်းပခဲ့သော WTO, IMF, G-8, WEF အစရှိသည့် အစည်းအဝေးပွဲပေါင်း(၁၁)ကြိမ် ပြုလုပ်ခဲ့ပြီး လူထောင်ပေါင်းများစွာတို့က ဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ ဆန္ဒပြပွဲအားလုံး၏ထုတ်ဖော်ပြောဆိုချက်များမှာ အနှစ်ချုပ်ကြည့်လျှင် အရင်းရှင်စက်မှုနိုင်ငံကြီးများနှင့် နိုင်ငံလွန်ကော်ပိုရေးရှင်းကြီးများ၏ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလက်ဝါးကြီးအုပ်မှုကို လုံးဝလက်မခံကြခြင်းပင်ဖြစ်သည်။

ယခင်က စစ်ရေးအရ မဟာမိတ်စုဖွဲ့၍ ကမ္ဘာကြီးကို လွှမ်းမိုးချယ်လှယ်နိုင်ရန် ကြိုးစားအားထုတ်ခဲ့ကြသလို ယခုအခါ ရောမကော်ပိုရေးရှင်းကြီးများ စီးပွားရေးအရ မဟာမိတ်စုဖွဲ့လာကြသည်။ စစ်အေးခေတ်ပြီးဆုံးသောအခါ အမေရိကန်အနေဖြင့် တခုတည်းသော မဟာအင်အားကြီးနိုင်ငံဖြစ်လာ၍ တခုတည်းသော ဝင်ရိုးပေါ်တွင် မှီတည်လာရမည့်ကမ္ဘာဟု ယူဆနိုင်သော်လည်း စီးပွားရေးအရ မဟာမိတ်စုဖွဲ့လာသော ဂလိုဘယ်ကော်ပိုရေးရှင်းကြီးများမှာ ဝင်ရိုးသစ်တခုအဖြစ် နေရာဝင်ယူရန် တာစူနေသည်ဟု လေ့လာသုံးသပ်သူများက ယူဆလာကြသည်။ ထိုဝင်ရိုးသစ်သည် နိုင်ငံအသီးသီးရှိ အုပ်ချုပ်သူအစိုးရအဖွဲ့ထက်များစွာပို၍ တန်ခိုးအာဏာကြီးထွားလာနေသည်ဟု ဆိုသည်။ အမှန်တကယ်ပင် ဂလိုဘယ်ကော်ပိုရေးရှင်းကြီးများသည် ဝင်ရိုးသစ်အဖြစ်နေရာဝင်ယူနိုင်ပြီဆိုလျှင်လည်း ယခင်စစ်အေးခေတ်က ဝင်ရိုး(၂)ခုကဲ့သို့ အင်အားချိန်ခွင်လျှာ ထိန်းညှိသော ရပ်တည်မှုပုံစံဖြစ်လာမည် မဟုတ်ဘဲ ကမ္ဘာ့ဂြိုလ်တခုလုံးဝင်ရိုး(၂)ခု၏ လွှမ်းမိုးချယ်လှယ်မှုအောက်သို့သာ ရောက်သွားဖွယ်ရှိသည် ။

တတိယကမ္ဘာသည် ယခင်နယ်ချဲ့ကိုလိုနီစံနစ်ဆိုး၏ဒဏ်ကို သေကောင်ပေါင်းလဲခံခဲ့ရပြီး နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးအကြပ်အတည်းများ နလံထူနိုင်သည့်အနေအထားသို့ မရောက်မီမှာပင် စက်မှုထိပ်သီးနိုင်ငံများနှင့် ဂလိုဘယ်ကော်ပိုရေးရှင်းကြီးများ လွှမ်းမိုးချယ်လှယ်သည့် တကမ္ဘာလုံးဆိုင်ရာ အရင်းရှင်စံနစ်သစ်၏ ဒဏ်ကိုခံစားရမလိုဖြစ်နေသည်။ ဂလိုဘယ်လိုက်ဇေးရှင်းက ကမ္ဘာလုံးဆိုင်ရာလက်ဝါးကြီးအုပ်မှုကို စီစဉ်နေစဉ် တတိယကမ္ဘာအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စုစည်းညီညွတ်မှုရှိရန် လိုအပ်ပေသည်။ စစ်အေးခေတ်ပြီးနောက် အရှေ့အနောက်အင်အားချိန်ခွင်လျှာ ထိန်းညှိမှု တခန်းရပ်ခဲ့သော်လည်း ရှေ့အနာဂါတ်၌ ဆင်းရဲချမ်းသာကွာခြားမှု ပိုမိုလာပါက အရင်းရှင်ကြီးများနှင့် တတိယကမ္ဘာဆင်းရဲသားပြည်သူများအကြား အဆွေခင်ပွန်းအဖြစ်မည်သို့မျှသင့်မြတ်နိုင်စရာ အကြောင်းမရှိပါ။ လွတ်လပ်သည့် အရှင်းရှင်ဈေးကွက်စီးပွားရေးစံနစ်၏လိုအပ်ချက်အရ ပြောင်းလဲဖန်တီးပေးမည့် ဈေးကွက်ဆန်သောလူ့အဖွဲ့အစည်းသည် တကမ္ဘာလုံးဆိုင်ရာ တည်တံ့ဖူလုံသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတို့ကို ဆောင်ကြဉ်းလာနိုင်မည်မဟုတ်ပါ။ တကမ္ဘာလုံးဆိုင်ရာအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများတရားမျှတမှု ရှိမှသာလျှင် ယဉ်ကျေးသော လူ့အဖွဲ့အစည်းကြီးဟု ခေါ်ဆိုထိုက်မည်ဖြစ်ပြီး မည်သို့မည်ပုံ ကုထုံးသစ်များဖြင့် ကုစားကြမည်ကို လေ့လာစောင့်ကြည့်ရပေဦးမည်။ ■



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## ပြောပြပါရစေ

လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိစ္စ
၁၇/၁၂/၂၀၀၁
အယ်ဒီတာခင်ဗျား

ကျွန်တော်တို့နိုင်ငံသည် များစွာသော တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စုအတွင်း အေးအတူပူအမျှ မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပေါ် စစ်အာဏာရှင်များကျင့်သုံးချိုးဖောက်ခဲ့ကြသော အခြေခံလူ့အခွင့်အရေးများသည် ယနေ့ကမ္ဘာ ကသိသော မတရားလုပ်အားပေး အဓမ္မခေါ် ခိုင်းခြင်းတမျိုးတည်းသာလျှင်အဟုတ်ပါခင်ဗျား။

စစ်အာဏာရှင်များသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအပေါ်တွင် အောက်ဖော်ပြပါ အခြေခံလူ့အခွင့်အရေးများကို စနစ်တကျချိုးဖောက်အနိုင်ကျင့်ခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပါပြီခင်ဗျား။

၎င်းတို့မှာ –

(၁) ပြည်သူလူထုကြီးအားသွားလေရာရာတွင် ငွေယူပြီး ဆွဲစာရင်းတိုင်ကြားခိုင်းခြင်း။

(၂) တနယ်မှ တနယ်သို့သွားလိုလျှင် ၎င်းတို့ထံမှထောက်ခံချက်ကိုငွေပေးပြီး လက်မှတ်ရမှသာ သွားလာရခြင်း။

(၃) တရပ်တကျေး၌တည်းခိုလျှင် အိမ်ရှင် ၂၀၀ ကျပ်၊ ဧည့်သည် ၂၀၀ ကျပ်ပေးဆောင်ရသည့်အပြင် (၅)ရက်ပတ်ဝန်းကျင် အတွက် ၅၀ ကျပ်ပေးဆောင်ရပြီး ၎င်းတို့ကြည်ဖြူမှ တည်းခိုခွင့်ရခြင်း။

(၄) ခရီးသွားလာရာတွင် ဗမာစကားကို ကောင်းကောင်းမသိ၊ နားမလည်သော တိုင်းရင်းသားများအပေါ်တွင်အမျိုးမျိုးအခွင့်အရေး များယူကာ ငွေမတရားညှစ်ခြင်း။

(၅) မီးဘေးထားဆီးချက်ဟုဆိုကာ ပြည်သူလူထုကြီးအား နံနက် (၆)နာရီမှ (၁၀)နာရီ၊ ညနေ (၄)နာရီမှ (၈)နာရီထိသာ မီးသုံးစွဲချက်ပြုတ်ခွင့်ပြုကာ နောက်ကျလျှင် ဒဏ်ငွေမတရားတောင်းခံကာ မပေးနိုင်လျှင် တည်ဆဲဥပဒေကိုချိုးဖောက်သည်ဟုဆိုကာ မတရားစစ်ဆေးထောင်ချခြင်း။

(၆) ဘာသာရေးကိုပင် ခုတုံးလုပ်ကာ စုပေါင်းဘုံကထိန်၊ စုပေါင်းမဟာဒုတ်၊ စုပေါင်းဝါဆိုသင်္ကန်းကပ်ဆိုပြီး အလှူငွေများကိုသတ်မှတ်ပြီး မတရားထည့်ဝင်ခိုင်းခြင်း။

(၇) လမ်းတံတားပြင်ရန် ရဝတ ရုံးသုံးပစ္စည်းများ ဝယ်ရန်ဆိုပြီး တအိမ်ဘယ်လောက်ဟု သတ်မှတ်ကာ အကြောင်းအမျိုးမျိုးပြလျက် ပြည်သူလူထုထံမှနည်းမျိုးစုံဖြင့် အဓမ္မကောက်ခံနေသည်ကို ခါးစည်းခံနေရသည်။ မခံမရပ်နိုင်သည့်အဆုံး လွတ်လပ်သောမြန်မာနိုင်ငံသတင်းအေဂျင်စီမှတဆင့်ကမ္ဘာကသိအောင်အော်လိုက်ရပါသည်ခင်ဗျား။

**လေးစားစွာဖြင့်–**
**ပြည်သူတဦး**
**(ပြည်သူလူထုကြီးကိုယ်စား)**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

# သမီးတို့အတွက် အမှတ်တရ (၃)

**အောင်နိုင်ဦး**

တနေ့ သားအဖနှစ်ယောက် ကစားနေကြစဉ် မိတ်ဆွေမိသားစုတစု အလည်ရောက်လာသည်။ သမီးနှင့် သက်တူရွယ်တူခန့်ရှိမည့် ကလေးတယောက်လည်း ပါလာသည်။ ထိုအခါ ကျနော်တို့သုံးယောက် အတူတူကစားကြသည်။ သုံးယောက်သားကစားနေကြစဉ် သမီးသည် ပို၍သွက်လက်လာသည်။ ခဏကြာတော့ ကျနော့်ကို ရှိသည်ဟုပင် မထင်တော့။ သူ့အဖော်နှင့်သူ အဖွဲ့ကျသည်ထက် ကျနေသည်။

ကျနော်က ဘေးထွက်၍ ကလေးချင်း ကစားနေကြသည်ကို ထိုင်ကြည့်နေမိသည်။ တယောက်ကဒီတခုကိုင်လျှင် နောက်တယောက်က ဟိုတခုကိုင်မည်။ တအောင့်လောက်ကြာလျှင် လုကြမည်။ နောက် တယောက်တခု ပြန်ကိုင်ကြမည်။ သူတို့ချင်း စကားမပြော၊ အမူအယာနှင့် ဖော်ပြကြသည်။ တကယ်လည်း သူတို့ချင်းဆက်သွယ်မှုတွင် မည်သည့်ဘာသာစကားမျှမလို။ မည်သည့် ပကာသနမျှမလို။ မည်သူမျှ မိတ်ဆက်ပေးစရာမလိုဘဲနှင့် သူတို့ချင်း ချစ်ကြည်ရင်းနှီးမှုကို လွယ်လင့်တကူ တည်ဆောက်နိုင်ကြသည်။

ရိုးဂုဏ်၊ အပြစ်ကင်းစင်မှုနှင့် ဖြူစင်သည့် ကလေးတို့ဘာဝသည် ကျနော်တို့ပြန်မရနိုင်တော့သည့် သမီးတို့၏ ကမ္ဘာလောကကြီးပင်ဖြစ်မည်ထင်သည်။ ဟန်ဆောင်မှုကင်းပ၍ အတ္တမာနကင်းမဲ့သည့် သူတို့၏ ကိုယ်ပိုင်ကမ္ဘာထဲတွင် သူတို့လေးတွေ ကစားနေကြသည်ကို ကြည့်နေရသည်မှာ တန်ဖိုးတခုကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်နေကြသည့်နှင့်ပင် တူနေတော့သည်။

ဧည့်သည်တွေ ပြန်ခါနီးတော့ သူလည်း လိုက်သွားမည်ဟုပြော၍ ငိုသည်။ ကျနော်နားလည်လိုက်သည်မှာ ကလေးများအတွက် အကောင်းဆုံးကစားဖော်သည် မိဘလည်းမဟုတ်၊ ကောင်းပေ့ဆိုသည့် ကစားစရာများလည်းမဟုတ်။ သူတို့နှင့် သက်တူရွယ်တူရှိသည့် ကလေးများသာလျှင် ဖြစ်မည်ထင်သည်။ သို့နှင့် ကျနော့်မိတ်ဆွေ၏ သားလေးထံ မကြာခဏ အလည်အပတ်သွား၍ ကလေးချင်းကစားခွင့်ရရန် ဖန်တီးပေးဖြစ်ခဲ့သည်။

၎င်း ကလေးနှစ်ယောက်၏ သံယောဇဉ်ကလည်း သိပ်သည်းလွန်းလှသည်။ မတွေ့လျှင် တယောက်နှင့်တယောက် တသသဖြစ်နေကြမည်။ တွေ့လျှင် မျောက်ရှုံးအောင်ဆော့ကြမည်။ တွေ့စကတော့ တယောက်နှင့်တယောက် ကိုက်လိုက်ကြသည်မှာ အကွင်းလိုက်၊ အကွင်းလိုက်ပင် ထင်ကျန်ရစ်ခဲ့တတ်သည်။ နောက်တော့လည်း သူတို့လောက်ချစ်ကြတာမရှိ။ တယောက်ကိုတယောက်ကလွှဲပြီး မည်သူ့ကိုမျှ မမက်။

တခုခုဝယ်ကျွေးလျှင်ဖြစ်စေ၊ တခုခုဝယ်ပေးလျှင်ဖြစ်စေ နောင်းမေအတွက် အောင်ကျော်သိမ်းထားမယ်ဟု သားက ဆိုတတ်သည်။ သမီးကလည်း အောင်ကျော့်အတွက် နောင်းမေ သိမ်းထားမယ်ဟု ဆိုတတ်သည်။ ပြီးလျှင် မရောက်ရောက်အောင် သွား၍ပေးရသည်။ သကြားလုံးကလေးများဆိုလျှင်တော့ သမီးက အောင်ကျော်နဲ့မတည့်ဘူးဟုဆို၍ (အမှန်က သူစားချင်နေ၍) စားပစ်တတ်သည်။

"ဒီကလေးတွေအတွက် အချိန်တော်တော်ကုန်တာပဲ"ဆိုသည့်အတွေးမျိုး၊ သို့တည်းမဟုတ် "ဒီကလေးတွေနဲ့တော့ ဒုက္ခပါပဲ" ဆိုသည့်အတွေးမျိုး ကျနော်တို့ မကြာခဏတွေးမိကြမည်ထင်သည်။ တခါတရံ၌ သူတို့နှင့် ကစားနေရသော်လည်း သည်လိုကစားနေရခြင်းကို ဒုက္ခတခုဟုပင် မြင်နေမိတတ်သည်။ တခါတရံ၌လည်း အလုပ်အဆင်မပြေမှုများကြောင့် စိတ်ရှုပ်နေခဲ့သည်များလည်း ရှိခဲ့ဖူးသည်။

သို့သော် အံ့ဩဖွယ်ကောင်းသည်မှာ ဤကဲ့သို့ ကသိကအောက်စိတ်မျိုးနှင့်ပင်ဖြစ်စေ၊ စိတ်မပါ့တပါနှင့်ပင်ဖြစ်စေ၊ မလုပ်မဖြစ်၍ လုပ်နေရလျှင်ပင်ဖြစ်စေ စကစား၍ မကြာမီမှာပင် ကျနော့်၏လောင်မြိုက်နေမှုများကို သူတို့က ငြိမ်းသတ်ပေးနိုင်စွမ်းသည်။ သို့ငြိမ်းအေးစေရုံမျှမကသေး ကျနော့်၏ စိတ်အလျဉ်ကိုပါ ကြည်လင်လန်းဆန်းသွားစေအောင်ပင် ဖန်တီးနိုင်စွမ်းပေသည်။ ထိုခဏ၌ သူတို့၏ သန့်စင်ကြည်လင်မှုများ ကျနော့်ထံ စီးဝင်လာနေကြသည်ကို လက်လွှတ်ဆုံးရှုံး မခံနိုင်လောက်အောင်ပင် စိုးရိမ်စိတ်မျိုး ဝင်နေမိတတ်သည်။

တခါတော့ ဘာရယ်မဟုတ်၊ စဉ်းစားမိသည်။ သမီးသည် ဂရင်းနစ်စံတော်ချိန်နှင့် သေသေချာချာချိန်ကိုက်ထားသည့် ကျနော့်လက်ပတ်နာရီကိုဖြုတ်၍ သူကိုယ်တိုင်လုပ်ထားသော နာရီတလုံးကို ကျနော့်ကို ပတ်ခိုင်းခဲ့ပါပြီကော။ သမီး၏နာရီတွင် နံနက်အိပ်ယာနိုးချိန်၊ နေ့လည်တရေးအိပ်ချိန်နှင့် ညအိပ်ရာဝင်ချိန်ဟူသည့် စံတော်ချိန်(၃)ခုသာပါသည်။ ကျနော်သည် ထိုနာရီကိုပတ်၍ ထိုစံတော်ချိန်များအတိုင်း မဖြစ်မနေလှုပ်ရှားရတော့မည်။

ကျနော်ကကော အချိန်ပေးနိုင်ပါမည်လား။ တကယ်တော့ ကျနော်က သမီးနှင့်ပတ်သက်၍ အချိန်ပိုင်းသာပေးနိုင်သူဖြစ်၍ အချိန်ပြည့်နီးပါး သမီးနှင့်နေနေသည့် ဇနီးသည်၏ အချိန်ပေးပုံပေးနည်းကို လေ့လာကြည့်သည်။ ဘယ်အချိန်မှာ သမီးကို ထမင်းကျွေးမည်၊ ရေချိုးပေးမည်၊ ကစားစေမည်ဟူ၍ ကြိုတင်ဆုံးဖြတ်ထားပုံရသည်။ သူချက်ပြုတ်နေချိန်တွင် သူ့အနီး၌ သမီးကို ကစားစရာတခုခုနှင့် ကစားနေစေမည်။ ပြီးလျှင် သမီးနှင့်အတူတူ ဝင်ကစားမည်။ နေ့လည်ခင်း သမီးအိပ်ချိန်တွင် လျှော်ဖွပ်စရာရှိသည်များနှင့် ညစာချက်ပြုတ်စရာရှိသည်များကို တက်သုတ်ရိုက် လုပ်ဆောင် မည်။ ညပိုင်း သမီးအိပ်ချိန်တွင် မီးပူတိုက်စရာရှိသည်များနှင့် မနက်သမီးကျောင်းသွားရန် ပြင်ဆင်စရာရှိသည်များကို လုပ်ဆောင်မည်။ သူအလုပ်အားသောနေ့များတွင် သမီးလက်ကိုဆွဲ၍ ဟိုနားသည်နားလမ်းလျှောက်မည်။ ကျနော်အားသည့်နေ့များတွင် အပြင်ထွက်လည်ပတ်ပေးဖို့ ပြောမည်။

"သူတို့ အိပ်တဲ့အချိန်တချိန်ပဲ အလုပ်ကောင်းကောင်းလုပ်လို့ရတယ်၊ နားမယ်ဆိုရင်လည်း အဲဒီအချိန်မှပဲ နားလို့ရတယ်ဟု ဇနီးသည်က မကြာခဏ ပြောလေ့ရှိသည်။ သို့သော် စိတ်ချလက်ချလုပ်၍၊ စိတ်ချလက်ချ နား၍ မရသေး။ တခုခုလုပ်နေရင်းနှင့်ပင် အိပ်ပျော်နေသည့်သမီးလေး လက်များခေါက်နေမည်လား၊ ခြံစောင်က နှာခေါင်းကိုဖိမိနေ၍ အသက်ရှူများကြပ်နေမည်လား ဆိုသည်ကို ပူပန်စိတ်နှင့် သွားသွားကြည့်ရသေးသည်။

ကလေးတယောက်အတွက် မိဘနှစ်ပါးစလုံးတွင် တာဝန်ရှိကြဆိုသည့်အချက်ကို ကျနော်တို့ နားလည်ထားကြသည်သာ။ တကယ့်တကယ်တွင်မူ ကျနော်တို့နှစ်ယောက် မတိုင်ပင်ဖြစ်ကြ။ တိုင်ပင်ဖြစ်သမျှတိုင်းသည်လည်း သမီးနေကောင်းလား၊ ထမင်းမှန်မှန်စားရဲ့လား ဆိုသည်တို့နှင့်၊ များသောအားဖြင့် ကျနော်တို့၏ အလုပ်ကိစ္စများကိုပင် အဓိကထား ပြောဆိုဖြစ်ခဲ့ကြမည် ထင်သည်။

သို့သော် ဇနီးသည်ကိုယ်တိုင် အများနှင့်ဆိုင်သည့်လုပ်ငန်းများကို အပြင်ထွက်၍ လုပ်ကိုင်ဆောင်ရွက်လာရသောအခါတွင် အရင်ကလောက် သမီးအတွက် အချိန်မပေးနိုင်ကြတော့။ အရင်ကဆိုလျှင် သမီးလေး ကျောင်းပြန်ချိန်များ၌ အမေလုပ်သူက အမြဲတမ်းနီးပါး ရှိနေတတ်သော်လည်း ခုနောက်ပိုင်းတွင်တော့ အမေရော အဖေပါ မရှိသည့်အချိန်က ပိုများလာသည်။

ထို့ကြောင့် သမီးလေးသည် ကျောင်းမှ ပြန်ရောက်လျှင် သူ့ဒေါ်လေးများနှင့် နေခဲ့ရရှာသည်။ ပြဿနာတခုဟု ပြောဖို့ခက်မည်ဖြစ်သော်လည်း ကျနော်တို့၏အဖြစ်သည် မိဘဖြစ်သည့် ကျနော်တို့ကိုယ်တိုင်က သမီးလေးအတွက် အချိန်မပေးနိုင်ကြသည့်အပြင် သူတပါး၏ ကိုယ်ပိုင်အချိန်များကိုပင် အားမနာပါးမနာ လုယူနေခဲ့ကြသည်နှင့် တူနေသည်။

ထိုအခါ သမီးလေးကိစ္စကို အဓိကမထား၍ မဖြစ်တော့မှန်း ကျနော်တို့နှစ်ဦးစလုံး နားလည်လာခဲ့ကြသည်။ သည့်နောက်တွင်တော့ သမီးကျောင်းပြန်ချိန်များတွင် ကျနော်တို့၏ အလုပ်များကိုလက်စသပ်၍ သမီးအတွက် အချိန်ပေးဖို့ အသင့်ပြင်နိုင်လာခဲ့ကြသည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင်လည်း အချိန်ပြည့်အချိန်ပေးနိုင်ရန် တတ်နိုင်သမျှ ကြိုးစားလာခဲ့ကြသည်။ သို့သော် လုံလုံလောက်လောက်တော့ ခုထိမပေးနိုင်ကြသေး။ အထူးသဖြင့် ဇနီးသည်၏အလုပ်များက စနေ၊ တနင်္ဂနွေနေ့များတွင်မှ အစည်းအဝေးလုပ်လေ့ရှိတတ်သဖြင့် ထိုရက်များတွင် ကျနော်က သမီးနှင့်နေနိုင်ဖို့ ကြိုးစားရတော့သည်။ သို့သော်လည်း ပျက်ကွက်သည်ကများသဖြင့် သမီးသည် သူ့ဒေါ်လေးများနှင့်သာ နေမြဲနေရဆဲပင်။ တခါတလေတော့ လူကြီးများ၏ စနေ၊ တနင်္ဂနွေရက်များသည် ကလေးများအတွက် ဖြစ်လျှင် မကောင်းပေဘူးလားဟု တွေးမိသည်။

စောစောပိုင်းကတော့ သမီးကို အဖေက ဆူလျှင် အမေကမကြိုက်၍ လင်မယားနှစ်ယောက် ကတောက်ကဆ ဖြစ်ကြရသည်။ တယောက်မအားသည့်အခါ အားသည့်တယောက်က သမီးကို ထိန်းကျောင်းမနေမိလျှင် လင်မယားနှစ်ယောက် သူတင်ကိုယ်တင် ဖြစ်ကြရသည်။ သမီးကို ဘယ်သို့ လိုက်ပို့ပေးမည်ဟု ပြောထားပြီး ပျက်ကွက်ခဲ့လျှင် လင်မယားနှစ်ယောက် ခွန်းကြီးခွန်းငယ်ဖြစ်ကြရသည်။ ဤသို့သော အခါများတွင်တော့ တရက်နှစ်ရက်တန်သည်လောက်တွင်မှ ပျောက်ရှသွားခဲ့သည့် အိမ်ထောင်မှုသုခဟူသည်ကို နှစ်ဦးသား ပြန်လည် ရှာဖွေကြရတတ်သည်။

ထိုအခါများတွင် သမီးလေး၏စိတ်တွင် မည်သို့ရှိမည်နည်း။ ကျနော်တို့ မတွေးဝံ့လောက်အောင် ဖြစ်ရသည်။ ကျနော်တို့ ဇနီးမောင်နှံနှစ်ဦး သမီးကိုမရိုက်မိဖို့၊ မဟိန်းဟောက်မိဖို့နှင့် သင်ကြားပြသပေးနိုင်ဖို့အတွက် အချိန်ပေးသည်ထက်ပေးနိုင်ဖို့ တိုင်ပင်နေကြချိန်တွင်မတော့ သမီးလေးသည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေရှာသည်။

ကြည့်ပါဦး။ သည်မျှ အပြစ်ကင်းစင်သည့် ပီဘိလူသားကလေးငယ်လေး ....၊ လောကအလယ်မှာ စိုးရှံ့မှုမဲ့ ကြီးပြင်းခွင့်ရပါစေတော့လား။ သူတပါးအပေါ် မတရားလုပ်ရမှာကိုနှင့် မရိုးမသားပြုမူရမှာတို့ကိုသာ ရှက်ကြောက်ရွံ့ရှာရကောင်းမှန်းသိတတ်ပြီး၊ အဟောင်းကိုလည်း ထိန်းသိမ်းနိုင်စွမ်းရှိရုံမက အသစ်ကိုလည်းလက်ခံဖို့အဆင်သင့်ဖြစ်နေတတ်သည့် အနာဂတ်၏ သမီးငယ်လေးမျိုး ဖြစ်ပါစေတော့လား။ ■

## တာချီလိတ်မြို့နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် ယာဉ်မောင်းသူများအား ကြံ့ဖွတ်အဖွဲ့မှ ဒဏ်ငွေရိုက်နေ

တာချီလိတ်မြို့နယ်ရှိ ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးအသင်း(ကြံ့ဖွတ်)သည် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် ယာဉ်မောင်းများကို ဒဏ်ငွေရိုက်ပြီး ငွေတောင်းခံလျက်ရှိကြောင်း Network Media Group သတင်းဌာန၏ အဆိုအရ သိရှိရသည်။

ထိုင်းနိုင်ငံမြောက်ဘက်အစွန်းရှိ မယ်ဆိုင်မြို့နှင့် မျက်နှာချင်းဆိုင်တည်ရှိသော တာချီလိတ်မြို့နယ်အတွင်းတွင် လိုင်စင်မဲ့ မော်တော်ယာဉ်တစီးလျှင်(၅၀၀)ဘတ်နှင့် လိုင်စင်မဲ့ယာဉ်မောင်းတဦးလျှင်(၁၀၀)ဘတ်ကောက်ခံလျက်ရှိကြောင်း သိရသည်။

"တာချီလိတ်မြို့မှာရှိတဲ့ ဒေသဆိုင်ရာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရဲ့ ရံပုံငွေအတွက် လိုင်စင်မဲ့မော်တော်ယာဉ်တွေနဲ့ ယာဉ်မောင်းတွေဆီက ငွေကောက်ခံခွင့်ပေးခဲ့တာပါ။ ပြီးခဲ့တဲ့လကဆိုရင် ရံပုံငွေ (၇)သောင်းကျော်ရရှိခဲ့ပါတယ်"ဟု ကြံ့ဖွတ်အဖွဲ့နှင့်နီးစပ်သူတဦးက Network Media Group သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရှိရသည်။

# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖ တိုက်ပွဲသတင်းများ



## (တပ်မဟာ ဖ)ဒူးပလာယာခရိုင်နယ်မြေ။

၁။ ၉–၁၁–၂၀၀၁ (၁၃း၀၀ နာရီ) ရက်နေ့အချိန်တွင် ကေအဲအယ်လ်အေ တပ်ရင်း(၁၇)၊ ကေအဲန်ဒီအို တပ်ရင်း(၆) ပူးပေါင်းတပ်ဖွဲ့သည် ကြာအင်းမြို့နယ်၊ တကုခီးရွာနှင့် မယ့်ကတောရွာအကြားတွင် နအဖ(ခမရ ၅၄၅) တပ်ဖွဲ့ဝင်(၂)ဦးကျဆုံးပြီး (၁)ဦးဒဏ်ရာရရှိသွားကြောင်းနှင့် ကေအဲန်အယ်လ်အေ၊ကေအဲန်ဒီအို တို့ဘက်မှ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

၂။ ၁၅–၁၁–၂၀၀၁ ရက်နေ့တွင် ကေအဲန်အယ်အေ တပ်မဟာ(၆)၏ လက်အောက်ခံ၊ တပ်ရင်း(၁၇)မှ တပ်ဖွဲ့ငယ်တဖွဲ့နှင့် နအဖ(ခမရ ၅၄၉) တပ်ဖွဲ့တို့ကြား အမ်းမြို့နယ်၊ ကျုံစိန်ကျေးရွာနံဘေးတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ၊ ကေအဲန်အယ်လ်အေဘက်မှထိခိုက်ကျဆုံးမှုမရှိ၊ နအဖ ထိခိုက်မှုရှိ မရှိကိုမူ မသိရှိရကြောင်းသတင်းရရှိပါသည်။

၃။ ၁၃–၁၁–၂၀၀၁ ရက်နေ့တွင် ကေအဲန်အယ်အေတပ်မဟာ(၆)လက်အောက်ခံ တပ်ရင်း(၁၇)တပ်ဖွဲ့နှင့် နအဖ(ခမရ ၅၄၉) တပ်ဖွဲ့တို့ ကြာအင်းမြို့နယ်၊ ကစပ်ဖိုးခီးရွာဘေးတွင် ပြောက်ကျားစောင့်ပစ်ခဲ့ရာ ကေအဲန်အယ်လ်အေဘက်မှ တစုံတရာထိခိုက်ကျဆုံးမှုမရှိခဲ့။ နအဖ တို့ဘက်၌ ထိခိုက်မှုရှိ မရှိကိုမူ မသိရှိရကြောင်းသတင်းရရှိပါသည်။

၄။ ၁၃–၁၁–၂၀၀၁ (၀၆း၂၅ နာရီ) အချိန်တွင် ကေအဲန်အယ်လ်အေ တပ်မဟာ(၆)၏ လက်အောက်ခံတပ်ရင်း(၁၈)မှ နအဖ လက်အောက်ခံ ဗိုလ်မှူးသုမုဟဲတပ်ဖွဲ့အား ကော့ကရိတ်မြို့နယ်၊ ကြိတ်ရွာအနီးတွင် (၁၅)မိနစ်ကြာ ပြောက်ကျားပစ်ခတ်ခဲ့ရာ ဗိုလ်သုမုဟဲ၏တပ်ဖွဲ့ဝင်များ ထွက်ပြေးကုန်ပြီး၊ အေကေမောင်းပြန်ရိုင်ဖယ်(၁)လက်၊ ၎င်းကျည် (၁၀၀)တောင့်၊ ၎င်းကျည်အိမ်(၃)ချပ်၊ တူးဂျီ အမျိုးအစားလမ်းလျှောက်စကားပြောစက် (၁)လုံး၊ ကျောပိုး(၂)လုံး၊ အီကွေ့မန့်(၁)စုံ၊ ပုခက်(၃)လုံးတို့ကို ကေအဲန်အယ်လ်အေတပ်ဖွဲ့ဝင်တို့မှ သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် ကေအဲန်အယ်လ်အေဘက်မှ ထိခိုက်မှုတစုံတရာမရှိခဲ့ကြောင်းသတင်းရရှိပါသည်။

၅။ ၂၀–၁၁–၂၀၀၁ (၁၃း၀၈ နာရီ) အချိန်တွင် ကေအဲန်အယ်လ်အေ တပ်ရင်း(၁၈)မှ နအဖ(ခလရ ၂၃၀) စစ်ကြောင်း(၂)မှူး ဗိုလ်မှူးမောင်မောင်ဦးစီးသော အင်အား (၄၀) ခန့်ရှိသည့်တပ်ဖွဲ့အား ကော့ကရိတ်မြို့နယ် မိဖလိုင်းရွာအထက်နားတွင် ပြောက်ကျားပစ်ခတ်ခဲ့ရာ နအဖဘက်မှ ဒုတပ်ကြပ် မောင်ဝင်းလှိုင် ကျဆုံးသွားပြီး၊ အခြားအဆင့်စစ်သည်(၂)ဦး ဒဏ်ရာရရှိသွားကြောင်းနှင့်ကေအဲန်အယ်လ်အေ တို့ဘက်၌မှ တစုံတရာထိခိုက်မှုမရှိခဲ့ကြောင်း သတင်းရရှိပါသည်။

၆။ ၂၁–၁၁–၂၀၀၁(၀၉း၀၀ နာရီ) အချိန်တွင်ကေအဲန်အယ်လ်အေတပ်မဟာ(၆)၏ တပ်ရင်း(၁၈)၏ လုံခြုံရေးအထူးတပ်ဖွဲ့နှင့် တပ်ရင်း(၁၀၃)မှ ပူးပေါင်းတပ်ဖွဲ့တို့သည် ကော့ကရိတ်မြို့နယ်၊ ဝေါလေနှင့်ကွီးတာဟိုး အကြားရှိ၊ မောတူတောင်ကုန်းကာလမ်းတွင် (နအဖ)လက်အောက်ခံ(ဒီကေဘီအေ)တပ်ရင်း (၉၀၇)မှ တပ်ခွဲ(၄)ဖားကျော်ပါ ဦးစီးတပ်ဖွဲ့အား(၁၀)မိနစ်ကြာပြောက်ကျားတိုက်ခိုက်ခဲ့ပြီး နယ်မြေရှင်းလင်းခဲ့ရာ ကေအဲန်အယ်လ်အေတပ်ဖွဲ့များမှ အမ်–၁၆ မောင်းပြန်ရိုင်ဖယ် (၂)လက်၊ ၎င်းကျည်အိမ်(၂)ချပ်၊ ၎င်းကျည် (၁၀၀)တောင့်၊ လက်ပစ်ဗုံး(၁)လုံး၊ ခွင်းဗုံး (၁)လုံး၊ အီကွေ့မန့်(၁)စုံတို့ကို သိမ်းဆည်းရရှိခဲ့သည်။ တိုက်ပွဲတွင် (ဒီကေဘီအေ) တပ်ဖွဲ့ဝင်(၁)ဦးသေ၊ (၂)ဦးဒဏ်ရာရရှိသွားကြောင်းနှင့် ကေအဲန်အယ်လ်အေတပ်ဖွဲ့ဘက်မှ ထိခိုက်ကျဆုံးမှုမရှိကြောင်းသတင်းရရှိပါသည်။

၇။ ၂–၁၂–၂၀၀၁ (၁၂း၄၇ နာရီ) အချိန်တွင်ကေအဲန်အယ်လ်အေတပ်မဟာ(၆)၏ လက်အောက်ခံတပ်ရင်း(၁၈) တပ်ခွဲ(၂)မှ အဖွဲ့ငယ်တဖွဲ့သည် နအဖ(ခမရ၂၅၁)တပ်ရင်းမှူး မြင့်ဟန်ဦးစီးသည့် အင်အား(၈၀)ခန့်ရှိ တပ်ဖွဲ့အား ကော့ကရိတ်မြို့နယ်၊ ရွာတန်းရှည်ကျေးရွာတွင်(၅)မိနစ်ကြာ ပြောက်ကျားပစ်ခတ်ခဲ့ရာ နအဖ တပ်ဖွဲ့ဝင် ဗိုလ်အောင်သူ ကျဆုံးသွားကြောင်းနှင့် ကေအဲန်အယ်လ်အေ ဘက်မှ ထိခိုက်ကျဆုံးမှုမရှိကြောင်း သတင်းရရှိပါသည်။

## ဒီအေဘီ တပ်ဖွဲ့နှင့် နအဖ တပ်ဖွဲ့တို့ ဖြစ်ပွားခဲ့သောတိုက်ပွဲများ

၁။ ၂၉–၁၀–၂၀၀၁ (၁၄၀၀ နာရီ) အချိန်တွင် ကေအဲန်အယ်လ်အေ၊ ကျောင်းသားတပ်မတော် နှင့် အေဘီအမ်ယူတို့ပူးပေါင်းထားသော ဒီအေဘီစစ်ကြောင်းနှင့် နအဖ(ခမရ၅၄၈) စစ်ကြောင်း(၁)မှ ဗိုလ်နိုင်လွင် ဦးစီးတပ်ဖွဲ့တို့ ကြာအင်းမြို့နယ်၊ တံတားဦးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်ဖွဲ့ဝင်(၁)ဦး ကျဆုံးခဲ့ကြောင်းနှင့် ဒီအေဘီတပ်ဖွဲ့ဘက်မှ တစုံတရာ ထိခိုက်မှုမရှိကြောင်းသတင်းရရှိပါသည်။

၂။ ၃–၁၁–၂၀၀၁ ရက်နေ့တွင် ကေအဲန်အယ်လ်အေ၊ ကျောင်းသားတပ်မတော် နှင့်အေဘီအမ်ယူတို့ပူးပေါင်းထားသော ဒီအေဘီ စစ်ကြောင်းနှင့် နအဖ (ခမရ ၅၄၅)တပ်ဖွဲ့တို့ ကြာအင်းမြို့နယ်၊ အလယ်ရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်ဖွဲ့ဝင်(၃)ဦး ကျဆုံးပြီး (၁)ဦးဒဏ်ရာရရှိကြောင်းနှင့် ဒီအေဘီ စစ်ကြောင်းဘက်မှ ထိခိုက်မှုတစုံတရာမရှိကြောင်း သတင်းရရှိပါသည်။

၃။ ၁၃–၁၁–၂၀၀၁ (၁၁း၄၂ နာရီ) တွင် ကေအဲန်အယ်လ်အေ၊ ကျောင်းသားတပ်မတော်၊ အေဘီအမ်ယူတို့ပူးပေါင်းထားသော ဒီအေဘီစစ်ကြောင်းနှင့် နအဖ (ခမရ ၅၄၉) တပ်ဖွဲ့တို့သည် ကြာအင်းမြို့နယ်၊ ကစဖိုးခီးကျေးရွာ ဘုရားရှိခိုးကျောင်းအနီးတွင် (၃၀)မိနစ်ကြာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်ဖွဲ့ဝင်တို့ဘက်မှ ထိခိုက်မှုရှိ မရှိကိုမသိရှိရသော်လည်း အေဘီအမ်ယူတပ်ဖွဲ့မှ ရဲဘော်ဟာဘီသည် ယင်းတိုက်ပွဲတွင် ကျဆုံးပြီး အမ်–၁၆ မောင်းပြန်ရိုင်ဖယ်(၁)ဆုံးရှုံးသွားကြောင်းသတင်းရရှိပါသည်။

၄။ ၁၃–၁၁–၂၀၀၁ (၁၅း၁၂ နာရီ) အချိန်တွင် ကေအဲန်အယ်လ်အေ၊ ကျောင်းသားတပ်မတော်၊အေဘီအမ်ယူတို့ပူးပေါင်းထားသော ဒီအေဘီစစ်ကြောင်းနှင့် နအဖ တပ်ဖွဲ့တို့ ကျုံစိန်ရွာအနီးတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီအေဘီ တပ်ဖွဲ့ဝင်တို့ဘက်မျ ထိခိုက်ကျဆုံးမှု တစုံတရာမရှိခဲ့ကြောင်းသတင်းရရှိပါသည်။

၅။ ၁၅–၁၁–၂၀၀၁ (၁၆း၀၀ နာရီ) အချိန်တွင် ဒီအေဘီစစ်ကြောင်းနှင့် နအဖ (ခမရ ၅၄၈)တပ်ဖွဲ့တို့သည် ကြာအင်းမြို့နယ် ကစပ်ရွာတွင် (၁၀ မိနစ်)ကြာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်ဖွဲ့ဝင်(၁)ဦး ဒဏ်ရာရရှိသွားကြောင်းနှင့် ဒီအေဘီ တပ်ဖွဲ့မှထိခိုက်မှု တစုံတရာမရှိကြောင်း သတင်းရရှိပါသည်။

၆။ ၁၉–၁၁–၂၀၀၁ (၀၉း၄၀ နာရီ) အချိန်တွင် ကေအဲန်အယ်လ်အေ၊ ကျောင်းသားတပ်မတော်၊ အေဘီအမ်ယူတပ်ဖွဲ့တို့ပူးပေါင်းထားသော ဒီအေဘီစစ်ကြောင်းနှင့် နအဖ (ခမရ ၅၄၈)တပ်ဖွဲ့ စစ်ကြောင်း(၂)မှူး ထင်ကျော် ဦးစီးတပ်ဖွဲ့တို့သည် ကြာအင်းမြို့နယ် နှင်းကျန်းကျေးရွာအနီးတွင် (၄၅ မိနစ်)ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်ဖွဲ့ဝင် ဒုတပ်ကြပ်(၁)ဦး ကျဆုံးပြီး (၂)ဦးဒဏ်ရာရရှိသွားကြောင်းနှင့် ဒီအေဘီစစ်ကြောင်းမှထိခိုက်မှု တစုံတရာမရှိကြောင်းသတင်းရရှိပါသည်။

## နအဖ အရာရှိများ၏ နှိပ်စက်မှုဒဏ်ကို မခံနိုင်တော့၍ နအဖ တပ်သားများ ကေအဲန်အယ်လ်အေသို့ လက်နက်နှင့် လာရောက်ပူးပေါင်းကြခြင်း

နအဖ စစ်တပ်အတွင်းကြီးနိုင်ငယ်ညှဉ်း နှိပ်စက်မှုများကြောင့် အောက်ခြေရဲဘော်များ ထွက်ပြေးလျက်ရှိကြရာ (နအဖ)ခလရ(၂၃၂) တပ်ခွဲ(၃)မှ တပ်သားဇော်မင်း ကိုယ်ပိုင်အမှတ် (တ/၃၁၁၆၂)သည် ၁၃–၁၁–၂၀၀၁ ရက်နေ့ တွင် ကေအဲန်အယ်လ်အေ တပ်မဟာ(၆) လက်အောက်ခံ တပ်ရင်း(၁၈)သို့ လက်နက်ဖြင့်တကွ လာရောက်ပူးပေါင်းခဲ့သည်။

တပ်သားဇော်မင်းသည်ခမရ(၃၅၀) တွင် တာဝန်ထမ်းဆောင်စဉ် ခမရ(၃၅၀)ဒုစခန်းမှူး ကြည်မျိုး၏ နှိပ်စက်အနိုင်ကျင့်မှုကြောင့် ခိုက်ရန်ဖြစ်ပွားပြီး အမ်အေ မောင်းပြန်ရိုင်ဖယ် (၁)လက်နှင့်အတူ ကေအဲန်အယ်အေတပ်ရင်း(၁၈) သို့ လာရောက်ပူးပေါင်းခဲ့ရာ ထိုသို့လာရောက်ပူးပေါင်းမှုကို ကေအဲန်အယ်လ်အေ မှတာဝန်ရှိပုဂ္ဂိုလ်များက နွေးထွေးစွာကြိုဆိုလက်ခံခဲ့ကြကြောင်းနယ်စပ်ဒေသမှလာသော သတင်းများ အရသိရှိရသည်။ ■

## ဘုရားဖူးအပြန် စော်ကားခံရသူအတွက် ကျောင်းသားများ အသက်ပေး ဆန္ဒပြ

ဒီဇင်ဘာ (၁၁)ရက်နှင့် (၁၂)ရက်နေ့များတွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ ရဲစခန်းရှေ့တွင် အထက(၂)ကျောင်းသူကျောင်းသားများ၊ ဆန္ဒပြမှုဖြစ်ပွားခဲ့ကြောင်း ဒီဇင်ဘာ (၁၃)ရက်နေ့ DVB အသံလွှင့်အစီအစဉ်က ထုတ်လွှင့်သွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာလ (၉)ရက်နေ့က သာမညတောင်မှ ဘုရားဖူးပြန်လာသည့်အသက် (၂၀)နှစ်အရွယ် မုဒုံရွာသူ မမိုးဆွေစောမူကို ကော့ကရိတ်မြို့နယ် အမှတ်(၁) ချောင်းတောင်ရပ်ကွက်ရှိ မြို့အဝင်စစ်ဆေးရေးဂိတ်တွင် တာဝန်ကျသူ ရဲတပ်ကြပ်ဇော်ဦးနှင့် ဒုတပ်ကြပ်ကျော်ဆိုင်းတို့နှစ်ဦးက မတရားပြုကျင့်ပြီး ၎င်းနှင့်အတူပါလာသည့် ငွေ(၁၀၀၀)ကျပ်ကိုပါ လုယူလိုက်သည့်အတွက် မျက်မြင်ဖြစ်သူ ကော့ကရိတ်မြို့ အထက(၂)မှ (၁၀)တန်း ကျောင်းသား မောင်ဌေးဝင်းက ဝင်ရောက်ကန့်ကွက် တားဆီးခဲ့ကြောင်းသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျောင်းသား မောင်ဌေးဝင်းအပေါ် မကျေနပ်သည့် ရဲတပ်ဖွဲ့ဝင်များက မိန်းကလေးကိုပြန်လွှတ်လိုက် သော်လည်း၊ ၎င်းအား ဝိုင်းဝန်းထိုးကြိတ်ပြီး နောက်ဆုံးတွင် သေနတ်နှင့်ပစ်သတ်လိုက်သည်။

ထိုသို့ ဖြစ်ပွားခဲ့မှုအပေါ် မည်သို့မျှ အရေးယူဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် ကော့ကရိတတ်မြို့ရှိ ကျောင်းသားကျောင်းသူ (၂၀၀)ကျော်တို့က ယခုကဲ့သို့နှစ်ရက်ဆက်တိုက် ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ယခုအချိန်အထိ အဆိုကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအာဏာပိုင်များဘက်မှ တစုံတရာတုံ့ပြန်ဖြေရှင်းမှု မရှိသေးကြောင်း သိရှိရပြီး ဒေသခံများအကြား မကျေနပ်မှုများ ကြီးထွားလာနေကြောင်း သိရသည်။ ■

## စပါးများအဓမ္မဈေးနှင့်နှိမ်ဝယ်နေသဖြင့် ရွှေဘိုမြို့နယ်လယ်သမားများအခက်ကြုံနေ

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အတွင်းရှိ ဒေသခံလယ်သမားများထံမှ စပါးများကို စစ်အုပ်စုအာဏာပိုင်များက အဓမ္မဈေးနှိမ် ဝယ်ယူနေခြင်းကြောင့် လယ်သမားများ ဒုက္ခကြုံတွေ့နေရကြောင်း ဒီဇင်ဘာ(၁၂)ရက်နေ့တွင်မဇ္ဈိမ သတင်းဌာနတွင် ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာလကုန်မှစ၍ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ အာဏာပိုင်များက ရွှေဘို–ညောင်ပင်သာ ကားလမ်းတလျှောက်ရှိ ညောင်ပင်သာရွာ၏ လိပ်ရှင်းရွာ၊ ဆင်အင်းရွာ၊ ဆိပ်ခွန်ရွာများအပါအဝင် ကျေးရွာတိုင်းမှလယ်သမားများအား တဧကလျှင် စပါး ၁၅ တင်းနှုန်းဖြင့် အစိုးရစပါးဒိုင်တွင် ရောင်းချပေးရမည်ဟု အမိန့်ထုတ်ခဲ့ကြောင်း ဒေသခံများ၏ ပြောပြချက်ကို ကိုးကား၍ဖော်ပြထားသည်။

ယခုအခါ စပါးတင်း ၁၀၀ လျှင် အပြင်ပေါက်ဈေး ကျပ်ခုနှစ်သောင်းရှစ်ထောင် (၇၈,၀၀၀) ရှိနေသော်လည်း အာဏာပိုင်တို့က ကျပ်သုံးသောင်းခွဲ(၃၅၀၀၀)ဖြင့် သတ်မှတ်ဝယ်ယူနေခြင်းကြောင့် လယ်သမားအတွက် အလွန်နစ်နာနေရကြောင်းဖြင့်လည်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ရွှေဘိုဒေသခံလယ်သမားတဦး၏ အဆိုအရ ယခုနှစ်အတွင်းဓါတ်မြေဩဇာများဈေးနှုန်းမြင့်မားလာခြင်း၊ လယ်ထွန်နွားငှားရမ်းခကြီးမြင့်လာခြင်းနှင့်ကာဘိုးဆည်မှ စပါးစိုက်ပျိုးရန် ရေအလုံအလောက်မရရှိခြင်းတို့ကြောင့် စပါးအထွက်နှုန်းကျဆင်းနေရာ တာဝန်ကျေစပါးရောင်းချရန် လယ်သမားတိုင်း အခက်အခဲရှိကြကြောင်း သို့ရာတွင် ရွှေဘိုမြို့နယ် မအဖ ဥက္ကဋ္ဌ ဦးဆောင်သည့် တာဝန်ကျေစပါးဝယ်ယူရေးအဖွဲ့က ကျေးရွာတိုင်းကို လိုက်လံစစ်ဆေးပြီး စပါးမရောင်းမနေရဟု လိုက်လံခြိမ်းခြောက်နေကြောင်း လယ်သမားများ၏အခက်အခဲကို တင်ပြသော်လည်း စပါးမထွက်ပါကအပြင်မှ ဝယ်ထည့်ကြရမည်ဟု မအဖ ဥက္ကဋ္ဌပြန်ပြောခဲ့ကြောင်း သတ်မှတ်ချက်အတိုင်းစပါးမရောင်းသူတို့ကို ဖမ်းဆီးထောင်ချပစ်မည်ဟု ခြိမ်းခြောက်နေခြင်းတို့ကြောင့် ရွှေဘိုမြို့နယ်အတွင်းရှိလယ်သမားများမှာ အခက်အခဲကြုံတွေ့နေရကြောင်း အဆိုပါ သတင်းတွင်ဖော်ပြပါရှိသည်။

## ပြည်ပရောက်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၏ကြေငြာချက် အပေါ် အပြည်ပြည်ဆိုင်ရာလွှတ်တော်အမတ်(၃၀၀၀)ကျော်တို့က လက်မှတ်ထိုးကြိုဆိုဂုဏ်ပြု

ကမ္ဘာတဝှမ်းရှိ လွှတ်တော်အမတ်ပေါင်း (၃၀၀၀)ကျော်တို့က ပြည်ပရောက်ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၏ ထုတ်ပြန်ကြေငြာချက်အပေါ်လက်မှတ်ထိုးကြိုဆို ဂုဏ်ပြုကြကြောင်း မြန်မာနိုင်ငံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ဒီဇင်ဘာလ(၈)ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဥရောပပါလီမန်မှ လွှတ်တော်အမတ်(၂၂၄)ဦး၊ အမေရိကန်နိုင်ငံမှလွှတ်တော်အမတ်(၆၅)ဦးအပါအဝင် နိုင်ငံပေါင်း(၈၄)နိုင်ငံမှ လွှတ်တော်အမတ်ဦးရေ စုစုပေါင်း (၃၂၅၂) ဦးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ၏ကြေငြာချက်ကို လက်မှတ်



မြန်မာနိုင်ငံပါလီမန်လွှတ်တော်အမတ်များ သမဂ္ဂဥက္ကဋ္ဌ ဦးတယ်ရီဘူးရီ

ထိုး ကြိုဆိုဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။ "ဂျပန်နိုင်ငံ အပါအဝင် တခြားနိုင်ငံတွေရဲ့လွှတ်တော် အမတ်တွေဆီက လက်မှတ်တွေထပ်ရလာလိမ့် မယ်လို့ ကျနော်တို့မျှော်လင့်ပါတယ်"ဟု မြန်မာနိုင်ငံပါလီမန် လွှတ်တော်အမတ်များ သမဂ္ဂဥက္ကဋ္ဌ ဦးတယ်ရီဘူးရီ၏ ကိုယ်ရေး အရာရှိ ဒေါက်တာမြင့်ချိုကပြောကြားခဲ့သည်။

"တကမ္ဘာလုံးမှာရှိတဲ့ လွှတ်တော်ကိုယ် စားလှယ်တွေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနည်း နဲ့ရွေးကောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စား လှယ်တွေစုပေါင်းပြီး သက္ကရာဇ် ၂၀၀၀ ပြည့် နှစ်အောက်တိုဘာလကစပြီး လက်မှတ် စုဆောင်းတာကိုစခဲ့တာပါ"ဟု မြန်မာနိုင်ငံ ပါလီမန်လွှတ်တော်အမတ်များ သမဂ္ဂဥက္ကဋ္ဌ ဦးတယ်ရီဘူးရီကပြောကြားခဲ့သည်။

"မြန်မာနိုင်ငံတွင် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကျင်းပပြီးစီးခဲ့သည့် (၁၀)နှစ်တာ ကာလအတွင်း အပြည်ပြည်ဆိုင်ရာမှ စစ်အစိုးရ အပေါ် ပိုမိုပြင်းထန်စွာဖိအားပေးခြင်းသည် အလွန်အင်မတန် အရေးကြီးပေသည်။ မြန်မာ စစ်ခေါင်းဆောင်များအနေဖြင့်လည်း ဒီမို ကရေစီစနစ်သို့ ငြိမ်းချမ်းစွာအသွင်ကူးပြောင်း သွားစေရန်အတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု မှတပါး အခြားနည်းလမ်းမရှိတော့သည်ကို သိရှိနားလည်သဘောပေါက်ရန်လိုအပ်ပေသည်"ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်း အစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက နိုင်ငံ တကာလွှတ်တော်အမတ်များထံပေးစာထဲတွင် ရေးသားထားပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရ၏ ထုတ်ပြန်ကြေငြာချက်ထဲ တွင်ရွေးကောက်ခံထားရသည့် ပါလီမန် အမတ်များကို အပြည်ပြည်ဆိုင်ရာ လွှတ်တော် အမတ်များက ထောက်ခံကူညီကြရန်သဘော တူကြောင်း လက်မှတ်ရေးထိုးထားပြီး မြန်မာ စစ်အစိုးရအနေဖြင့် ဖမ်းဆီးချုပ်နှောင်ထား သည့် ပါလီမန်အမတ်များကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊ မြန်မာနိုင်ငံသူ နိုင်ငံ သား များအပေါ် လူ့အခွင့်အရေးချိုးဖောက် နေမှုများကို အမြန်ဆုံးရပ်တံ့ပေးရန်၊ ရွေးကောက်ခံထားရသည့် ပါလီမန်အမတ်များ ၏အခွင့်အရေးများကို အသိအမှတ်ပြုလေးစား လိုက်နာပြီး သူတို့နှင့်သက်ဆိုင်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် လွတ်လွတ်လပ်လပ် ဆက်သွယ်ခွင့်ပြုရန် စသည့်အချက်များကို တောင်းဆိုထားကြောင်းသတင်းရရှိသည်။

လက်ရှိအုပ်ချုပ်နေသော နအဖ စစ်အုပ်စု သည် ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် (၈၀)ရာခိုင်နှုန်းအသာစီး ဖြင့် မဲအနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုအာဏာလွှဲပြောင်းပေးရန် ယနေ့ အချိန်အထိ ငြင်းဆန်နေဆဲပင်ဖြစ်သည်။ နအဖ စစ်အုပ်စုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး နိုဘယ်(လ်) ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည် တို့အကြား လျှို့ဝှက်တွေ့ဆုံဆွေးနွေးနေမှုသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ကတည်းကစတင်နေခဲ့သော်လည်း မည်သည့် အကြောင်းအချက်များကို ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ကြေငြာမှုမပြုလုပ်သေးပေ။ ■

## တွေ့ဆုံဆွေးနွေးရေးအပေါ် ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၏အဆိုပြုချက်ကိုတိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တို့ထောက်ခံ



ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအား အနာဂတ်မြန်မာ့နိုင်ငံရေး တွင်တိုင်းရင်းသားလူမျိုးစုများပါဝင်လုပ်ဆောင် မှုနှင့်ပတ်သက်၍ ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌခွန်ထွန်းဦး၏ ပြောဆိုချက်များ အဝေးနယ်စပ်နှင့် ပြည်ပရောက်တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်တချို့က ထောက်ခံ ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်ဟု SHAN သတင်းဌာန၏ သတင်းတပုဒ်တွင် ဒီဇင်ဘာလ (၁၃)ရက်နေ့က ဖော်ပြပါရှိသည်။

ဦးခွန်ထွန်းဦးက နိုဝင်ဘာလ (၂၇)ရက် နေ့ ၌ မစ္စတာရာဇာလီနှင့် တွေ့ဆုံခဲ့ရာတွင် ထိုသို့ပြောကြားခဲ့ခြင်းနှင့်ပတ်သက်၍ KNU ခေါင်းဆောင်ဖဒိုစောဘသင်၊ (SDU)ရှမ်းဒီမို ကရက်တစ်ယူနီယံ အထွေထွေအတွင်းရေးမှူး စိုင်းဝမ်ဆိုင်၊ KNPP ခေါင်းဆောင်တဦးဖြစ်သူ ခူးထီးဘူဖဲတို့က နော်ဝေးနိုင်ငံ၊အော်စလိုမြို့တွင် ဒီဇင်ဘာလ(၈)ရက်နေ့က ကျင်းပခဲ့သည့်မြန်မာ ပြည်ဆိုင်ရာဆွေးနွေးပွဲတွင် ထိုကဲ့သို့ ထောက်ခံ ပြောကြားခဲ့ကြောင်း သိရသည်။

မစ္စတာရာဇာလီအား ဦးခွန်ထွန်းဦးက ပြောကြားခဲ့ရာတွင် ဗမာမဟုတ်သည့်တိုင်းရင်းသား များ၏ တရားဝင်ပြောရေးဆိုခွင့်ရှိသူ မဟုတ် သော်လည်း ၎င်းသည်တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ထဲ တွင် မည်သည့်ပုံစံဖြင့် ပါဝင်နိုင်မည်ဆိုသည်နှင့် ပတ်သက်၍ တပြည်လုံးအနှံ့ အပစ်အခတ်ရပ်စဲ ရေး၊ လွတ်လပ်စွာစည်းရုံးခွင့်နှင့် ဆွေးနွေးခွင့် များရရှိရေး၊ အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့ အစည်းများမဟုတ်သည့် SSA (တောင်ပိုင်း) နှင့် KNUတို့အကြား တိုင်ပင်ဆွေးနွေးနိုင်ရန် လွတ်လပ်စွာသွားလာခွင့်ရှိရေး၊ တားမြစ် ပိတ်ပင်ခံထားရသည့် နိုင်ငံရေးပါတီများကို ပြန်လည်တည်ထောင်ခွင့်ပေးရန် စသည့်အချက် များပါဝင်သည်ဟု သိရှိရသည်။

နော်ဝေးမြန်မာကော်မတီမှ ကြီးမှူး ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ ပညာရှင် များ၊ NGOများ၊ နော်ဝေးအစိုးရအရာရှိများ၊ ICG ခေါ် နိုင်ငံတကာအကြပ်အတည်းလေ့လာ ရေးအဖွဲ့နှင့် NCGUB ဝန်ကြီးချုပ် ဒေါက်တာ စိန်ဝင်းအပါအဝင် အခြားမြန်မာ့အရေးလှုပ်ရှား သောအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။ ■

## အကျဉ်းကျခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် လွှတ်တော်အမတ်များစာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်မြေ | ပါတီ | ထောင်ဒဏ် | ထောင်ကျသည့်နေ့ | အကျဉ်းထောင် | စာရင်းပြုစုသည့်ရက် |
|---|---|---|---|---|---|---|---|
| ၁။ | စောဦးရယ် | ဖရူဆို၊ ကယား | NLD | ၁၀ နှစ် | ၂၉-၉-၉၈ | လှိုင်ကော် | ၈-၁၂-၀၁ |
| ၂။ | ဦးကျော်ဆန်း | တန့်ဆည်(၁)၊ စစ်ကိုင်း | NLD | ၇ နှစ် | -၉-၉၈ | အင်းစိန် | ၈-၁၂-၀၁ |
| ၃။ | ဦးဒိုထောင်း | ကလေး(၁)၊ စစ်ကိုင်း | NLD | ၇ နှစ် | ၂၁-၅-၉၆ | မန္တလေး | ၈-၁၂-၀၁ |
| ၄။ | ဒေါက်တာမြင့်နိုင် | ကန့်ဘလူ(၂)၊ စစ်ကိုင်း | NLD | ၂၅ နှစ်/၅ နှစ် | *၂၅-၁၀-၉၀/၂၈-၃-၉၆ | အင်းစိန် | ၈-၁၂-၀၁ |
| ၅။ | ဦးတိုးပို | ရေဖြူ၊ တနင်္သာရီ | NLD | ၇ နှစ် | -၉-၉၈ | အင်းစိန် | ၈-၁၂-၀၁ |
| ၆။ | ဦးအုန်းမောင် | ညောင်လေးပင်(၁)၊ပဲခူး | NLD | ၇ နှစ် | -၉-၉၈ | အင်းစိန် | ၈-၁၂-၀၁ |
| ၇။ | ဦးသန်းလွင် | မတ္တရာ(၂)၊ မန္တလေး | NLD | ၉ နှစ် ၉ လ | ၂၁-၅-၉၈ | မန္တလေး | ၈-၁၂-၀၁ |
| ၈။ | ဒေါက်တာဇော်မြင့်မောင် | အမရပူရ(၁)၊ မန္တလေး | NLD | ၂၅ နှစ်/၁၂ နှစ် | **၂၅-၁၀-၉၀/၂၈-၃-၉၆ | မြစ်ကြီးနား | ၈-၁၂-၀၁ |
| ၉။ | ဦးအုန်းကြိုင် | မန္တလေး(SE 2)(၂) မန္တလေး | NLD | ၁၇ နှစ် | ၇-၉-၉၀ | တောင်ငူ | ၈-၁၂-၀၁ |
| ၁၀။ | ဦးစိုးမြင့် | မင်းဘူး(၁)၊ မကွေး | NLD | ၇ နှစ် | -၉-၉၈ | အင်းစိန် | ၈-၁၂-၀၁ |
| ၁၁။ | ဦးကျော်ခင် | တောင်ကြီး(၁)၊ ရှမ်း | NLD | ၁၀ နှစ် | ၃-၆-၉၆ | သရက် | ၈-၁၂-၀၁ |
| ၁၂။ | ဦးခင်မောင်ဆွေ | စမ်းချောင်း၊ ရန်ကုန် | NLD | ၇ နှစ် | -၈-၉၄ | မြင်းခြံ | ၈-၁၂-၀၁ |
| ၁၃။ | ဦးစိန်လှဦး | အင်းစိန်(၂)၊ ရန်ကုန် | NLD | ၇ နှစ် | -၈-၉၄ | မြစ်ကြီးနား | ၈-၁၂-၀၁ |
| ၁၄။ | ဒေါက်တာသန်းငြိမ်း | ကျောက်တန်း(၁)၊ ရန်ကုန် | NLD | ၇ နှစ် | ၂၈-၁၀-၉၇ | အင်းစိန် | ၈-၁၂-၀၁ |
| ၁၅။ | ဒေါ်မေဝင်းမြင့် | မရမ်းကုန်း(၂)၊ ရန်ကုန် | NLD | ၇ နှစ် | ၂၈-၁၀-၉၇ | အင်းစိန် | ၈-၁၂-၀၁ |
| ၁၆။ | ဦးနိုင်းနိုင်း | ပုဇွန်တောင်၊ ရန်ကုန် | NLD | ၂၁ နှစ် | ၁၄-၁၂-၀၀ | အင်းစိန် | ၈-၁၂-၀၁ |
| ၁၇။ | ခွန်မြင့်ထွန်း | သထုံ(၁)၊ မွန် | NLD | ၇ နှစ် | -၆-၉၆ | ကလေး | ၈-၁၂-၀၁ |
| ၁၈။ | ဦးယောစိ | ပူတာအို၊ ကချင် | NLD | ၅ နှစ် | -၂-၉၉ | မြစ်ကြီးနား | ၈-၁၂-၀၁ |
| ၁၉။ | ဒေါက်တာမင်းစိုးလင်း | ရေး(၁)၊ မွန် | MNDF | ၇ နှစ် | ၁၁-၁၂-၉၈ | မော်လမြိုင် | ၈-၁၂-၀၁ |
| ၂၀။ | ဒေါက်တာမင်းကြည်ဝင်း | မုဒုံ၊ မွန် | MNDF | ၇ နှစ် | ၅-၉-၉၈ | မော်လမြိုင် | ၈-၁၂-၀၁ |

မှတ်ချက်။ ။ မတ္တရာမဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းလွင်သည် ၁၂-၁၂-၀၁ ရက်နေ့တွင် နအဖ စစ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက် လာပြီဖြစ်သည်။

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၆)

## (၈၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ဖတ်ကြားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အထိမ်းအမှတ်နှင့် နိုဘယ်(လ်)ငြိမ်းချမ်းရေးဆု နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နေ့ ကြေညာစာတမ်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ယနေ့သည် ကမ္ဘာပေါ်ရှိလူသားအားလုံး အခွင့်အရေးများ ကွဲပြားခြားနားခြင်းမရှိစေဘဲ၊ အခြေခံ လူ့အခွင့်အရေးများသည် လူခပ်သိမ်း၊ နိုင်ငံခပ်သိမ်းတို့၌ တပြေးညီဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့သည့်"အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကြီး၏ (၅၃)နှစ်မြောက်နေ့ အခါသမယဖြစ်ပေသည်။ ထူးခြားလေးနက်စေသည့်ကိစ္စရပ်တခုမှာ ကမ္ဘာ့နိုဘယ်ငြိမ်းချမ်းရေးနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကျင်းပသောနေ့လည်းဖြစ်ပေသည်။ ပို၍ထူးခြား လေးနက်စေသည်မှာ၊ ပညာရေးနှင့်ပတ်သက်၍ လူလူချင်း ခွဲခြားဆက်ဆံမှု၊ တားဆီးကန့်သတ်မှုများကို ငြိမ်းချမ်းစွာ ဆန့်ကျင်တော်လှန် အောင်ပွဲခံခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၈၁)နှစ်မြောက်(အမျိုးသားအောင်ပွဲနေ့)ကြီးနှင့် တိုက်ဆိုင်နေခြင်းပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း လူသားများအား လူမဆန်စွာညှင်းပန်းနှိပ်စက်မှုများ၊ လူနည်းစုလူမျိုးစုများအားမျိုးပြုန်းအောင်သတ်ဖြတ်မှုများ၊ လူမဆန်စွာ သဘောထားကာ ဖမ်းဆီးနှိပ်စက်မှုများနှင့် ဆေးဘက်ဆိုင်ရာစမ်းသပ်မှုများ စသည့် သေမင်းတမန် ငရဲခန်းအနိဋ္ဌာရုံများကြောင့် ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပေသည်။ ဤကဲ့သို့သောအဖြစ်ဆိုးများ နောင်အခါမည်သည့်ဒေသ၊ မည်သည့်အခြေအနေမျိုး၌မဆို ထပ်မံပေါ်ပေါက်လာခြင်းမရှိစေရန်ရည်ရွယ်၍ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကြီးအားထုတ်ပြန်ကြေညာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပေသည်။

ယင်းကြေညာစာတမ်းကြီးတွင် အပိုဒ်(၃၀)ပါရှိပြီး၊ စာတမ်းကြီး၏နိဒါန်းတွင် "လူခပ်သိမ်း၏ မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ၊ လူတိုင်းအညီအမျှခံစားခွင့်ရှိသည့် အခွင့်အရေးများ အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်း၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့်ငှင်း"ဟူ၍ လူ့အခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာခြင်းသည် လူသားအားလုံး၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းသာယာမှုတို့၏ အခြေခံဖြစ်ကြောင်း ဖော်ပြထားသည်မှာ မှန်ကန်လှပြီး လိုက်နာကျင့်သုံးကြရန် လိုအပ်ပေသည်။

ထို့ပြင် "လူ့အခွင့်အရေးများကို အလေးမထား၊ မထီလေးစားပြုခြင်းသည် လူခပ်သိမ်း၏အကျင့်သိက္ခာကို ချိုးဖောက်ဖျက်ဆီးတတ်သည့်ရက်စက်ကြမ်းကြုတ်သောအပြုအမူများကို ဖြစ်ပေါ်စေခဲ့သောကြောင့်ငှင်း"ဟုဖော်ပြထားပြန်သည်။ လူသားများသည် တဖက်သတ် အနိုင်ကျင့်နှိပ်စက်ခံရပြီး လူသားတို့၏ အခြေခံ အခွင့်အရေးများ ဆုံးရှုံးနစ်နာလာပါက၊နောက်ဆုံးတွင်ပြန်လည်၍ အကြမ်းဖက်တုံ့ပြန်မှုများ၊ အသက်ခြင်းလဲ၍ခုခံတော်လှန်မှုများ ဖြစ်ပွားကြောင်း ကမ္ဘာ့သမိုင်းတွင် အဖြစ်အပျက်များစွာ ကြုံခဲ့ကြပြီးဖြစ်ပေသည်။ ထို့ကြောင့်စာတမ်းကြီး၏နိဒါန်းတွင်ပင် "လူခပ်သိမ်းတို့သည် တရားလက်လွတ်နှိပ်စက်ကလူပြုမှု၊ အုပ်စိုးမှုနှင့်ဖိစီးညှင်းပန်းမှုတို့ကို နောက်ဆုံးမလွှဲသာ မရှောင်သာ လက်နက်စွဲကိုင်တော်လှန်ခြင်း၊ ပုန်ကန်ခြင်းမပြုစေရန် လူ့အခွင့်အရေးများကို ဥပဒေဖြင့်ထိန်းသိမ်းကာကွယ်ပေးရမည် ဖြစ်သောကြောင့်ငှင်း"ဟူ၍ဖော်ပြထားပေသည်။ အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးခဲ့လျှင် မတည်ငြိမ်မှုများ၊ အဓိကရုဏ်းများ ဖြစ်ပေါ်နိုင်ပြီး၊ ငြိမ်းချမ်းရေး ကင်းမဲ့နိုင်သောကြောင့် အခြေခံလူ့အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍အကာအကွယ်ပေးရမည်ဖြစ်ကြောင်း တိကျစွာလမ်းညွှန်ထားခြင်းဖြစ်ပေသည်။



တဖန်ကြေညာစာတမ်းကြီး၏ အပိုဒ်(၁)တွင် "လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့်ငှင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့်ငှင်း၊ မွေးဖွားလာကြသူများဖြစ်သည်"အပိုဒ်(၂)တွင် "လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျားမသဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့်ဖြစ်စေ၊နိုင်ငံနှင့်ဆိုင်သော သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ"ဟူ၍ငှင်း၊ အပိုဒ်(၃)တွင်"လူတိုင်းအသက်ရှင်ရန်လွတ်လပ်မှုနှင့်လုံခြုံစိတ်ချခွင့်ရှိသည်"ဟူ၍ငှင်း၊ ဖော်ပြထားပေသည်။

စာတမ်းကြီး၏အပိုဒ် (၄)နှင့် အပိုဒ်(၅)တွင် လူများအားကျေးကျွန်အဖြစ် နိုင်ထက်စီးနင်းပြုလုပ်ခြင်း၊ ရက်စက်၍လူမဆန်စွာညှင်းပန်းနှိပ်စက်ခြင်းတို့နှင့်ပတ်သက်၍ "မည်သူ့ကိုမျှကျေးကျွန်အဖြစ် သို့တည်းမဟုတ် အစေအပါးအဖြစ် နိုင်ထက်စီးနင်း စေခိုင်းခြင်းမပြုရ။ လူကိုကျေးကျွန်သဖွယ် အဓမ္မစေခိုင်းခြင်း၊ အရောင်းအဝယ်ပြုခြင်းနှင့် ထိုသဘောသက်ရောက်သောလုပ်ငန်းဟူသမျှကို ပိတ်ပင်တားမြစ်ရမည်""မည်သူ့ကိုမျှညှင်းပန်းနှိပ်စက်ခြင်း သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသောဆက်ဆံမှုမပြုရ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်းမပြုရ"ဟူ၍ ဖော်ပြထားပေသည်။

ထို့ပြင်စာတမ်းကြီး၏ အပိုဒ်(၇)နှင့် အပိုဒ်(၉)တို့တွင် လူသားအားလုံး ဥပဒေ၏အကာအကွယ်ကိုခြားနားခြင်း မခံရစေဘဲတူညီစွာ ခံစားပိုင်ခွင့်နှင့်ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခွင့်မရှိကြောင်း ဖော်ပြထားပြန်ပေသည်။

အပိုဒ်(၂၀)တွင် နိုင်ငံရေးရာကိစ္စများနှင့်ပတ်သက်ပြီး"လူတိုင်းတွင်လွပ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ရှိသည်" "မည်သူ့ကိုမျှ အဖွဲ့အစည်းတခုသို့ဝင်ရောက်စေရန် အတင်းအကြပ်မပြုရဟူ၍ငှင်း ဖော်ပြထားပြီး၊ အပိုဒ်(၂၁)တွင် လူတိုင်းသည် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေပါဝင်ဆောင်ရွက်နိုင်ခွင့်၊ ပြည်သူ့ဝန်ထမ်းအဖွဲ့၌ဖြစ်စေ၊ ပါဝင်ဆောင်ရွက်ခွင့်ရှိကြောင်းနှင့် ပြည်သူပြည်သားတို့၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်ဟူ၍ ဖော်ပြထားပေသည်။"

ပညာရေးနှင့်ပတ်သက်၍ စာတမ်းကြီး၏အပိုဒ်(၂၆)တွင် "လူတိုင်းသည်ပညာသင်ယူနိုင်ခွင့်ရှိသည်။ အနည်းဆုံး မူလတန်းနှင့်အခြေခံအဆင့်အတန်းများတွင်ပညာသင်ကြားရေးသည် အခမဲ့ဖြစ်ရမည်ဟူ၍ငှင်း ပြည့်စုံစွာဖော်ပြထား

Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၆)



ပေသည်။”

သို့ဖြစ်၍ လူ့အခွင့်အရေးဟူသည် လူ့ဂုဏ်သိက္ခာ၊ လူမှုဖူလုံရေးနှင့်လူပုဂ္ဂိုလ်တဦးခြင်းတို့၏ လွတ်လပ်ခွင့်ကို အကာအကွယ်ပေးခြင်းဖြစ်သည်။ လူဖြစ်ရခြင်းတည်းဟူသောကောင်းမြတ်ခြင်းသက်သက်ကြောင့် လူသားတိုင်းခံစားခွင့်ရှိသည့် လူသားခြင်း ဆက်ဆံရေး၏ အခြေခံစံညွှန်းပင်ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကြီး၏ အခြေခံအကျဆုံးသဘောတရားမှာ အစိုးရများ၊စနစ်များကွဲပြားသော်လည်း၊ ပြည်သူလူထု၏ သဘောဆန္ဒများကွဲပြားသော်လည်း အခြေခံလူ့အခွင့်အရေးများအား နိုင်ငံတိုင်း၊ အစိုးရတိုင်းကလေးစားလိုက်နာကြရန်လိုအပ်ပေသည်။ အသားအရောင်၊ လူမျိုး၊ ပထဝီဒေသကွဲပြားခြားနားမှုသည် လူ့အခွင့်အရေးပေါ်တွင် အကျိုးသက်ရောက်မှုမရှိစေရပေ။ သို့မှသာ စာတမ်းကြီးပါအချက်အလက်နှင့် အခွင့်အရေးများအား လူသားတိုင်းပြည့်စုံစွာခံစားကြရပြီး လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းသာယာမှုများ ရရှိခံစားနိုင်လိမ့်မည်ဖြစ်ပေသည်။ အခြေခံလူ့အခွင့်အရေးများကိုအသုံးချပြီး လွတ်လပ်မှုနှင့်လုံခြုံမှုတို့ကိုထိန်းသိမ်းသွားနိုင်လိမ့်မည်ဖြစ်သည်။ ထိုသို့ထိန်းညှိသွားနိုင်ရန် ဒီမိုကရေစီစနစ်မရှိမဖြစ်ထွန်းကားရန်လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးသည် ခွဲခြား၍မရဘဲ ဒီမိုကရေစီစနစ် ထွန်းကားမှသာလျှင် အခြေခံလူ့အခွင့်အရေးများလည်း ရှင်သန်နိုင်မည်ဖြစ်သောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကြီးအားသဘောတူထောက်ခံကြောင်း ၁၉၄၈ ခုနှစ်ကပင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပေသည်။ ပါလီမန်ဒီမိုကရေစီခေတ်မှ ၁၉၆၂ ခုနှစ်အထိ လူ့အခွင့်အရေးများ အထိုက်အလျောက် ခံစားနိုင်ခွင့်ရှိခဲ့ပါသည်။ အခြေခံလူ့အခွင့်အရေးများခံစားနိုင်ရေးအတွက် ဒီမိုကရေစီကျင့်သုံးသောနိုင်ငံတော်ကြီးပြန်လည်ဖြစ်ပေါ်လာရန် အမြန်ဆုံးကြိုးစားကြရမည်ဖြစ်ပေသည်။ ယနေ့ဖြစ်ထွန်းတိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေကောင်းများကို အမိအရဆုပ်ကိုင်၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရရှိရေးကိုရှေ့ရှု၍ တိုင်းရင်းသားနိုင်ငံရေးအင်အားစုများအားလုံး လက်တွဲဆောင်ရွက်သွားကြရန် အထူးလိုအပ်လှပေသည်။

ယနေ့ခေတ်သည် ပထဝီနယ်နိမိတ်နှင့်ခြားနားသော ယဉ်ကျေးမှုများကို ဖြတ်ကျော်လျက်ကမ္ဘာလုံးစီးပွားရေး၊ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုမှသည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးဆီသို့ဦးတည်ရှေ့ရှုနေသော ကမ္ဘာ့လွှမ်းခြုံဖြန့်ကြက်မှုခေတ်ကြီးဖြစ်ပေသည်။ ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေးသည် ဒီမိုကရေစီရေးပင် ဖြစ်ကြောင်းထင်ရှားပေါ်လွင်နေပြီဖြစ်ပေသည်။

ကမ္ဘာ့လွှမ်းခြုံဖြန့်ကြက်မှုခေတ်တွင် အခြေခံလူ့အခွင့်အရေးများကို မလေးစားမလိုက်နာဘဲ၊ နိုင်ငံဒေသအတွင်း၌ လုပ်ချင်တိုင်းလုပ်ပိုင်ခွင့်မရှိတော့ပေ။ တနည်းအားဖြင့် နိုင်ငံတနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် လူ့အခွင့်အရေးနှင့်ပတ်သက်လာလျှင် အကြွင်းမဲ့မဟုတ်တော့ပေ။ နိုင်ငံအသီးသီးတို့သည် မိမိတို့၏ပြည်တွင်းလုံခြုံရေးအခြေအနေများ ဆောင်ရွက်မှုကြောင့် လူ့အခွင့်အရေးကိစ္စရပ်များအား ထိခိုက်စေခြင်း၊ မေ့မှိန်ခြင်းမရှိရပေ။ လုံခြုံရေးကိစ္စရပ်များဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပြင်းထန်ဆိုးရွားပါက ပြန်လည်၍ လက်နက်စွဲကိုင်အကြမ်းဖက် ခုခံတော်လှန်သည့် အခြေအနေသို့ ဖန်တီးသွားနိုင်သည်ကို အထူးသတိပြုရန်လိုပေသည်။ လူ့အခွင့်အရေးများ ပိတ်ပင်တားဆီး ချိုးဖောက်ခြင်းခံရပါက အမျိုးသားရေးဝါဒ အစွန်းရောက်မှုများ၊ ဘာသာရေးအစွန်းရောက်မှုများဖြစ်ပေါ်လာပြီး အကြမ်းဖက်စစ်ပွဲများ မလွဲမသွေကြုံတွေ့နိုင်မည်ဖြစ်ပေသည်။ အထူးသဖြင့်ဘာသာရေးအကြောင်းပြ၍ သွယ်ဝိုက်သောနည်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို သတိထားရှောင်ရှားရမည်ဖြစ်ပေသည်။

လူမျိုးရေးအစွန်းရောက်မှုများ၊ ဘာသာရေးအစွန်းရောက်ဝါဒီများနှင့် အကြမ်းဖက်ဝါဒီများအား ကမ္ဘာကြီးကလုံးဝလက်မခံ ခွင့်မပြုတော့ပေ။ ယနေ့ကမ္ဘာ့သမိုင်းဖြစ်ရပ်များကသက်သေထူလျက်ရှိပေသည်။ လူ့အခွင့်အရေးကြေညာစာတမ်းကြီးပါ အချက်များကိုလေးစားလိုက်နာခြင်းသည် နိုင်ငံတို့အားပို၍လုံခြုံတည်ငြိမ်စေပြီး၊ အချုပ်အခြာအာဏာထိန်းသိမ်းရာတွင် ပို၍အာမခံနိုင်လိမ့်မည်ဖြစ်ပေသည်။

အခြေခံလူ့အခွင့်အရေးသည် အချုပ်အခြာအာဏာထက်ပိုမိုကျယ်ပြန့်၍ ပိုမိုအဓိပ္ပာယ်လေးနက်သော အကျိုးသက်ရောက်မှုရှိကြောင်း (၅၄)ကြိမ်မြောက်ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် အထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်က နိုင်ငံ၏အချုပ်အခြာအာဏာဟူသောစကား၏ အခြေခံအကျဆုံးအဓိပ္ပာယ်ကိုယနေ့အချိန်အခါတွင် ကမ္ဘာတဝှမ်းလုံးဆက်နွယ်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်၏တွန်းအားကပြန်လည်အဓိပ္ပာယ် သတ်မှတ်နေပြီဖြစ်ကြောင်း၊ လာမည့်ရာစုနှစ်သစ်၌ ကမ္ဘာ့ကုလသမဂ္ဂကြီးနှင့်လုံခြုံရေးကောင်စီတို့ကထင်သာမြင်သာအောင်အရေးတကြီးစိန်ခေါ်ချက်မှာ လူ့အခွင့်အရေးများကိုစနစ်တကျနှင့်အကြီးအကျယ်ချိုးဖောက်မှုဖြစ်ပွားခြင်းကို မည်သည့်နေရာဒေသတွင်မှခွင့်မပြုရန်နှင့် ကုလသမဂ္ဂမူများအရ စည်းလုံးညီညွတ်မှုကို ပုံဖော်ပေးရန်ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေး၊ ပါတီစုံစနစ်ထွန်းကားရေး စသည့်ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏အခြေခံကျလှသော ဒီမိုကရေစီဆိုင်ရာတန်ဖိုးများကို လိုက်နာရေးအတွက်၊ နိုင်ငံများအနေဖြင့် ပိုမိုကြီးမားသောစည်းလုံးညီညွတ်မှုများ ရရှိစေရန်အလို့ငှာ ပိုမိုကျယ်ပြန့်သော တွေးတောစဉ်းစားမှု၊ ပိုမိုကျယ်ဝန်းသော အဓိပ္ပာယ်ဖွင့်ဆိုမှုအသစ်များပြုလုပ်ကြရမည်ဖြစ်ကြောင်းနှင့် စိန်ခေါ်မှုများကိုယှဉ်ပြိုင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်လုံခြုံရေးကောင်စီတို့တွင် နိုင်ငံတကာဥပဒေအရ လုပ်ပိုင်ခွင့်ဩဇာအာဏာရှိရမည်ဖြစ်ပြီး၊ ဖြစ်ပေါ်လာသောအဖြစ်အပျက်တို့တွင် စွမ်းအား

## ခွပ်ဒေါင်းသစ္စာ

“သမိုင်းမှာ
ကျောင်းသားတွေသာ သတ္တိနည်းလို့
သွေးကြောင်ခဲ့ရင်
အခု…ခင်ဗျားတို့တရားရုံးနောက်ခံ
မဆလအလံတောင်
ချိတ်နိုင်မှာ မဟုတ်ဘူး…”
ကျဆုံးသွားတဲ့
ကိုမင်းအောင်စက်မှုတက္ကသိုလ်ရဲ့စကား…
နားထဲကမထွက်။

ပျံ့လွှင့်နေတဲ့
နိုင်ငံတော်ရဲ့အလံဟာ
အသက်ရာထောင်သောင်း
အာဇာနည်သူရဲကောင်းတွေရဲ့
ထောင်သောင်းမကသောဝိညာဉ်များနဲ့
ကိန်းဝပ်ဖြစ်တည်တယ်။

“တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ
ဒို့ပြေ ဒို့မြေ…”

ကမ္ဘာမကြေတဲ့ ဗမာပြည်ရဲ့
ဒီမိုကရေစီခြေဆင်း
ပြည်သူတွေ
ရဲရဲတင်းတင်း…ဆိုကြစေ…။

မြင်ခွင့်ရှိသမျှ…မြင်ကြလော့
ကြားခွင့်ရှိသမျှ…ကြားကြလော့
ပြောခွင့်ရှိသမျှ…ပြောကြလော့
မမြင်မကြား…စကားမဆို
ဘယ်လွတ်လပ်ရေးမှမလိုချင်…။

ပြည်သူတွေလွတ်မြောက်ကြောင်း
“ခွပ်ဒေါင်း”
ခွပ်ဒေါင်းတွေကြုံဆ
စစ်အာဏာရှင်မှန်သမျှကို
ဘယ်သောအခါမှ…
ညွှတ်ပြောင်းလိမ့်မည်မဟုတ်
ဘယ်သောအခါမှ…
ညွှတ်ပြောင်းလိမ့်မည်မဟုတ်…။

အောင်ဒေါင်း
(အဝေးမြေ)



Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မိုးကြိုး သတင်းစဉ် အမှတ် (၂၆)**

ရှိရှိကြားဝင်ဆောင်ရွက်နိုင်မှုများလည်း လိုအပ်ပါကြောင်း ပြောကြားသွားခဲ့ပေသည်။ အထွေထွေအတွင်းရေးမှူးချုပ်၏မိန့်ခွန်းကို ထောက်ရှုပါက "လူ့အခွင့်အရေး"သည် နိုင်ငံများ၏ နယ်နိမိတ် အတားအဆီးများကိုဖြတ်ကျော်ပြီး အကန့်အသတ်မဲ့နယ်နိမိတ်မဲ့တပြေးညီခံစားခွင့်ရှိရမည်ဖြစ်ကြောင်းနှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်ပိုင်းခြားမှုမရှိစေပဲ၊ အရှေ့တိုင်းစံနှုန်း၊ အနောက်တိုင်းစံနှုန်း၊ ဥရောပစံနှုန်း၊ အာရှစံနှုန်းဟူ၍သတ်မှတ်ပိုင်းခြား၍ မရနိုင်ကြောင်းပေါ်လွင်ထင်ရှားစွာ မီးမောင်းထိုး ပြလျက်ရှိပေသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အထက်ဖော်ပြပါ လူ့အခွင့်အရေး စာတမ်းကြီး၏အချက်များကိုတန်ဖိုးထား လေးစားလိုက်နာ၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် လေးစားစွာတိုက်တွန်းအပ်ပေသည်။

နိုဘယ်ငြိမ်းချမ်းရေးဆုနှင့်ပတ်သက်၍ တင်ပြသွားလိုပေသည်။ ယနေ့သည်ကမ္ဘာချီ၍ ဂုဏ်သိက္ခာရှိသော နိုဘယ် ငြိမ်းချမ်းရေးဆုကြီး စတင်ချီးမြှင့်ခဲ့သည့်နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်နေ့ဖြစ်ပေသည်။ ထို့ပြင်ဒေါ်အောင်ဆန်းစုကြည်အား နိုဘယ်ငြိမ်းချမ်းရေးဆု ပေးအပ်ချီးမြှင့်ခဲ့သည့် (၁၀)နှစ်မြောက်နေ့လည်း ဖြစ်ပေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကြီး ထုတ်ပြန်ကြေညာရန် ရက်ရွေးချယ်ရာတွင်လည်း ဒီဇင်ဘာလ(၁၀)ရက်နေ့ကိုရွေးချယ်သတ်မှတ်ခဲ့ပေသည်။ ဒီဇင်ဘာလ(၁၀)ရက်နေ့သည် နိုဘယ်ငြိမ်းချမ်းရေးဆုဖန်တီးရှင် ဆွီဒင်နိုင်ငံသား အဲဖရက်နိုဗယ်ကွယ်လွန်ခဲ့သည့် ၁၈၉၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့အား ဂုဏ်ပြုရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုနှင့်လူ့အခွင့်အရေး ကြေညာစာတမ်းတို့သည် ငြိမ်းချမ်းရေးသို့ဦးတည်သောရည်ရွယ်ချက်ခြင်း တူညီလျက်ရှိသောကြောင့် ဖြစ်ပေသည်။ နိုင်ငံအသီးသီးသည် လူ့အခွင့်အရေးကြေညာစာတမ်းပါအချက်များကို ရိုသေလေးစားလိုက်နာကြမှသာလျှင် ငြိမ်းချမ်းရေးရရှိမည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးရှိမှသာလျှင် လူ့အခွင့်အရေးဆိုင်ရာအချက်အလက်များပါ အခွင့်အရေးများကို ခံစားနိုင်ကြမည်ဖြစ်ပေသည်။

နိုဘယ်ငြိမ်းချမ်းရေးဆု စတင်ဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်တင်ပြလိုပေသည်။ ထိုဆုကြီးသည် အဲဖရက်နိုဘယ် ဆိုသောပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။ အဲဖရက်နိုဘယ်အား ၁၈၃၃ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၌ မွေးဖွားခဲ့ပြီး၊ ၁၈၉၆ ခုနှစ် အသက်(၆၃)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပေသည်။ မွေးချင်း(၁၄)ယောက်ရှိသော်လည်း (၃)ယောက်သာလျှင်ကြီးပြင်းသည်အထိ အသက်ရှင်ပေသည်။ ၎င်း၏ဖခင်သည် အသက်(၁၄)နှစ်သားမှစ၍ ပင်လယ်ခရီးအလုပ်ကြမ်းသမားဘဝ၊ ဆောက်လုပ်ရေးလုပ်သားဘဝ၊ စတော့ဟုန်းမြို့အနုပညာကျောင်းတော်ကြီးတွင် ဗိသုကာပညာသင်ယူခဲ့ပြီး ငွေကြေးမပြည့်စုံသဖြင့် ရုရှားနိုင်ငံသို့ပြောင်းရွှေ့၍ သဘော်ဖွဲ့င်လာတည်ဆောက်ရေးအင်ဂျင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။ အဲဖရက်နိုဘယ်၏ မိခင်ဖြစ်သူသည် တဖက်တလမ်းမှဝင်ငွေရစေရန် နို့ထွက်ပစ္စည်းနှင့်ဟင်းသီးဟင်းရွက် ရောင်းချခဲ့ရပေသည်။ ၁၈၅၃–၅၆ ခုနှစ် ကရိုင်းမီးယားစစ်ပွဲတွင် ဖခင်၏အလုပ်ရုံသည် ဖွံ့ဖြိုးတိုးတက်လာကာ မြေမြှုပ်ဗုံးထုတ်လုပ်ရန်အတွက် ဓါတ်ခွဲစမ်းသပ်ရင်းပေါက်ကွဲစေတတ်သော အဆီတမျိုးကို တီထွင်ထုတ်လုပ်အောင်မြင်ခဲ့ပေသည်။ ၎င်းအဆီသည် နောင်တွင်အစွမ်းထက်သည့် ပေါက်ကွဲစေတတ်သောပစ္စည်းတမျိုးကို ထုတ်လုပ်နိုင်ခဲ့ပေသည်။ နိုဘယ်သည်လုပ်ငန်းခွင်တွင် အသက်နှင့်ရင်း၍ ဖခင်အားကူညီလုပ်ကိုင်ပေးရင်းကြိမ်ဖန်များစွာမတော်တဆပေါက်ကွဲမှုများကြောင့် အစ်ကိုဖြစ်သူအပါအဝင် အလုပ်သမား(၅)ဦးသေဆုံးခဲ့ရပေသည်။ ထိုသို့အခက်အခဲများနှင့်ကြုံတွေ့ရသော်လည်း စိတ်ဓါတ်မကျဘဲ ဆက်လက်ကြိုးစားအားထုတ်ရင်း ပေါက်ကွဲစနက်တံတမျိုးကို အောင်မြင်စွာတီထွင်နိုင်ခဲ့ပေသည်။ ဥရောပနိုင်ငံအများအပြားသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဓါတုဗေဒနည်းအမျိုးမျိုးတို့အား ဆက်လက်စမ်းသပ်ရင်း နောက်ဆုံးတွင် ပြင်းထန်သောပေါက်ကွဲပစ္စည်းကို လုံခြုံရေးအထိန်းအကွပ်ဖြင့် ပေါက်ကွဲစေနိုင်သည့် ဒိုင်းနမိုက်(ယမ်းဘီးလူး)တမျိုးကို တီထွင်နိုင်ခဲ့ပြီး၊ ရုံဖန်ရခါဆိုသလို အာဏာပိုင်တို့က မသင်္ကာ၊ သံသယတို့ဖြင့် အနှောက်အယှက်ပေးမှုနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော်လည်း၊ အခြေအမြစ်မရှိသဖြင့် တရားစွဲအရေးယူခြင်းမခံခဲ့ရပေ။ စစ်အမြောက် (ဘော်ဖာ)လက်နက်ကျည်ဆံကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ နိုဘယ်သေဆုံးသည့်အချိန်တွင် နိုဘယ်ကုမ္ပဏီနှင့် အလုပ်ရုံပေါင်း (၁၀၀)ကျော်အား နိုင်ငံ(၂၀)တွင်ဖွင့်လှစ်ပြီး ပေါက်ကွဲပစ္စည်း(၃၅၆)မျိုးကိုမူပိုင်ခွင့်ဖြင့် ရောင်းချပိုင်ဆိုင်သူဖြစ်လာခဲ့ပေသည်။

၁၉ ရာစုအတွင်းတွင် ဥရောပနိုင်ငံများသည် သိပ္ပံဆိုင်ရာနည်းပညာအသစ်များတိုးတက်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းဆိုင်ရာများသည်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။ ထို့အတူ နိုင်ငံအချင်းချင်းလည်း စစ်မက်ဖြစ်ပွားတိုက်ခိုက်မှုများလည်း ရှိခဲ့ပေသည်။ ထိုကဲ့သို့ စစ်မက်ဖြစ်ပွားရခြင်းသည် အတိတ်ကစက်ဆုပ်စရာကောင်းသော လူမှုအနိဋ္ဌာရုံဖြစ်ရပ်များကြောင့်ဖြစ်ရသည်ကို လူအပေါင်းတို့သိရှိနားလည်လာကြပေသည်။ နိုဘယ်သည်စဉ်းစားဆင်ခြင်တုံတရားရှိ၍ ဉာဏ်ရည်ထက်မြက်ပြီး၊ မိမိကိုယ်ကို ယုံကြည်သူဖြစ်သည့်အားလျော်စွာ ၁၉ရာစုအကုန်လောက်တွင် လက်နက်ဖျက်သိမ်းရေး၊ နိုင်ငံတကာအငြင်းပွားမှုများကို ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးအတွေးအခေါ်များကို စတင်စဉ်းစားတွေးခေါ်ခဲ့ပေသည်။ နိုဘယ်သည် ခေတ်သစ်အတတ်ပညာနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်လာမှုများကြောင့် တနေ့တွင်စစ်ပွဲများနှင့် စက်ဆုပ်ကြောက်မက်ဖွယ်ရာကောင်းသော လက်နက်များအား လူသားတို့သည်ကြိုးစားဖယ်ရှားပစ်နိုင်လိမ့်မည်ဟု မုချယုံကြည်ပေသည်။ ငြိမ်းချမ်းရေးရရှိရန် အကြောင်းတရားများကို ရှာဖွေဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း တွေးတောဆင်ခြင်ယုံကြည်ခဲ့ပေသည်။ ထို့ကြောင့် သူနှင့်အလွန်ခင်မင်ရင်းနှီးသောသူကောင်းမျိုးနွယ်ဝင်မိတ်ဆွေအမျိုးသမီးကြီး တွန်ရှန်ဘာသာဗွန်စပ်နား၏ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များကို ကူညီဆောင်ရွက်ခဲ့ပေသည်။

၁၈၉၅ ခုနှစ်တွင် နိုဘယ်၏ကျန်းမာရေးအခြေအနေသည် တစတစ ဆုတ်ယုတ်လာခဲ့ပေသည်။ ရောဂါဝေဒနာဖိစီးမှုခံနေရစဉ် ၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက်နေ့တွင် သေတမ်းစာကို ရေးသားထားခဲ့ပေသည်။ ၁၈၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် ကြိုးစားအားယူကာသေတမ်းစာအားနောက်ဆုံးရေးသားခဲ့ပေသည်။ ထိုသေတမ်းစားရေးပြီး (၃)ရက်အကြာ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပေသည်။ ၎င်း၏ သေတမ်းစာတွင် သူချမ်းသာသမျှသော ပစ္စည်းဥစ္စာအားလုံးကိုထုခွဲရောင်းချမတည်၍ အာမခံဘွန်းစာချုပ်များချုပ်ဆိုကာ ရရှိသောအတိုးများကိုပေါင်း၍ ရန်ပုံငွေတည်ထောင်စေခဲ့သည်။ ထိုရန်ပုံငွေများမှ ရရှိသောအတိုးများကို ဆုငွေအဖြစ်သတ်မှတ်ကာ လူသားမျိုးနွယ်စုအားလုံးအတွက် အကျိုးအရှိဆုံးဆုအဖြစ် နှစ်စဉ်ချီးမြှင့်ပေးအပ်သွားရန်ဖြစ်သည်။ ရရှိသောအတိုးများကို(၅)ပုံအညီအမျှခွဲဝေလျက် (၃)ပုံကို ရူပဗေဒ၊ ဓါတုဗေဒ၊ ဆေးပညာရပ်နယ်ပယ်များတွင် လူသားများအကျိုးအတွက်တီထွင်တွေ့ရှိသူအား ချီးမြှင့်ရန်ဖြစ်ပေသည်။ ကျန်နှစ်ပုံအနက်မှ တပုံကို အနုပညာ၊စာပေနယ်ပယ်တွင်ထူးချွန်ပြောင်မြောက်စွာတွေးခေါ်ဖန်တီးနိုင်သည့် အနုပညာရှင်အားလည်းကောင်း၊ နောက်ဆုံးတပုံကို နိုင်ငံအချင်းချင်းကြား ချစ်ကြည်လေးစားမှု ရရှိအောင် ဆောင်ရွက်နိုင်မှု၊ ပြုနိုင်သည့် ပုဂ္ဂိုလ်တို့အား ဆုချီးမြှင့်သွားရန်ဖြစ်ပေသည်။ အတိုးမှရရှိသော ရန်ပုံငွေများအနက် အပုံလေးပုံကို ဆွီဒင်နိုင်ငံမှ တာဝန်ယူ၍လည်းကောင်း၊ တပုံကို ငြိမ်းချမ်းရေးအတတွက် ဆုချီးမြှင့်ရန် နော်ဝေနိုင်ငံ၊ စတော့တင်းပါလီမန်က လည်းကောင်း တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။ ဆုချီးမြှင့်ရန် ရွေးချယ်ရာတွင် ဆွီဒင်နှင့်နော်ဝေနိုင်ငံသားများသာမက ကမ္ဘာပေါ်ရှိမည်သည့် နိုင်ငံသားမဆို ခွဲခြားခြင်းမရှိစေဘဲ ဆုချီးမြှင့်ရန်ဟူ၍ ဖြစ်ပေသည်။ နော်ဝေပါလီမန်က ငြိမ်းချမ်းရေးနိုဘယ်ဆုကော်မတီကို ၁၈၉၇ ခုနှစ်တွင် ဖွဲ့စည်းစေခဲ့ပြီးဆုများကို ၁၉၀၁ ခုနှစ်မှစတင်၍ပေးအပ်ခဲ့ပေသည်။ စတင်ပေးသည့်အချိန်မှစ၍ ယနေ့အထိ ချီးမြှင့်ခံရသော လူပုဂ္ဂိုလ်ကြီးများနှင့် အဖွဲ့အစည်းများအားလုံးအား လေးစားစွာဂုဏ်ပြုအပ်ပါကြောင်း။

ကမ္ဘာချီ၍ ဂုဏ်သိက္ခာရှိသော နိုဘယ်ငြိမ်းချမ်းရေးဆုကြီးပေးအပ်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းခံခဲ့ရသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအကြောင်းကို မှတ်တမ်းတင်သည့်အနေဖြင့် အမှတ်တရစာအုပ်တအုပ်အား နော်ဝေနိုင်ငံငြိမ်းချမ်းရေးနိုဘယ်ဆုကော်မတီက မွန်မြတ်သောစေတနာ၊ ရည်ရွယ်ချက်၊ အဓိဋ္ဌာန်တို့ဖြင့် ထုတ်ဝေဖြန့်ချိခဲ့ပေသည်။ ယင်းစာအုပ်နိဒါန်းတွင် "ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် ၁၉၈၀ နှောင်းပိုင်းနှစ်များ၌ မြန်မာနိုင်ငံ၏ အနိဋ္ဌာရုံအခြေအနေများကြောင့် ငြိမ်းချမ်းသောနည်းဖြင့် တိုက်ပွဲဝင်နေသော ဒေါ်အောင်ဆန်းစုကြည်ကို ဤစာအုပ်ဖြင့် ရည်စူးဂုဏ်ပြုအပ်ပါသည်။ အခက်အခဲအတားအဆီးများကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိနေသည့်အကြားမှပင် သူမ၏အကြမ်းမဖက်သောလှုပ်ရှားမှုဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းသည်သူမ၏နိုင်ငံအတွက်ချီးကျူးဂုဏ်ပြုခံထိုက်သည့် အရည်အသွေးများပင်ဖြစ်ပေသည်" ဟု ဖော်ပြထားပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် အဖွဲ့၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သော ဒီမိုကရေစီခေါင်းဆောင်လည်းဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အား ၁၉၉၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို ချီးမြှင့်ခံရသည့်အတွက်အထူးဝမ်းမြောက် နှစ်ထောင်းအားရဖြစ်ကြရပေသည်။ ထိုနည်းတူအဖွဲ့ချုပ်နှင့်တကွ အဖွဲ့ချုပ်အဖွဲ့ဝင်များကဲ့သို့ပင် တိုင်းသူပြည်သားအားလုံးကလည်း ချီးကျူးဝမ်းမြောက်ဖြစ်ကြရမည် ဖြစ်ပေသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်မြို့**
၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်။
၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊

***



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

ဖိုးကြီး သတင်းစဉ် အမှတ် (၂၆)


## စားပွဲဝိုင်းဆီ မျှော်ကြည့်ခြင်း (၃)

သို့မဟုတ်

# မြန်မာ့နိုဘယ်လ်ဆုရှင်၏ ၁၀-နှစ်ပြည့်နိုင်ငံရေးခရီး

ဂျဲနည်

မြန်မာ့ဒီမိုကရေစီရေး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နိုဘဲလ်ငြိမ်းချမ်းရေးဆုရခဲ့တာ (၁၀)နှစ်ပြည့်မြောက်ပါပြီ။ ဒါပေမယ့် ဒီမိုကရေစီရေးအပြောင်းအလဲများဆီ ဦးတည်လှုပ်ရှားမှုအနည်းငယ်သာ မြန်မာနိုင်ငံမှာဖြစ်ခဲ့ပါတယ်။ ဒီအတွက်လည်းဒေါ်အောင်ဆန်းစုကြည်ဟာ စွဲစွဲမြဲမြဲတိုက်ပွဲဝင်နေခဲ့တာပါ။

စစ်တပ်ဟာတိုင်းပြည်ကို ခါးမိုးအုပ်ချုပ်နေဆဲဖြစ်ပါတယ်။ လွတ်လပ်စွာဟောပြောခွင့်မရှိ။ နိုင်ငံရဲ့စာနယ်ဇင်းလွတ်လပ်ခွင့်ကို စစ်တပ်က တင်းတင်းကြပ်ကြပ်ချုပ်ကိုင်ထားပါတယ်။ စီးပွားရေချိန့်မှုကလည်း ပြိုကျပျက်စီးမှုချောက်နှုတ်ခမ်းပေါ်ရောက်နေပါပြီ။

ဒါပေမယ့်ကြီးကျယ်တဲ့ ပြောင်းလဲမှုတွေတော့ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့(၁၀)နှစ်ကာလတုန်းက ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ် ဘဝဖြစ်ပြီး ခင်ပွန်းသည်မိုက်ကယ်အဲရစ်နဲ့ ရင်သွေးတွေအပါအဝင်ဘယ်သူနဲ့မှ တွေ့ခွင့်မရှိခဲ့ပါဘူး။ ဒါတော့ပြောင်းလဲသွားပါတယ်။

ပထမပိုင်းမှာတော့ခင်ပွန်းသည်နဲ့ရင်သွေးတွေတခါတရံ လည်ပတ်ခွင့်ကို ဒေါ်အောင်ဆန်းစုကြည် ရခဲ့ပါတယ်။ နောက် ၁၉၉၅ခုနှစ်၊ ဇူလိုင်(၁၀)ရက်နေ့မှာ ခြောက်နှစ်နီးပါကြာ အကျယ်ချုပ်ထားမှုက ပြန်လွှတ်ခဲ့ပါတယ်။ အခုလက်ရှိကာလမှာလည်း ရန်ကုန်မြို့ပြင်ကိုခရီးထွက်ဖို့ကြိုးစားပြီးနောက် ယမန်နှစ်စက်တင်ဘာလ (၂၂)ရက်ကစပြီး နေအိမ်အကျယ်ချုပ်သဘော ပြန်နေ နေရပါတယ်။ ဒါပေမယ့်ယခင်တခါနဲ့ ကွာချက်က ယခုတကြိမ်မှာ သားများအပါအဝင် ဧည့်သည်များနဲ့မကြာခဏတွေ့ခွင့် ဒေါ်အောင်ဆန်းစုကြည်ကို ပေးထားတာပါ။

ဒီအတောအတွင်းဒေါ်အောင်ဆန်းစုကြည်ဟာ ပုဂ္ဂလိကအရေးမှာ ဝမ်းနည်းကြေကွဲစရာများခံစားခဲ့ရပါတယ်။ ၁၉၉၉ ခုနှစ်၊ မတ်လထဲ ခင်ပွန်းသည်မိုက်ကယ်အဲရစ်ဆီးအိမ်ဝကင်ဆာနဲ့ သေဆုံးသွားခဲ့ပါတယ်။ မကွယ်လွန်မီနှစ်ဦးအကြား သုံးနှစ်မတွေ့ဆုံဖြစ်သွားခဲ့ပါဘူး။

အတိတ်က(၁၀)နှစ်မှာ မြန်မာစစ်တပ်အနေနဲ့နယ်စပ်တကြောကို ထိန်းချုပ်ထားတဲ့ လူမျိုးစုသူပုန်တွေကို ပြင်းထန်တဲ့စစ်ပွဲတွေ ဆင်နွှဲနေခဲ့ပါတယ်။ အခုတော့ကရင်အမျိုးသားသမဂ္ဂအပါအဝင် အဖွဲ့အနည်းငယ်မှအပ ကျန်အတော်များများဟာ ရန်ကုန်စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးထားကြပါတယ်။ နယ်စပ်ဒေသကို ထိထိရောက်ရောက်ထိန်းချုပ်နိုင်မှုလည်း မြန်မာစစ်တပ်က ရထားပြီးပါပြီ။

မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံမှအပ မဟာမိတ်မရှိဘဲ(၁၀)နှစ်ကြာ အပြည်ပြည်ဆိုင်ရာမှ စွန့်ပယ်ခြင်းကိုလည်း မျက်နှာချင်းဆိုင် ကြုံတွေ့နေခဲ့ရပါတယ်။ စစ်လက်နက်ပစ္စည်း၊ သင်တန်း၊ ကုန်သွယ်ရေးတို့အတွက် မြန်မာပြည်ဟာတစထက်တစ တရုတ်နိုင်ငံကို မှီခိုလာခဲ့ရပါတယ်။

ဘီဂျင်းနဲ့ရန်ကုန်တို့အကြား နီးစပ်လာတဲ့ ဒီ ဆက်ဆံရေးက ကျန်အာရှနိုင်ငံတွေကို လှုပ်နိုးလိုက်ပါတယ်။ ဒါကြောင့်ဒေသအတွင်း နိုင်ငံတွေဟာ အပြုသဘောဆက်ဆံရေးပေါ်လစီကိုစွမ်းအင်မြှင့် လုပ်ဆောင်ခဲ့ကြပါတယ်။ မြန်မာပြည်ဟာ ၁၉၉၇ ခုနှစ်မှာ အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN) ဝင်ခွင့်ရခဲ့ပြီး အိန္ဒိယနိုင်ငံနဲ့လည်း ဆက်ဆံရေးတွေတိုးတက်ခဲ့ပါတယ်။ ကျန်တဲ့နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မဝေးတဲ့အနာဂတ်မှာ နိုင်ငံရေးပြောင်းလဲမှုတွေ အခိုင်အမာပေါ်ထွက်လာရင် ထောက်ပံ့မှုတွေပေးခြင်းဖြင့် နိုင်ငံတကာရဲ့ ဝိုင်းကျဉ်ထားမှုလျှော့ချပေးဖို့လေးလေးနက်နက် စဉ်းစားနေကြပါပြီ။

ဒါပေမယ့်နိုင်ငံရေးမျက်နှာစာမှာပြောင်းလဲမှုအနည်းငယ်မျှသာရှိပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးနိုဘဲလ်ဆုရတဲ့ လွန်ခဲ့တဲ့(၁၀)နှစ်က တက္ကသိုလ်ကျောင်းသားတွေဟာ အတိုင်းအတာအရ သေးငယ်တဲ့ဆန္ဒပြပွဲများနဲ့ ဒီမိုကရေစီရေး ထောက်ခံဆန္ဒပြကြပါတယ်။ အာဏာပိုင်များကကျောင်းဝင်းအတွင်းဝင်ရောက်ရှင်းလင်းခြင်းဖြင့် ပြန်လည်တုံ့ပြန်ခဲ့ပြီး ကျောင်းသားတွေကို အိမ်ပြန်ပို့ခဲ့ကြပါတယ်။

တက္ကသိုလ်ကျောင်းတွေမကြာခဏ ဆိုသလိုပိတ်ပါတယ်။ စစ်အစိုးရက ပြီးခဲ့တဲ့နှစ်အတွင်းတက္ကသိုလ်နဲ့ကောလိပ်ကျောင်းများနိုင်ငံတဝှမ်းပြန်ဖွင့်ခဲ့ပြီလို့ပြောပေမယ့် တကယ်တမ်းမှာတော့ ကျောင်းသားတွေတနေ့နေ့လမ်းပေါ်ပြန်ထွက် ဆန္ဒပြလာမှာစိုးရိမ်တဲ့အတွက် တစိတ်တပိုင်းသာပြန်ဖွင့်ပေးခဲ့တာပါ။

ဒါပေမယ့် နိုင်ငံရေးလှုပ်ရှားမှုက ဆက်ဖြစ်နေခဲ့ပါတယ်။ ခြောက်နှစ်အကျယ်ချုပ်က လွှတ်လာပြီးတဲ့နောက်ပိုင်းလည်း ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်တပ်အတွက်ဆူးတချောင်း ဖြစ်နေခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ခုနှစ်၊ မေလမှာပြုလုပ်ခဲ့တဲ့ တမျိုးသားလုံးဆိုင်ရာရွေးကောက်ပွဲကြီးမှာ ရှင်းရှင်းလင်းလင်းအနိုင်ရခဲ့တဲ့ပါတီဖြစ်တယ် ဆိုတာစစ်ဗိုလ်ချုပ်တွေကိုဒေါ်အောင်ဆန်းစုကြည် အနေနဲ့သတိအမြဲပေးနေခဲ့တာပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ စစ်အုပ်စုကိုအရပ်သားအုပ်ချုပ်ရေးအဖွဲ့ တခုဆီအာဏာလွှဲပြောင်းပေးဖို့ ဆက်လက်တောင်းဆိုနေခဲ့ပါတယ်။

စစ်အစိုးရပိုင် စာနယ်ဇင်းများက ဒေါ်အောင်ဆန်းစုကြည်ကို အမနာပ ပြောပါတော့တယ်။ ရန်ကုန်အပြင်ထွက်ပြီး နယ်မြေခံပါတီဝင်များနဲ့ တွေ့ဆုံဖို့ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လနဲ့ဇူလိုင်လမှာတကြိမ်၊ နောက်တကြိမ် ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်နဲ့စက်တင်ဘာလများမှာကြိုးစားခဲ့အပြီး ဒေါ်အောင်ဆန်းစုကြည်ကို အင်အားသုံးတားမြစ်ထိန်းသိမ်းခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် တိုက်ပွဲဝင်နေမှုကို ဘယ်တော့မှလက်မလျှော့ဘူးဆိုတာ စစ်ဗိုလ်ချုပ်ကြီးတွေကို သံသယမဝင်စေခဲ့ပါဘူး။ စစ်တပ်နှင့်ဒေါ်အောင်ဆန်းစုကြည်တို့အကြား ထိပ်တိုက်ရင်ဆိုင်တွေ့နေခြင်းကြောင့် အိမ်နီးနားချင်း မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ ဖိအားပေးမှုကြီးထွားလာခြင်း စီးပွားရေး ကြပ်တည်းမှုမြင့်မားလာခြင်းတို့ကြောင့် မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေဟာ အတိုက်အခံခေါင်းဆောင်နဲ့ ကိုက်ညှိဖို့လမ်းတလမ်းရှာကြံချင်လာကြပါတယ်။

တနှစ်ကျော်ကြာလာပြီးတဲ့ အခုအချိန်မှာတော့စစ်အုပ်စုနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား"တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်တခု" လို့ အခေါ်ခံလာရတဲ့ အခြေအနေတခုကိုညှိနှိုင်းစေ့စပ်ခဲ့ကြပါတယ်။ "အခုဟာက ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်တခုဖြစ်ပြီး တကယ်စကားပြောဆိုဖို့အတွက် အကြိုပမာဏတခုပါ" လို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူဦးလွင်ကဘန်ကောက်ပိုစ့် ကိုပြောပါတယ်။

ဒါဟာမြန်မာ့အရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်တော် မလေးရှားသံတမန်ရာဇာလီအစ္စမေးလ်ရဲ့ ကြားဝင်ဖြန်ဖြေမှုလုပ်ငန်းတခုလည်းဖြစ်ပါတယ်။ မစ္စတာရာဇာလီဟာ ပြီးခဲ့တဲ့(၁၈)လအတွင်း ရန်ကုန်ကိုခြောက်ကြိမ် သွားရောက်ခဲ့ပြီး နှစ်ဖက်အပြန်အလှန် တွေ့ဆုံစကားပြောဆိုကြဖို့နှစ်ဖက်စလုံးကို တိုက်တွန်းအားပေးခဲ့ပါတယ်။

စစ်ထောက်လှမ်းရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ပြီးခဲ့တဲ့ (၁၂)လအတွင်း နှစ်ကြိမ်တွေ့ဆုံခဲ့ပေမယ့် နှစ်ဖက်မျက်နှာချင်းဆိုင်တိုင်ပင်ဆွေးနွေးမှုတွေမရှိသေးပါဘူး။ ဒါပေမယ့် အခိုင်အမာ တိုးတက်ဖြစ်ထွန်းမှုတွေတော့ရှိပါတယ်။

နိုင်ငံရေးကျဉ်းသား (၂၀၀)ကျော် လွတ်မြောက်လာခြင်း၊ အဖွဲ့ချုပ်ရုံးခန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရခြင်း၊ အဖွဲ့ချုပ်ဝင်တွေ ရန်ကုန်နဲ့နယ်မြေခံရုံးများအကြား အရင်ကထက်ပိုမိုလွတ်လပ်စွာ ခရီးသွားခွင့်ရခြင်းများ ရှိလာခဲ့ပါတယ်။ သံတမန်တဦးကတော့ အခုလိုပြောပါတယ်။

"ဒါတွေဟာအတိုင်းအတာအရ သေးငယ်ကောင်းသေးငယ်မယ်။ ဒါပေမယ့် ဒါတွေဟာ စစ်ဗိုလ်ချုပ်တွေအနေနဲ့ဒေါ်အောင်ဆန်းစုကြည်ကို အလျှော့ပေးလက်ခံဖို့ ပြင်ဆင်နေတာကို ဖေါ်ပြနေတာပဲ"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ဟာ စစ်ဗိုလ်ချုပ်ကြီးများရဲ့အမြင်ပြောင်းလဲလာစေမှုအပေါ် အထောက်အပံ့ဖြစ်ခဲ့ပေမယ့် သူမကိုထောက်ခံသူ အားလုံးကြားအမြဲတမ်းစုံမက်နှစ်သက်မှုကိုတော့မရနိုင်ခဲ့ပါဘူး။

လွန်ခဲ့တဲ့ ခြောက်လတုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှုစတိုင်ဟာ သက်ဦးဆံပိုင် သိပ်ဆန်လွန်းပြီး စစ်တပ်နဲ့စောစောစီးစီးပြေလည်ဖို့ ပိုလုပ်သင့်တယ်လို့ အဖွဲ့ချုပ်အဖွဲ့ဝင်တချို့ခံစားချက်ဖြစ်ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က စွဲချက်အားလုံးကိုပယ်ချလိုက်ပြီး စစ်အစိုးရဟာ ပါတီအပေါ်မှာစစ်ကြေညာထားကြောင်း၊ ဒါကြောင့် ပါတီရှင်သန်ရပ်တည်ရေး ဗဟိုဦးဆောင်မှုဟာ တခါတရံလိုအပ်ကြောင်းပြောပါတယ်။

နောက်ဆုံးစာမျက်နှာပေါ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိပြီး မြန်မာနိုင်ငံဟာအပြောင်းအလဲများစွာမရှိသေးဘဲ စစ်မှန်တဲ့ဒီမိုကရေစီအဆောက်အအုံများ ပိုင်ဆိုင်လာဖို့မနီးစပ်သေးပါဘူး။ ဒါပေမယ့် သံတမန်များနဲ့ မြန်မာနိုင်ငံကို မကြာခဏအလည်သွားသူများက အခြေအနေအစစ်အမှန်များဟာ အရည်အတွက်ထက်စာရင် အရည်အချင်းဆိုင်ရာအပြောင်းအလဲတွေ ဖြစ်ခဲ့တယ်လို့ ဆိုကြပါတယ်။

ဆယ်နှစ်အတွင်း မြန်မာ့နိုင်ငံရေးပြောင်းလဲမှု အလားအလာ လုံးဝမရှိခဲ့ပါဘူး။ အခုတော့ အနည်းဆုံးမျှော်လင့်ချက်ရောင်ခြည် သန်းခဲ့လေပြီလား။ ။

**(မူရင်း-၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့ထုတ် ဘန်ကောက်ပို့သတင်းစာပါ ဘီဘီစီအာရှ-ပစိဖိတ်အယ်ဒီတာLarry Jagan ၏** Suu Kyi continues her struggle For democracy **ဆောင်းပါး)**




(၁)

၆၀ ဖေဖေါ်ဝါရီ ၂၂ ရဲ့
သချိုင်းမြေမှာ
မီးခိုးဖြူတွေ လွှင့်ပါး
တစတစ မှုံဝါး
အမေ ... ထွက်ခွာသွားပြီ။

(၂)

(၅၂)နှစ်
အချစ်နဲ့ ဒေါသတရား
တဝမ်းတခါးနဲ့ မာန
လမ်းဘေးဈေးသည်မရဲ့ ဈာပန
ဘယ်သူ မျက်ရည်ကျရဲပါသလဲ။

ပေးဝေရင်းနှီး
သမီး(၃)၊ သား(၃)
လူတလုံး
သူတလုံး ...
(အမေ) အတွေးမှ ဆုံးသွားရဲ့လား။

မနုသတ္တဒုလ္လဘာ
ရခဲလှတဲ့ လူ့ဘဝ ... တဲ့
ဗုဒ္ဓဒေသနာ
ဝါဝင်၊ ဝါထွက် ... အိပ်မက်
အမေ တပ်မက်ရဲပါ့ဦးမလား။

လူသားတယောက်ရဲ့ ဘဝခရီး
ပြီးစလွယ်နိုင်လွန်းစွာ
သံသရာ တောမီး
ထီးမပါ၊ ဖိနပ်မပါ
ညောင်ပင်ကြီးလည်း မပါ
ညောင်စေ့လည်း မပါ
(အားနာနာနဲ့ ဆုတောင်း)
အမေလည်း ...
ကောင်းရာသုဂတိလားပါစေ။

(၃)

အမေ့ ဈာပန
(သံတိုင်ကြားက၊ ၅(ည)သား)
အတွေးများနဲ့သာ၊ ပို့သလိုက်ရ
တဘဝစာ
ဒဏ်ရာရခဲ့သူ။ ။

**ကိုထက်မိုး**
ကျောင်းသားတပ်မတော်
အမှတ်(၈)တပ်ရင်း